www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျ
သူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံမျ
ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆော

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထော
အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေ
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေ
တိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း
ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး
များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြ
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေအဉ္ဇလိ

# တစ်ရေးချစ်ခွင့်

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၇၊ စကားဝါလမ်း၊ အုတ်ကျင်းမြို့နယ်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၂ ခုနှစ်၊ ဇက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

ရွှေအဥလိ
တစ်ရေးချစ်ခွင့်/ရွှေအဥလိ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၂
၂၆၄- စာ ၊ ၁၂×၁၈ စင်တီ။
(၁) တစ်ရေးချစ်ခွင့်

## အခန်း (၁)

"မမိုက်ပါဘူး"

"အေးလေ...လူစုံရင် တံခါးပိတ်ထားမှာဆိုတော့ တစ်နေ့လုံး ဒီတိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာပဲ နေရတော့မှာ လား"

"ဆရာ မလာခင်တော့ တစ်ချိန်နဲ့တစ်ချိန်အကြား အောက်လေးဆင်း၊ မုန့်လေးဘာလေး စားဦးမှာပေါ့"

ပန်းယွန်းက လေကားထစ်တွေ ဆင်းနေရာမှ ဖျတ်ခနဲ ရပ်လိုက်၏။

"ငါတော့ ဒီကျူရှင်ကိုဖယ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သဘောတူပါတယ်"

မိမျိုးနှင့် ပပက ထအော်သည်။

"နင့်အသွားတက်နိုင်းတဲ့ ဝိုင်းမှာပဲ စာရင်းပေးရင်ရော ပန်းယွန်း"

"တော်ပါဟာ၊ အသွားမျက်နှာနဲ့ ငါတို့ကို ကျပ်ဈေး လုပ်မှာ"

"ကျပ်ဈေးကတော့ ဒီကျူရှင်ကလည်း လုပ်တာပဲ"

"ငါတို့ အဲဒီလိုကျပ်တာမခံချင်လို့များ နှစ်နှစ်ဆက် တိုက် ကျနေလား မသိဘူးနော်"

"ဟာ...ဟာ..ပပ၊ နင် နောင်တရနေတာလား၊ ငါ မကြိုးစားခဲ့ရလေခြင်းဆိုပြီး"

ပန်းယွန်းက ပခုံးချင်း ပစ်တိုက်ပြီးပြောတော့ လှေကား ကျဉ်းကျဉ်းလေးထဲ တွန်းတဲ့သူ ယိုင်တဲ့သူနှင့် သုံးယောက်သား ဗလုံးဗထွေး။ တက်လာသူမရှိသဖြင့် ဆင်းတဲ့ ပန်းယွန်းတို့ သုံးယောက်ပဲ လှေကားကို မောင်ပိုင်ရထားသလိုဖြစ်ကာ ခြေသံတွေ လည်းဆူ၊ စကားသံတွေလည်း ကျယ်ကျယ်လောင်လောင်နှင့်





ခွင်တိုင်း ကဲနေကြတာမျိုး။ ပပကတော့ ယိုင်သွားသောကိုယ်ကို လှေကားလက်ရန်းနှင့် မှီထိန်းရပ်သည်။

"နောင်တတော့မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ငါတို့နဲ့ ရွယ်တူတွေက တက္ကသိုလ်ရောက်သွားပြီ၊ ငါတို့ကျတော့"

"ခေါက်ထားစမ်းပါ ပပရာ၊ ဆယ်တန်းဆိုတာ အထက်တန်းအဆင့်ရဲ့ နောက်ဆုံးခံစားခွင့်"

"ဟွန်း...သူပြောမှ ငါတို့သိရှာတယ်"

မိမျိုးက မျက်နှာကိုမဲ့ကာ စကားနှင့်ဝင်ပင့်ပေမယ့် ပန်းယွန်းက ဂရုမစိုက်။

"ဒီခံစားခွင့်ကို ကျေညက်အောင်ခံစားပြီးမှ တက္ကသိုလ် သွားမှာပေါ့၊ အနည်းဆုံးတော့ တက္ကသိုလ်မှာ တရားဝင်ကဲခွင့် က လေးနှစ်ရှိပြီးသား၊ ဆယ်တန်းကျတော့ တစ်နှစ်တည်း"

"သြော်...ဒါဆို နင်က လေးနှစ်ပြည့်အောင် ကဲမယ် ပေါ့"

လှေကားရဲ့တစ်ဆစ်ချိုးကို ရောက်လာသည့်အချိန်မှာ ပပ အမေးကို ပန်းယွန်း ပြန်မဖြေအားတော့။ အကြည့်က လှေကားအဆုံး



www.burmeseclassic.com

www.burmeseclassic.com



၌ နံရံကပ်ရပ်နေသောသူထံ ရောက်သွားပြီး သံလိုက်စက်ကွင်းမှာ မျက်လုံးကို ဆွဲညို့ခံနေရသည်။

"လှလိုက်တာ"

ထိန်းသိမ်းမရသည့် ခံစားချက်က နှုတ်ခမ်းများက ခုန်ပေါက်ထွက်သွားတော့ ပပနှင့် မိမျိုးက မျက်လုံးပြူးသွားသည်။ ထိုပြူးသွားသော မျက်လုံးအစုံဖြင့် ပန်းယွန်းအကြည့် ရောက်ရာ နေရာဆီ လှမ်းကြည့်ကြသည်။

"ဟင်...ဘာမှလည်းမထူးခြားဘဲနဲ့"

ပပက ဦးအောင်ရှုတ်သည်။ လှေကားခြေရင်း၌ ကောင်လေးနှစ်ယောက် ရပ်စကားပြောနေတာ ထူးခြားသော မြင်ကွင်းမဟုတ်သည့်အထဲ ပန်းယွန်း ကြည့်နေသော ကောင်လေးက ပိုဆိုးသည်။ တီရှပ်အဖြူက ခပ်နွမ်းနွမ်းကို ဂျင်းဘောင်းဘီအပြာ ဖျော့က လျှော်ဖန်များနေသဖြင့် ဖြူသလို ပြာသလိုနှင့်။ မိုးတွင်းစီး ခြေညှပ်ဖိနပ်တစ်ရန် စီးထားပြီး ကချင်လွယ်အိတ်ကြီးကို ထုံးပြီး လွယ်ထားသော ဒီဇိုင်းက အသက်ရှူများစရာမဟုတ်သော အပြင် အဆင်ထဲကဖြစ်သည်။





"ဝမ်းပါတယ်ဟာ၊ ဘာတွေလုပ်နေတာလဲ၊ နင့်ဘေးနား မှာ သူ့ထက်လန်းတာတွေတစ်ပုံကြီး၊ ဒီတစ်ယောက်ဖြတ်ပြီးတဲ့ သတင်းရတာနဲ့ နောက်တစ်ယောက် ပြေးဒူးထောက်မယ့် အနေ အထားကို"

"ဟင့်အင်း...ငါပြောတာ သူ့မျက်တောင်တွေ"

"ဘာ"

နှစ်ယောက်စလုံး အူလည်လည်နှင့် ပန်းယွန်းမျက်နှာက တစ်ဆင့် ဟိုလူ့မျက်နှာဆီ ရောက်သွားပေမယ့် သူမတို့ ကြည့်မှာ မျက်တောင်ပဲဆိုတာ ပန်းယွန်း အတပ်သိသည်။ ခပ်စင်းစင်းစိုက်ချ ထားသော မျက်ဝန်းတွေကြောင့် မျက်တောင်တွေက အပေါ်စီးမှ ကြည့်ခွင့်ရသောကြောင့် မျက်တောင်ရှည်တာရော၊ ကော့ပျံမနေဘဲ စင်း၍ထူထဲပြီး နက်မှောင်နေတာရောကို ပန်းယွန်းက အထင်အရှား တွေ့နေရသည်။ ထိုမျက်တောင်တွေနှင့် ဝန်းရံထားသော မျက်ဝန်း တို့၏ အကြည့်တစ်ချက်က ဘယ်လိုရှိမည်နည်း။ ထိုအတွေးက ပန်းယွန်း နှလုံးသားကို ပြင်းပြင်းလေး ရိုက်ပုတ်သွားသည်။

"ဟဲ့...Repeater အုပ်စု"

www.burmeseclassic.com



"ဟယ်…မင်းခေါင်"

မိန်းမိုးက ထအော်ကာ နှုတ်ဆက်သူက ထိုလူနှင့် မျက်နှာချင်းဆိုင်ရပ်၍ စကားပြောနေသူ၊ ပန်းယွန်း ညွှန်းသော မျက်တောင်ကြောင့် သူမတို့တစ်တွေမှာ သူငယ်ချင်းအရင်းကြီးတောင် မမှတ်မိတဲ့အဖြစ်။

"ဒီနှစ်ရော ရိုးရာမပျက်ပဲလား"

"အောင်မာ…ဆယ်တန်းကို ဆယ်နှစ်ဖြေမယ် သန္နိဋ္ဌာန်ချထားတဲ့သူက"

ပပက မခံ။ ချက်ချင်းပြန်ပက်သည်။ ထိုအခိုက်မှာပဲ မင်းခေါင် နှုတ်ဆက်သံကြောင့် မျက်လွှာပင့်ပြီး ပန်းယွန်းတို့ထံ အကြည့်ရောက်လာသော မျက်တောင်နက်နက်တွေ ဝန်းရံထားသည့် ထိုမျက်ဝန်းတစ်စုံကြောင့် ရှုးလောက်သောအကြည့်က ပန်းယွန်းအတွက် ကဗျာမမီ၊ စာဖွဲ့၍မပီပြင်ခဲ့။

◆ ◆ ◆



## အခန်း (၂)

"မှန်တိုင်း"

"နာမည်ကြီးကလည်းဟယ်"

"နာဂစ်ဆို ဟုတ်တုတ်တုတ်"

"နာဂစ်က ဒိတ်အောက်နေပြီ၊ ဂီရိပဲထား"

"တော်စမ်းပါဟယ်"

ငြင်းခုန်နေသော ထိုနှစ်ယောက်အား ပန်းယွန်းက လှည့်ယောက်သည်။ ထို့နောက် မင်းခေါင်အား ရှေ့တည့်တည့်မှာထိုင်၍ စေ့စေ့ကြည့်ကာ စစ်ကြောရေးစတင်သည်။

"သူက ငါတို့နဲ့ဘဝတူပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဟ၊ အောင်ထားတာ နှစ်နှစ်ရှိပြီ၊ တူးဒီ တောင်ပါတယ်၊ သချ်ာနဲ့အင်္ဂလိပ်"

"တကယ်"

ပန်းယွန်း ရင်ဘတ်ဖိ၍မေးတာကို မင်းခေါင်က ခေါင်းညိတ်ကာ အတည်ပြုသည်။

"အထင်ကြီးစရာ ဒီတစ်ကွက်လေးရှိပေလို့"

မိမျိုးက ပင့်မှန်းမသိ၊ ရိုက်ချမှန်းမသိသော ထိုစကားကို မဲ့တဲ့တဲ့နှင့်ရွှတ်သည်။

"မထင်ရဘူး၊ ဂုဏ်ထူးရှင်ရုပ်မဲပေါက်တာ ကျိန်းသေ တယ်"

ပပက ပေါ်တင်ကြီးဝင်ဖွဲ့သည်။ ပန်းယွန်းက ဒီတစ်ကြိမ် တော့ ထိုနှစ်ယောက်စကားကို နားမထောင်အား။ ပြန်မချေပအားဘဲ မင်းခေါင်ကိုပဲ မေးခွန်းထုတ်ရန် အားသန်နေ၏။

"ဒါဖြင့် သူက ဒီမှာ ဘာလာလုပ်တာလဲ"

"အောင်မြင်ခြင်းကျူရှင်မှာ သူက အလုပ်လုပ်တာလေ"

"ဘာအလုပ်လဲ"





"သူက ဝိုင်းသမားတွေအတွက် သီးသန့်ဝိုက်(ဒ်)ဟ၊ ပြီးတော့ သူက တေးရေးဆရာ"

"ဒီ..အောင်မြင်ခြင်းကျူရှင်မှာ"

"အေးပါဆို"

"ဒါဆို သွားမယ်"

ပန်းယွန်းက ကျောပိုးအိတ်ကို ပခုံးမှာချိတ်ပြီး ထရပ်သည်။

"ဟဲ့...ဟဲ့...ဒါ ဘယ်လိုလဲ"

မိမျိုးနှင့် ပပက အသည်းအသန်လိုက်ရပ်ရင်း မေးသည်။ ပန်းယွန်းရဲ့ ခြေထောက်တွေက သခင့်အလိုကျအတိုင်း လှစ်လှစ်ပါ သွားတာ အောင်မြင်ခြင်းဆိုသော ပယ်ခဲ့သည့် ကျူရှင်ဆီ။ နောက်မှ အမီပြေးလိုက်လာသော နှစ်ယောက်၏ ခြေသံတွေနှင့်အတူ မကြား တကြားရေရွတ်သော မှတ်ချက်ကြောင့် ပန်းယွန်း တိတ်တိတ်ကျိတ် ပြုံး၏။

"ပန်းယွန်းလွှာတို့များ ခုတစ်မျိုး တော်ကြာတစ်မျိုး"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဩော်...ခုနက လာစုံစမ်းတဲ့သုံးယောက်"

"အင်း...ဟုတ်တယ်၊ အခု ကျူရှင်အပ်ဖို့ ပြန်လာတာ"

"ရတယ်လေ၊ ဒီမှာ ဖောင်လေးတွေဖြည့်ပေး၊ အချိန် တွေက..."

"ဝိုင်း..အချိန်နဲ့ပဲပြော အစ်မ"

ပန်းယွန်းက ကျူရှင်စာရေးအစ်မကြီးကို လိုချင်တာ ပြောရင်း အကြည့်ဖျက်ခနဲဝေ့မိတာက သူ့ကိုတွေ့မလားရယ်ပါ။ ရယ်ချင်စရာတော့ အကောင်းသား။ လိုတာရတဲ့ဘဝ၊ ကိုယ်လက်ပြီး ညွှန်ရာမှာ ရွှေပင်ငွေပင်တွေ ပေါက်ပေးပါဆိုရင်တောင် ဖန်တီးပေး



www.burmeseclassic.com

www.burmeseclassic.com



မည့်သူရှိသည့် ပန်းယွန်းလွှာက မျက်တောင်တစ်ခတ်၊ မျက်လွှာတစ်ပင့်မှာ ရှုံးသွပ်သွားရသည့်အဖြစ်က နောင်ရာဇဝင်မှာစာတင်ပြီး ဒဏ္ဍာရီအဖြစ် ကျန်ရစ်လေမလားမသိ။

"ဝိုင်းအချိန်က မန်းဒေးကနေ ဖရိုက်ဒေးအထိ၊ ညနေ ငါးနာရီက ရှစ်နာရီခွဲ"

"ဟင်…ညဘက်ကြီးလား"

"ပန်းယွန်း ညဘက်ဆို နင့်အသွားက လွှတ်မယ်မထင်ဘူးနော်၊ နင် ကားမောင်းတာ စိတ်ချမယ်မထင်ဘူး"

နောက်ကနှစ်ယောက်က လက်တို့ပြီးပြောတော့ စာရေးမက ပန်းယွန်းလွှာကိုတစ်လှည့် ပပတို့ကိုတစ်လှည့်ကြည့်သည်။

"စနေ တနင်္ဂနွေတော့ တစ်နေ့ကုန်ရှိတယ်လေ၊ သူက မနက်ခုနစ်နာရီက ငါးနာရီအထိ"

"နှစ်ရက်တည်း"

"ဒါပေမဲ့ တစ်ပတ်လုံးအချိန်နဲ့ ညီမျှအောင် စီစဉ်ပေးထားတာပါ ညီမရဲ့"

စာသင်ချိန်ကိုပြောတယ်ထင်ပြီး ကျူရှင်စာရေးက အမြန်





ဖြေရှင်းသည်။ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ပန်းယွန်းက ကုပ်ထောက်ရုံထားသည့် ဆံပင်အုပ်အုပ်ဖွာဖွာကို ဝဲခနဲခါသည်။

"ရတယ်၊ တနင်္လာက သောကြာအထိပဲယူမယ်"

"ဟဲ့"

မိမျိုးက ဝင်ဟန့်တော့ ပန်းယွန်းလွှာက နောက်လှည့်ကြည့်သည်။

"ရပါတယ်ဆို၊ အသွားကို ငါပြောမယ်"

အာမခံလိုက်သေးသည်။ ပြီးမှ ကျူရှင်စာရေးဘက်ပြန်လှည့်သည်။

"အစ်မ…ဝိုင်းဆိုတော့ ဝိုက်(ဒ်)ထားပေးတယ်မဟုတ်လား"

"အင်း…ရှိတယ်၊ ထားပေးတယ် ညီမ၊ ဝိုက်(ဒ်)က နှစ်ယောက်၊ ဆရာတွေ ရှေ့မှာသင်ပေးပြီးတာနဲ့ တစ်ခါတည်းစာကူကျက်ပေးတာ၊ ကျောင်းမှာတင် စာတစ်ခါတည်းရသွားအောင်လေ၊ အဲဒါ အစ်မတို့ကျောင်းရဲ့ ထူးခြားချက်ပဲ"

ဘာဘာညာညာနှင့် အရေးထဲ ကြော်ငြာဝင်နေသော



www.burmeseclassic.com

www.burmeseclassic.com



ထိုစာရေးကြောင့်

"ပန်းယွန်းက မုန့်တိုင်းဆိုတဲ့ ဝိုက်(ဒ်)နဲ့သင်ချင်တာ"

မုန့်တိုင်းဆိုသည့်အမည်နှင့် အသံကြောင့် နောက်မှာ ရောက်နေသော မုန့်တိုင်းက ခြေလှမ်းတုံ့သွား၏။ လက်ထဲတွင် ကိုင်ထားသော ကော်ဖီခွက်ကိုင်းကို တင်းခနဲဆုပ်ကိုင်ရင်း ထိုအုပ်စု ကို နောက်ကနေ စိမ်ပြေနပြေစောင့်ကြည့်နေခဲ့တာ သူတို့ ဘာတောင် ဆိုမလဲ သူသိချင်၍ပါ။ ဒီသုံးယောက်က တစ်ခဏချင်း တွေ့ရှိမှာ ပဲ နောက်တစ်ကြိမ်ပြန်တွေ့လျှင် မှတ်မိလွယ်ကူစေရန် သိသာ ထင်ရှားသော အပြင်အဆင်များနှင့်။ ဝတ်ထားသမျှအရောင်တွေမှာ လည်း တကယ့်ထင်ထင်ရှားရှား၊ တောက်တောက်ပပ။ ထိုထဲမှာ ကုပ်ဝဲဆံပင်နှင့်ကောင်မလေးက အဆိုးဆုံး။ ရှပ်အင်္ကျီအဖြူ ကော်လံအပြားကြီးနှင့်၊ လက်ရှည်ကို တံတောင်ဆစ်နားအထိ ခေါက်တင်ထားသည့် ဘော်ဒီဖစ်(ထ်)ကို ခြေသလုံးတဝက်ခန့်အရှည် ရှိသော ဘောင်းဘီပွပွက ခရမ်းရောင်။ ခါးမှာ ခါးပတ်မဟုတ်ဘဲ ခရမ်းပေါ် အနက်အဖြူရောသော အပွင့်ကြီးတွေပါသည့် ပဝါတစ် ကို တိုးလို့တွဲလောင်း ချည်ထားကာ ဖိနပ်က ဟတ်(ဖ်)ရှူး ခရမ်း





ရောင်နှင့်မို့ တကယ့်ဗရုတ်သုတ်ခကိုမှ လွယ်ထားသော ကျောပိုး အိတ်က လိမ္မော်တောက်တောက်။

"မုန့်တိုင်းက ဘော်ဒါတက်တဲ့ဝိုင်းတွေကို ဝိုက်(ဒ်) လုပ်တာ ညီမရဲ့"

"ဘော်ဒါ"

"အင်း...ဟုတ်တယ်၊ Camp သွင်းထားတဲ့သူတွေ ပေါ့၊ သူတို့က ကျောင်းအိပ်ကျောင်းစားဆိုတော့ အနီးကပ် ကြီးကြပ် ပေးရတာမျိုး"

"ဟဲ့...ရန်ကုန်တစ်မြို့တည်းနေပြီး ဘော်ဒါတက်ဖို့တော့ နင့်အသွား သဘောမတူလောက်ဘူးနော်"

"ဘော်ဒါဆိုရင်တော့ ပြင်ဦးလွင်ပဲသွားမယ်ဟေ့၊ ဟိုမှာ ရာသီဥတုကအေးအေးနဲ့ ကွေးလိုက်ရရင် ဇိမ်ပဲ"

နားထောင်နေသော မုန့်တိုင်းရဲ့မျက်လုံးတွေ ဆတ်ခနဲ အတွန့်ချိုးသွားသည်။ ဝတ်စားနေထိုင်ပုံတင် ဗရုတ်သုတ်ခ မဟုတ်၊ စိတ်ဓာတ်တွေကလည်း ဖရိုဖရဲ ကစဉ့်ကလျား။

"ပြင်ဦးလွင်မှာ ဇိမ်ဖို့မကြိုးစားနဲ့၊ ဟိုက ကျပ်စေ့တွေ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ကျုပ်စေ့ဆို ငါတို့က မတ်စေ့"

"တော်ကြစမ်းပါဟဲ့၊ ဒီမှာ မုန့်တိုင်းနဲ့နီးဖို့လုပ်နေ

တယ်ဆိုမှ"

"အမလေး…မိပန်းယွန်းရယ်၊ ရှိခိုးဆို ရှိခိုးပါ့မယ်

မုန့်တိုင်းတော့ နီးနီးနားနားခေါ်မထားပါနဲ့၊ ငါ ရင်တွေတုန်လှုပ်

လို့ပါ"

"အေးလေ….ပန်းယွန်း၊ အဆင်မပြေရင် လစ်မယ်"

"နေစမ်းပါဦး"

နောက်မလှည့်စတမ်း ပန်းယွန်းလွှာက ဟောက်သည်။

"အစ်မ…အဲဒီမုန့်တိုင်းက အိမ်ခေါ်ရင်ရော အဆ

ပြေမလားဟင်၊ မနက်ပိုင်း သူနဲ့အတူစာကျက်ပြီး ဒီမှာ ည

ပိုင်း ပိုင်းလာတက်မယ်လေ၊ ကြိုက်ဈေးတောင်းပါလို့၊ ပန်းယွ

ကျူသလောက်ရှင်းပေးမှာပါ၊ ပန်းယွန်းက သူနဲ့စာအတူကျက်မှ…"

"ဒီမှာ"

ခေါ်သံနှင့်အတူ ပန်းယွန်းလွှာဘေးနား အရိပ်တစ်ရိပ်

ရောက်လာသည်။ ဖျတ်ခနဲကြည့်သည်။





"မုန့်တိုင်း"

ပန်းယွန်းလွှာက ဝမ်းသာအားရဖြစ်သွားပေမယ့် သူက

ဒေါသဖြစ်သွားသည့်ရာသီဥတုကြောင့် မျက်နှာပေါ် အနိရိပ်

သွမ်းနေသည်။

"ကြိုက်သလောက်ပြော၊ ကျူသလောက်ရှင်းဆိုတာ

ထမ်းဘောဖုန်းတွေမှာပဲ အသုံးလိုတာမျိုး"

"ဟို…ပန်းယွန်းက"

"ငါက ပညာလိုချင်တဲ့သူကိုပဲ ဖြန့်ဝေပေးတာ၊ ငါ့

ပညာက ငွေနဲ့ရောင်းဝယ်ရတဲ့ ကုန်ပစ္စည်းမဟုတ်ဘူး"

စေ့စေ့ကြည့်ပြီး ပြောသွားသမျှ အထစ်အငေါ့မရှိ။

"မင်း သိပ်ချမ်းသာနေရင် နောက်တစ်ယောက်ထပ်

ရှာလိုက်ပါ၊ ငါက ချမ်းသာတဲ့သူတွေကို ဗိုက်(ဒ်)လုပ်ပေးဖို့

စိတ်မဝင်စားဘူး"

ပြောသမျှ ကိုယ့်ကို ပန်းနှင့်ပေါက်သွားသလား ထင်ရ

အောင် ပန်းယွန်းလွှာတို့ကလည်း ခပ်ပြုံးပြုံးနားထောင်သည်။ သူက

ချက်မှောင်ကြုတ်ကာ မျက်လွှာချသည်။



www.burmeseclassic.com

www.burmeseclassic.com



"မငှဝါ…ဆရာလာရင် ကျွန်တော် ဟိုဘက်ခန်းမှာ ကျောင်းသားတွေကို စာမေးပွဲစစ်နေတယ်လို့ ပြောလိုက်ပါ"

"အေး…အေး…တိုင်း…ဒီမှာ ကော်ဖီကျန်ခဲ့ပြီ"

ကျောခိုင်းထွက်သွားသော သူ့အား စာရေးအစ်မကြီးက လှမ်းအော်သည်။

"မသောက်တော့ဘူး၊ ဒေါ်သထွက်လိုက်ေ့ော့ အလိုလို မျက်စိကျယ်သွားပြီ"

သူ့စကားကို သဘောတကျ ပန်းယွန်းက ခစ်ခနဲရယ်ရင်း မိမျိုးတို့ ဆွဲခေါ်ရာနောက် ပါလာသည်။ စာရေးအစ်မကြီးကတော့ အားနာပြုံးနှင့်

"တိုင်းက အဲဒီလိုပဲ"

နှစ်သိမ့်လိုက်သည်။ မိမျိုးနှင့် ပပကတော့ ကျူရှင် အပြန်လမ်း ကားပေါ်မှာထိုင်လိုက်ရင်း မုန့်တိုင်းအကြောင်း ပြောလာ၏။

"လိုက်ပါတယ် နာမည်နဲ့လူ"

"အဲဒါပေါ့၊ ပညက်သွားရာ ဓာတ်သက်ပါတဲ့၊ မုန့်တိုင်း





ဆိုတာ ထိစပ်သမျှ ဆွဲယူမွှေ့ရမ်းတတ်တဲ့အမျိုးအစား၊ နင် စိတ်ကူးတွေသိပ်ယဉ်မနေနဲ့ ပန်းယွန်း"

သူမကိုသာ အပြစ်တင်ပါသည်။ ပန်းယွန်းလွှာကတော့ အခုထိ တည်မရသော နှုတ်ခမ်းများက အပြုံးတွေကို လက်စ မသိမ်းနိုင်။

"ကိုယ့်ဘေးနား တဖြုတ်ဖြုတ်ကြွေကျနေတာထက် စာရင် ငါ့ကိုမွှေ့ရမ်းတိုက်ခတ်သွားတာကို ပိုသဘောကျတယ်၊ အဟွန်း… မုန်တိုင်းဖြစ်ဖြစ် လေပွေလာလာ ငါက ဝဲလ်ကမ်း"

ဟိုနှစ်ယောက်က မျက်လုံးပြူး မျက်ဆန်ပြူးသွားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟုတ်ပြီ…ဟုတ်ပြီ…ဒါဆို တနင်္လာနေ့စောင့်မယ်နော်၊ အင်း…အင်း…ကောင်းပါပြီ"

ခေါ်ထိပ်ထားက ဖုန်းခွက်ကိုပြန်တင်လိုက်သည်။

"ဘာတဲ့လဲဟင် အဘွား၊ အဆင်ပြေရဲ့လား၊ လွှတ်လိုက်မယ်တဲ့လား"

အဘွားက ရွှေကိုင်းတပ်မျက်မှန်ကို ဖျတ်ခနဲ ပင့်တင်သည်။

"လွှတ်ပါ့မယ်တဲ့"

"ဝိုး…ဒါမှ အဘွား…ခေါ်ထိပ်ထားကွ"



www.burmeseclassic.com

ပန်းယွန်းက လက်နှစ်ဖက်စုံမြှောက်ရင်း အော်သည်။ ခေါ်ထိပ်ထားက မြေးမဖြစ်သူကို မျက်စောင်းရွယ်သည်။

"ဒီဝိုက်(ဒ်)ကောင်လေးက ကကယ်စွမ်းရော စွမ်းရဲ့လားဟဲ့"

"စွမ်းတာတော့ တစ်ဖက်ကမ်းပဲ အဘွားရဲ့၊ သူစာကူကျက်ပေးလို့၊ သူနဲ့အတူစာကျက်ရင်း အောင်သွားတဲ့လူတွေက ဆေးကျောင်းကို တန်းခနဲရောက်သွားတာတဲ့"

ပန်းယွန်းက ပါးစပ်ထဲ အာလူးချောင်းကြော်တွေ တရစပ်ထည့်ရင်း ဟန်ပါပါပြောနေတာတွေက တစ်ခုမှမဟုတ်ခဲ့။ အဘွားကတော့ ပန်းယွန်း ပြောသမျှ ယုံခြင်း မယုံခြင်း မရှိဘဲ နားထောင်လျက်။

"ပန်းယွန်းတော့ သူနဲ့စာကျက်ရင် ဒီနှစ်အောင်ပြီ ဘွားရ"

"မအောင်လည်း အရေးမကြီးပါဘူး၊ ဘွားမှာ လုပ်ငန်းတွေအများကြီး၊ ငါ့မြေးဝါသနာပါတာ၊ ကျွမ်းကျင်မယ်ထင်တဲ့ အလုပ်ကို ဝင်ဦးစီးပေါ့"

"ဟွန်း…ဘွားအလုပ်တွေ ဝါသနာမပါပါဘူး"





ရှုံ့မဲ့မဲ့လေးပြောပြီးမှ ပန်းယွန်းလွှာက ဘွားဘေးနားဆိုဖာမှာ ဝင်ထိုင်သည်။ ထို့နောက် သွယ်လျလျရှိသော ဘွားခန္ဓာကိုယ်ကို ကျုံးဖက်ထားရင်း ဘွားပခုံးစွန်းမှာ ပါးအပ် ထားသည်။

"ပန်းယွန်းလွှာ ဝါသနာကို ဘွားသိရက်သားနဲ့"

"အေးလေ…ဒါများ မြတ်ကုဋေက လာကမ်းလှမ်းတုန်းက ညည်းလေးငြင်းပြီးတော့၊ ဟိုက တကယ့်လမ်းဆုံကြီးတွေမှာ ဘုတ်ထောင်ပါ့မယ်ဆိုတာတောင်"

"အဲဒါ ပန်းယွန်းအစွမ်းကြောင့် မဟုတ်ပါဘူး၊ ဘွားမျက်နှာနဲ့၊ ဘွားက သူတို့ကုမ္ပဏီမှာ ရှယ်ယာအများဆုံးထည့်ထားတဲ့သူကိုး၊ ဒီတော့ ပန်းယွန်းကို မျက်နှာလိုအားရနဲ့ ကမ်းလှမ်းတာ မဆန်းပါဘူး"

"အမယ်လေး…ဒီလိုကျတော့လည်း မာနတွေကောင်းကင်အထိ ရှက်လွင့်တတ်ပါလား ပန်းယွန်းလွှာ"

ခပ်ငေါ့ငေါ့စကားကို ပန်းယွန်းလွှာက သဘောတကျရယ်ရင်း ဘွားကို တင်းတင်းကျပ်ကျပ် ဖိဖက်ထားသည်။ လူလောကမှာ လူမှန်းသိတတ်စကတည်းက ခင်တွယ်စရာ ပန်းယွန်း

www.burmeseclassic.com



လှမှာ ဒီအဘွားပဲရှိခဲ့သည်။

"မြေးမရဲ့အဖေနဲ့အမေက ကားအက်ဆီးဒင့်ကြောင့် ကွယ်လွန်သွားခဲ့တာ၊ မရှိတာကို ကြေကွဲခံစားနေလို့အပိုပဲ ငါ့မြေး၊ ကျန်ရစ်တဲ့ပုဂ္ဂိုလ်တစ်ယောက်က ဘဝမှာ ဘယ်လိုရှေ့ဆက်နေထိုင်သွားမလဲ၊ ဒါကိုပဲတွေးထား၊ ဒါ အရေးအကြီးဆုံး"

ဘွားရဲ့အယူအဆတွေက စိစစ်ကြည့်လျှင် မှန်တာများပေမယ့် ခံစားမှုကို ဦးစားပေးအဆင့်မှာမထားခဲ့။

"ဘွားတို့မှာ ငွေတွေ ဂုဏ်တွေရှိပြီးသား၊ ပြည့်စုံပြီးသား၊ ပညာမတတ်လည်းရတယ်လို့ပြောရင် ကုဋေရှစ်ဆယ်သူဌေးသားလို ဖြစ်သွားမှာစိုးလို့ မြေးကို ဆယ်တန်းအထိထားခဲ့တာ၊ ဆယ်တန်းကျလည်း ဒါ အားငယ်စရာမဟုတ်ဘူး မြေး၊ ဆယ်တန်းအောင်မြင်ခြင်း ကျရှုံးခြင်းက တခြားလူတွေအတွက် ထူးခြားပေမယ့် မြေးအတွက်တော့ ဘဝရဲ့အဆုံးအဖြတ်မဟုတ်ဘူး"

ဒီလိုအယူအဆကလည်းရှိ၊ မြေးဖြစ်သူကို ပွင့်လင်းစွာပြောပြထားသော ဘွားကြောင့် ပန်းယွန်းလှာ ဆယ်တန်းအခါခါ





ကျတော့ မဆန်းတော့။ မြန်မာနိုင်ငံ၏ အချက်အချာကျသော နေရာမျိုး၌ ဟိုတယ်ကြီးတွေ၊ အပန်းဖြေစခန်းတွေ ပိုင်ဆိုင်သော ဘွားမှာ ပြည်တွင်းလေကြောင်းလိုင်းတစ်ခု၊ ပြည်ပလေကြောင်းလိုင်းတစ်ခုအား အစုစပ်ရှယ်ယာတွေနှင့် ပိုင်ဆိုင်ထားသေးသည်။ မြန်မာနိုင်ငံမှာ ကြီးမားခိုင်ခံ့သော ဘဏ်တိုက်ကြီးပါ ပိုင်ဆိုင်သည့် ဒီသူဌေးမကြီးရဲ့မြေး ပန်းယွန်းလှာ ဖြစ်သည်။

"မြေးက ငယ်ငယ်ကဆို ငိုတောင်မငိုတတ်ခဲ့ဘူး"

"ဘာဖြစ်လို့လဲ ဘွား"

"မငိုအောင်ထားတာကိုး၊ အထိန်းတော်တွေရဲ့ တစ်ယောက်တစ်လက်ကြားထဲမှာ ကစားစရာ အသစ်အဆန်းတွေ၊ အရသာဆန်းတဲ့ စားစရာတွေနဲ့ ပျော်မြူးနေတော့ ငိုတယ်ဆိုတာ ဘာမှန်းတောင်မသိတဲ့အဖြစ်"

"အခုထိလည်း ပန်းယွန်း မငိုဖူးသေးပါဘူး ဘွားရဲ့"

"ပြီးပြည့်စုံနေခဲ့တာကိုး၊ ဝမ်းနည်းခြင်းဆိုတာ မပြည့်စုံခြင်းရဲ့အစ၊ အားငယ်ခြင်းဆိုတာ သိမ်ငယ်ခြင်းရဲ့အစ၊ မြေးမှာက ဖြစ်ချင်သမျှ ဖြစ်ခွင့်ရနေတဲ့ဘဝဆိုတော့··"



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပန်းပွင့်က ပေါ့ပါးလွတ်လပ်ခြင်း၊ ရယ်မောပျော်ရွှင်ခြင်း၊ ငြိမ်းပြည့်စုံခြင်းများဖြင့်သာ ဘဝကို တည်ဆောက်ခဲ့သူမို့။ လူတွေပြောတာ ကြားဖူးသည်။ အချစ်ဆိုတာ အပွင့်ဆုံးဖန်တစ်ခုဆိုရင်တောင် ပန်းပွင့်အတွက် ပွင့်ပြင်းသမျှ ငြိမ်းသတ်ရန် အင်အားရှိပြီးသားဖြစ်သည်။

◆ ◆ ◆



## အခန်း (၅)

"ငါ့ဆရာကြီးတစ်ယောက်က အကူအညီတောင်းတာမို့ပါ တိုင်း၊ မင်းကိုဖိအားပေးတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ငါတပည့်တွေထဲမှာ မျက်နှာလွှဲလို့ရတာဆိုလို့ မင်းပဲရှိတာလေ တိုင်းရဲ့"

ဆရာကိုယ်တိုင် ပြောလာသောစကားမို့ တိုင်းအတွက် ခေါင်းခါရန် ခဲယဉ်းပါသည်။ တကယ်တော့ တိုင်းက အိမ်တိုင်ရာရောက် ဝိုက်(ဒ်)လုပ်ခြင်းအား စိတ်ဝင်စားခဲ့သူမျိုးမဟုတ်။ သတ်မှတ်ချက်တွေ စည်းမျဉ်းတွေနှင့် လုပ်ရတာမျိုးက တိုင်းနှင့် အံမဝင်တတ်ပါ။ ဆရာ့ဆီမှာ ဝိုက်(ဒ်)ပြန်လုပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သချ်ာမှာ တအားဖြတ်ထိုးဉာဏ်ကောင်းတယ်ကွ၊ သင်တဲ့ဆရာက ပုံသေနည်းအတိုင်း သင်သွားပေမယ့် ပုစ္ဆာတစ်ခုမှာ ဘယ်ပုံသေနည်းသုံးပြီးတွက်ရင် အဖြေမြန်မြန်ရမလဲဆိုတာ ဒါ ဖြတ်ထိုးဉာဏ်နဲ့ဆိုင်တယ်၊ မင်းရဲ့ အဲဒီဉာဏ်လေးကို နောက်တက်လာတဲ့ ဖရက်ရှာတွေကို မျှဝေတယ်ပဲ သဘောထားပါ"

ဆရာ တကယ်အပြောကောင်းခဲ့ပါသည်။ တိုင်းကတော့ သူများကို ဆရာလုပ်ရတဲ့အထိ သူ့ထံမှာ ပညာမပြည့်ဝသေးဟု ထင်သည်။ သို့ပေမယ့် ဆရာ့အပေါ် သူ့မှာ ထောက်ထားစရာ မျက်နှာတွေရှိနေခဲ့သည်။

ဆယ်တန်းကို ဆရာ့ကျူရှင်မှာစတက်ပြီး နှစ်လမြောက်မှာ သူတို့ရဲ့ရွှေတောင်ကြီးဟု တင်စားရမည့်အဖေ ဆုံးသွားခဲ့ သည်။ ထိုစဉ်က အိမ်၌အဓိကဝင်ငွေရှာသူက အဖေ။ အဖေ မရှိတော့၍ အစ်မ၏ မဖြစ်စလောက် လစာဟာ သူတို့နှစ်ယောက် ၏ စားဝတ်နေရေးကိုတောင် မနည်းကြီး ကျားကန်ထားရမည် ဖြစ်ရာ သူ ကျူရှင်တက်၍ ဆယ်တန်းဖြေရန်အစီအစဉ်က အလိုလိုပယ်





စာရင်းဖြစ်သွားပေမယ့် ထိုအချိန်တွင် ဆရာကိုယ်တိုင် ရောက်လာသည်။

"အားမငယ်နဲ့ မုန်တိုင်း၊ ဘဝဆိုတာ ရင်ဆိုင်ဖို့ ဖြတ်ကျော်ဖို့တွေ ငါ ကြီးကြီးကျယ်ကျယ် မပြောချင်ပေမယ့် ဒါက လူတိုင်းကြုံရမယ့် အခက်အခဲ၊ ငါမှကြုံရတယ်ဆိုပြီး မတွေးနဲ့၊ ကျောင်းဆက်တက်၊ ဆရာ့ကျူရှင်လည်း အပျက်မခံ နဲ့၊ လာတက်"

တစ်နှစ်လုံးအတွက် သင်တန်းကြေးကင်းလွတ်ခွင့်အပါအဝင် သူ လိုအပ်သမျှ စာရွက်စာတမ်းတွေပါ ထောက်ပံ့ပေးခဲ့သည်။ တစ်နှစ်လုံး စိတ်အေးလက်အေးစာသင်ခဲ့ရပြီး နောက်ဆုံး အစ်မ ဆုံးပါးသွားသည့်ကိစ္စတွင်လည်း ဆရာ့အကူအညီ မကင်းခဲ့လေရာ…။

တိုင်းက အနက်ရောင်သံပန်းတံခါးမြင့်မြင့်ကြီးရှေ့တွင် ခြေစုံရပ်၍ ခေါင်းမော့ကာ အသက်ကို တစ်ဝကြီးရှိုက်သွင်းသည်။ ထို့နောက် ခြံဘေးအုတ်တိုင်၌ မြှုပ်ထားသော လျှပ်စစ်ခေါင်းလောင်းလေးကို နှိပ်လိုက်သည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမြင်သာရုံ ဘောဆွဲအပေါက်လေးပွင့်သွားပြီး အထဲမှ တစ်ယောက်ကမေးသည်။ တိုင်းက ချက်ချင်းလှည့်ထွက်သွားချင်စိတ်ကို ဆရာ့မျက်နှာကြောင့် ပြန်ချုပ်ထိန်းသည်။ လူချမ်းသာတွေရဲ့စရိုက်က ဒါပါပဲ။ ငွေကို ဆတက်ထမ်းပိုး တိုးပွားအောင်ကြိုးစားရင်း သူတို့ရင်ထဲ ကိန်းအောင်းလာတာက ငါ့ငွေတွေ ဘယ်သူလုမလဲဆိုတာလောက်ပင် တွေးတတ်တော့တာမျိုးလို့ ခပ်ရွဲ့ရွဲ့တွေးသည်။

"ဒီအိမ်မှာ စာသင်ပေးဖို့ ရောက်လာတဲ့ဆရာပါ"

"ဩော်···ဆရာမုန်တိုင်း ဆိုတာလား၊ ကြွပါ··ဆရာ၊ ကျွန်တော့်ကို မှာထားပါတယ်၊ ကြွပါ"

အမူအရာက ချက်ချင်းပြောင်းလဲသွား၍ မုန်တိုင်း စေဝေါဖြစ်သွားသည်။ သူက ဒီအိမ်အတွက် အရေးပါ အရာရောက်နေသည့်သူလားလို့ ကိုယ့်ကိုယ်ကိုပြန်မေးချင်စိတ် ပေါက်သွားသည်။

"ဆရာ ကားပါလားခင်ဗျ"

တံခါးသော့ဖွင့်ရင်းမေးတော့ တိုင်းက ရယ်ချင်သွားသည်။





"ကားက မှတ်တိုင်မှာထားခဲ့ရတယ်"

"ဗျာ"

"ကိုယ်ပိုင်ကားမှမဟုတ်တာ၊ လိုင်းကားကို၊ ဒီနားအထိ စီးလာလို့ရမလားဗျ"

"ဩော်···စိတ်မရှိပါနဲ့ဆရာရယ်၊ အိမ်ကြီးဆီ အဝေးကြီးလျှောက်ရမှာမို့ မေးတာပါ၊ ကားမပါလည်း ကိစ္စမရှိပါဘူး ဆရာရဲ့"

လူတစ်ကိုယ်ဝင်သာရုံ တံခါးပေါက်လေး ပွင့်သွား သည်။ တိုင်းက ခြံဝင်းတွင်း ခြေချတာနှင့် ဟိုးအဝေး ကုန်း မြင့်မြင့်ပေါ်မှာ ထီးထီးကြီးရှိသည့် ရဲတိုက်လိုအိမ်ကြီးအား လှမ်းတွေ့ရသည်။ ခြံဝမှ အိမ်ကြီးဆီရောက်ရန် ကားနစ်မှတ်တိုင်စာတော့ အနည်းဆုံးလျှောက်ရမည်ဟုတွေးသည်။

"ဆရာ···ဒီဘက်ကြွပါ"

အပေါ်အောက် အပြာဝမ်းဆက်နှင့်လူက ပြောရင်း ခေါ်သွားတာက ပန်းခြံတွင်အသုံးပြုသည့် အပျော်စီးယာဉ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးဆီ။

“တက်ပါ ဆရာ၊ ကျွန်တော်လိုက်ပို့ပေးပါ့မယ်”

“ရပါတယ်၊ ကျွန်တော် လမ်းလျှောက်သွားလည်း အပန်းကြီးတာမှမဟုတ်တာ”

“အဘေးကြီး ဆရာရဲ့၊ မမလေးက သူ့ဆရာကို လမ်းလျှောက်ခိုင်းရလားဆိုပြီး ဆူနေဦးမှာ၊ လာပါ ဆရာ”

အတင်းခေါ်၍ သူ ကားပေါ်တက်ထိုင်တာနှင့် ကွေ့ကွေ့ကောက်ကောက် ဖောက်ထားသော လမ်းကလေးအတိုင်း ဂေါ့(ဖ်)ကွင်း၊ ဘတ်စကတ်ဘောကွင်း၊ တင်းနစ်ကွင်းတွေက သူ့အကန့်နှင့်သူ စနစ်တကျ။ ဒီဘက်ဘေးမှာတော့ ကြီးမားသော ရေကူးကန်ကြီးနှင့် သစ်ခွတိုင်ကြီးများ။ သံကုလားထိုင် အဖြူရောင်တွေချထားသည့် နားနေအိမ်။ သစ်ပင်အုပ်အုပ်ကလေးများကို စီရရီချထားပုံကတော့ တောအုပ်တစ်ခုနှယ်။ အပန်းဖြေချင်စဖွယ်။ ငွေကြေးချမ်းသာတဲ့ သူများကျတော့ စိတ်အပန်းဖြေရန် ရုပ်ဝတ္ထုတွေကို ပြုပြင်နိုင်သည်။ နှလုံးသားအပန်းဖြေရန် သက်ရှိလူသားတွေကို စတေးပြီး ရင်ခုန်သံရှာသည်။





“မမကို သူ တကယ်ချစ်တာပါ”

လေသံနွမ်းနွမ်း၊ မျက်နှာငယ်ငယ်နှင့် သူ့ထံမှာ အယူခံဝင်ရှာသော မမကို မြင်ယောင်တော့ မေးရိုးတွေ ထင်းခနဲ နေအောင် အံကြိတ်ပြီး မြင်မြင်သမျှအရာတွေကို မျက်နှာလွှဲပြီး ဥပေက္ခာပြုသည်။ တိုက်ဆိုင်မှုရှိတိုင်း နာကျင်လာတတ်သော ရင်ဘတ်ကြောင့် မမြင်ရ မကြားရသောသူ ဖြစ်ပါစေသားလို့ ဆုတောင်းပေမယ့် မပြည့်ခဲ့သော သူ့ဘဝ။

“ရောက်ပါပြီ ဆရာ”

ကားလေးက ပေါ်တီကိုအောက်တွင် ရပ်သွားပြီး တံခါးဝ၌ အသင့်စောင့်နေသော မိန်းကလေးက ခါးညွတ် လက်ဆန့်တန်းသည်။

“ဧည့်ခန်းထဲမှာ မေမေကြီးစောင့်နေပါတယ် ဆရာ”

တိုင်းက မျက်လုံးဝေ့ကြည့်ရင်း ရင်ထဲမှာ သရော်တော်တော် တွေးမိသည်။ ဒီလောက်အလုပ်များသော သူဌေးကြီးတွေ အိမ်ရှိနေမှတော့ မြန်မာနိုင်ငံမှာ အလုပ်မဲ့လူဦးရေ လျော့ကျသင့်ပြီ ထင်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ထိုင်ပါ မောင်ရင်"

ကနုတ်တပ်ဆိုဖာကြီးတွေက ကျောက်စိမ်းရင့်ရောင်မို့ နှံ့ညားညား ထည်ထည်ဝါဝါ။ ရွှေကိုင်းတပ်မျက်မှန်နှင့် အခြားသော အဘွားတွေ၏ ဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ဖွဲ့စည်းပုံမဟုတ်ဘဲ ပိန်ပိန်ပါးပါး သွယ်လျလျမှာ အညိုဖျော့ရောင် ပိတ်ထူရင်ဖုံး လက်ရှည်ဖုံးနှင့် အညိုပေါ် အဝါရောင်ပွင့်ရိုက်ထဘီ တွဲဖက် ဝတ်ဆင်ထားသည်။ ချက်ထောက်အထိ ရှည်လျားသော ပုတီးစေ့တွေလို သီထားသည့် ဆွဲကြိုးတစ်ကုံးနှင့် စိန်နားကပ်တစ်စုံ က သူ့အား အကဲခတ်နေသော မျက်ဝန်းတွေနှင့်အပြိုင် ဖျိုးဖျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖျပ်ဖျပ်လက်နေ၏။

"မောင်ရင့်နာမည်က မုန်တိုင်းတဲ့လား"

"ဟုတ်ပါတယ်"

"အင်း…ရှည်ရှည်ဝေးဝေးတွေတော့ မေးဖို့မလိုပါဘူး၊ မောင်ရင် စာအတူကူကျက်ပေးရမယ့်လူက ရီပီတာတွေဆိုတာရော သိလား"

"ကျွန်တော့်ဆရာက ပြောပြလိုက်ပါတယ်"

"အေးကွယ်…မောင်ရင်နဲ့ စာအတူကျက်ရင်တော့ ဒီနှစ်စာမေးပွဲကို သူတို့က ကျိန်းသေအောင်မယ်လို့ ယူဆနေကြတာကိုး၊ ဒါလည်း တစ်မျိုးကောင်းပါတယ်၊ ယုံကြည်မှုတစ်ခုနဲ့ အလုပ်လုပ်တဲ့အခါ အဲဒီအလုပ်က အောင်မြင်လွယ်တာ အတွားမြင်ဖူးတယ်၊ ကဲ…ဒါတွေထားပါလေ"

အတွားက ရွှေကိုင်းမျက်မှန်အား ပင့်တင်ရင်း သူ့ရှေ့ချထားသည့် စက္ကူအိတ်ရှည်ရှည်အား တိုင်းထံ ထိုးပေးသည်။

"ဒါ မောင်ရင့်ဝိုက်(ဒ်)လုပ်ခအတွက် လစာ"

ထိုစာအိတ်နောက်မှာ နောက်ထပ်တစ်အိတ်ကို ထပ်တိုး





ပေးတော့ တိုင်းက အတွားကို နားမလည်သလိုမော့ကြည့်သည်။

"ဒါက မောင်ရင့်အတွက် အတွားရဲ့ဘောက်ဆူးပါ"

"ဗျာ"

နားမလည်ခြင်းတွေက အရောင်တွေကွဲပြားပြီး အာမေဋိတ်အဖြစ် ထွက်သွားသည်။ အတွားက စာအိတ်ကို သူနှင့်နီးအောင် ထပ်တိုးပေးသည်။

"ယူပါ…တချို့က ဘောက်ဆူးကို လုပ်အားပြပြီးမှ ပေးကြတာမျိုး၊ အတွားက ကြိုတင်ပေးထားတဲ့အကျင့်တော့ ရှိတယ်၊ ဒါမှ အလုပ်လုပ်တဲ့သူလည်း ပိုပြီးအားထုတ်ကြိုးပမ်းမယ်၊ အတွားဘက်က ဝတ္တရားကျေသလို သူ့ဘက်ကလည်း တာဝန်ကျေမယ်၊ ဒီသဘောပါပဲ"

"ဪ"

ရင်ထဲ မျက်ခနဲဖြစ်သွားတာ မာနကို ထိပါးခြင်းကြောင့် ခံစားရတာမျိုး။ သဘောက ငွေကို ရေလိုပုံသွန်ပေးထားကာ ကိုယ့်တာဝန်သိတတ်ခြင်းအပေါ် လိုတာထက်ပိုစေချင်တာမျိုး ဖြစ်၍ တိုင်းက မျက်နှာလွှဲကာ ခပ်မဲ့မဲ့ပြုံးရင်း ချေပရန် စကား လုံးတို့ရှာပြီး



www.burmeseclassic.com

www.burmeseclassic.com



ငွေထည့်ထားသော စက္ကူအိတ်နှစ်လုံးစလုံးကို အဘွားဘက် ပြန်ထိုးပေးသည်။ သူ့အပြုအမူကြောင့် အဘွားက တအံ့တသြဖြစ်သွားသည်။

"ကျွန်တော့်လစာက ကျွန်တော့်ကို တိုက်ရိုက်ပေးစရာမလိုပါဘူး၊ ကျွန်တော့်ဆရာကိုပဲ စို့ပေးပါ"

"ဘယ်လိုကွဲ့"

"ဆရာဝေခြမ်းပေးတဲ့ ထိုက်သင့်တဲ့လစာကိုပဲ ကျွန်တော်ယူမှာပါ၊ နောက်တစ်ခုက ဘောက်ဆူးကိစ္စပါ အဘွား"

ပြောပါဦးလို့ စကားမထောက်ပေမယ့် အသံတိတ်မေးဖျားကိုပင့်ပြီး နားထောင်ပုံက တိုင်းကို ခနဲ့သလို ရှုံ့သလိုလို။

"အဘွားပေးတဲ့ ဘောက်ဆူးကို လက်မခံပါရစေနဲ့၊ ကျွန်တော် ကုန်သည်မဟုတ်ဘူး အဘွား၊ ဒီပစ္စည်းက ဘယ်ရွှေဘယ်မျှကျပါတယ်ဆိုပြီး ရောင်းရတဲ့ကုန်ပစ္စည်းလည်း မဟုတ်ပါဘူး၊ ကိုယ်တတ်သမျှ သူ့ကိုမျှဝေပေးတဲ့အခါမှာ ပေးကမ်းသူရော လက်ခံသူရောက အရေးကြီးပါတယ်"

"အဲဒီတော့…"





"ကျွန်တော် စာကူကျက်ပေးရမယ့်သူတွေက ဘာကြောင့် စာမေးပွဲကျခဲ့ကြသလဲဆိုတဲ့အချက်က အရေးကြီးပါတယ်၊ ဉာဏ်ရည်ချင်ရက်နဲ့ အကြောင်းအမျိုးမျိုးကြောင့် ကျကျန်ရစ်တယ်ဆိုရင် ကျွန်တော် လက်တွဲခေါ်ဖို့ မခဲယဉ်းပေမယ့် မလိုချင်လို့ ရေတဲ့သူဆိုရင်တော့ သိကြားမင်း စာဆင်းသင်ရင်တောင် အောင်မြင်ဖို့မလွယ်ပါဘူး"

"အင်း…မင်းပြောတာ နားထောင်လို့တော့ အကောင်းသား၊ ဒါပေမဲ့ မာနတွေစွက်နေတော့ နားဝင်ပီယံမရှိတာ အမှန်ပဲ"

"ကျွန်တော် ကိုးကွယ်ထားတဲ့အရာတွေထဲမှာ မာနလည်း ပါတယ် အဘွား"

"ကောင်းပြီ…ဒါဆို ဒီငွေတွေကို မင်းလက်မခံနိုင်ဘူးပေါ့"

တိုင်းက မေးရိုးတွေကားထွက်လာအောင် အံကြိတ် ပြီးမှ အပြုံးတစ်ခုကို ပီပီပြင်ပြင်ဖြစ်အောင် အားထုတ်သည်။

"ကျွန်တော် စာသင်ဖို့လာတာပါ အဘွား၊ ငွေယူဖို့လာတဲ့ ကြေးစားမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ မောင်ရင့်မာနကို အသိအမှတ်ပြုပေး ရတော့မှာပေါ့၊ မောင်ရင့်စိတ်တိုင်းကျ ဖြစ်စေရမယ် ဟုတ်ပြီလား၊ ထွေးမော်ရေ"

"ဟုတ်…ရှိပါတယ် မမကြီး"

"အေး…ဆရာ့ကို မြေးမတို့စာကြည့်ခန်းဆီ ပို့ပေး စမ်းကွယ်"

"ဟုတ်…မမကြီး၊ ဆရာ…ကြွပါရှင့်"

မလှမ်းမကမ်း၌ ရပ်နေသူက တိုင်းကို ဦးဆောင်ခေါ် သွားရန် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"ထွေးမော်…မလိုတော့ဘူး"

"မမလေး"

"ပန်းယွန်းလွှာ ဆရာကို ပန်းယွန်းလွှာပဲ ခေါ်သွား တော့မှာ"

အခန်းထောင့်ကွယ်မှ ရုတ်တရက် ထွက်ပေါ်လာသည့် သူမကြောင့် တိုင်း မျက်လုံးတွေပြူးသွားတာ သာမန်ထက် နှစ်ဆခန့်။ ကြည့်စမ်း…လည်ပင်းပြဲပြဲ ဆွဲသားအင်္ကျီက ပခုံး ပေါ် ကြိုးချိတ်ထားရုံနှင့် အနီရောင်မို့ ဝါဝင်းသောအသား အရောင်က





အင်္ကျီအကာအကွယ်မဲ့ရာ နေရာတွေမှ ဟိုတစ်စ ဒီတစ်စ ခေါင်းပြူထွက်နေသယောင်။ ကြိုးစည်းဘောင်းဘီပွပွက အနီနှင့် အဖြူ လေးထောင့်ကွက်တုံးများက ခြေဖျားထိဖုံးသော အရှည်နှင့် တိုင်းကို ပြုံးကြည့်သည်။

"ပန်းယွန်းလွှာတို့ ကျောင်းသူသုံးယောက်က ဆရာ့ကို ကြိုဆိုပါတယ် ဆရာ"

သူမပခုံးပေါ် မေးဖျားတင်ပြီး အသီးသီးပေါ်လာသော ကျန်ခေါင်းနှစ်လုံးကြောင့် တိုင်းမျက်နှာက မအီမလည်နှင့်။ ကျံထား ပြီးသား စကားတွေက နုတ်မရသော အခြေအနေမို့ လက်ပြ နှုတ်ဆက်ပြီး မသင်တော့ပါလို့ ပြောခွင့်က နောက်ကျသွားခဲ့လေပြီ။ တိုင်းက ပြောရရာစကား ရှားပါးစွာ နေရာမှ ထရပ်၍ သူမတို့နောက် လိုက်ဟန်ပြင်သည်။

ဒီသုံးယောက်နှင့် စာအတူကျက်ပေးရမည့်အစား မျောက် သုံးကောင်သာ ပြေးထိန်းချင်တဲ့အထိ စိတ်ပျက်ခြင်း နည်းလမ်း များစွာထဲမှာ ဒီတစ်ခါက စိတ်ပျက်ဖွယ်အကောင်းဆုံး ဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"လူစားထိုးဖို့ဆိုတာ မင်းဘက်က ဘာအဆင်မပြေရှိလဲ၊ ပြောလေ တိုင်း"

ဆရာကိုယ်တိုင် မေးလာသောအခါ တိုင်းမှာ အဖြေမရှိခဲ့။ ဆရာက သူ့ကို ဘာမေးခွန်းမှ ထပ်မထုတ်တော့။

"မင်းကို ငါစိတ်ချတာလည်းပါတယ်၊ ပြီးတော့ မင်း အဆင်ပြေနေတာကိုမြင်ရတော့ ငါစိတ်ချမ်းသာတယ် တိုင်း၊ ဒါကြောင့် မင်းနေရာမှာ တခြားလူ ငါ မထည့်ပေးချင်တာ"

"ကျွန်တော် ဆက်မလုပ်ချင်တာ အဲဒီလစာကြောင့် လည်းပါတယ် ဆရာ"

ဝိုးမိုး၀၁၄၅

www.burmeseclassic.com

www.burmeseclassic.com



"အင်း…လစာက ဘာဖြစ်လို့လဲ"

"ပေးသင့်တာထက် ပိုများနေသလားလို့"

"ပေးသင့်တာထက် မပိုပေမယ့် များနေတာတော့အမှန်ပဲ၊ ဒါ ဂိုက်(ဒ်)တစ်ယောက်ရဲ့ ပေါက်ဈေးအမှန်ပါ၊ ဒါပေမဲ့ မင်းက တစ်ခါတည်း သုံးယောက်စာရတာယ်ဆိုတော့ များတယ် ထင်ရတာမျိုးပေါ့၊ ဒါကြောင့် အပြောင်းအလဲလုပ်ဖို့ မစဉ်းစားဝါနဲ့ တိုင်း၊ ဒီကရတဲ့ဝင်ငွေကို အခြေပြုပြီး မင်းဝါသနာကို တိုးတက်အောင်ကြိုးစား"

ဆရာက သူ့ပခုံးတစ်ဖက်ကို ဖျစ်ညှစ်ပြီးပြောခဲ့သည်။ တကယ်တမ်း စာသင်ကြည့်တော့လည်း သုံးယောက်စလုံးက ထင်ထားသလောက် မခက်လှ။ ကျေညက်ပြီးသားစာ ဖြစ်တာရော၊ သူမျက်နှာတည်ထားလျှင် ကြောက်ရွံ့တာရောနှင့် ကျကျနနတော့ လုပ်ကြသား။ ဟိုတစ်ယောက်သာ တစ်ခါတလေ ဇွေထဖောက်သည်။

"ဆရာ"

သူ ကျောခိုင်းထားပြီဆို အသံကျယ်ကျယ်နှင့် လှမ်း





ေါ်ပြီး တိုင်း လှည့်ကြည့်သည်။

"အဟီး"

"ဘာလဲ"

ဇလိုင်းကြီး လာရယ်ပြတော့ တိုင်းက အူကြောင်ကြောင်
ှင့် မေးဆက်ကာ မေးသည်။

"ဘာမှမဟုတ်ပါဘူး၊ သွားတွေဖြူသလားလို့"

"ဘာ"

"ဟို…ကလို့ဆက်ရဲ့ ခရစ်စတယ်ပေါ့အမှုန့်လေးတွေ
ါတဲ့ သွားတိုက်ဆေးနဲ့ ပြောင်းတိုက်ထားတာ"

"ဩော်…အဲဒါ ငါသိတယ်"

တစ်ယောက်က အငြိမ်မနေ၊ လက်ဖျောက်တွေဘာတွေ
ကော အားကျမခံ။

"အနားနီးနေ ပိုဆွဲဆောင်လေ မဟုတ်လား"

"ဟွန့်…နင်က ဆရာနဲ့ဝေးနေတာ၊ ဆွဲဆောင်လို့ရ အောင်
ိုးသွား"

"အေး…အေး"



www.burmeseclassic.com

www.burmeseclassic.com



ခုံမှထကာ သူ့အနားလာဖို့ဟန်ပြင်တာမျိုးရှိလျှင် တိုင်း

မှာ တမင် မျက်နှာကို တည်တင်းထားလိုက်သည်။

"ဟော့…ထိုင်နေစမ်း"

"ဟုတ်ကဲ့…ဆရာ"

ပြန်ထိုင်သည်။ တိုင်းက ရှပ်အင်္ကျီလက်တွေ ဘာ

ပင့်သည်။

"စာကျရင် အဲဒီလို အလွတ်ရနေရင် သိပ်ကောင်းမှာ

ဒါဆို ငါနဲ့ ဒီနှစ်တွေ့ရတောင် မလိုဘူး"

"ဆရာကလည်း ဒါ ပန်းယွန်းလွှာတို့ ရေစက်ရှိ

ပါ"

"အင်း…နင်က ရေစက်ဆို ငါက ဘုံဘိုင်"

"လာစမ်း…ဘုံဘိုင်ဆိုတဲ့မိမျိုး၊ နင့်ကိုဖွင့်ဖို့ ဘယ်

ငါလှည့်ရမလဲ"

"နင့်လှည့်လို့ရတဲ့ တစ်နေရာရှိတယ်"

"ဟိတ်…တော်စမ်း"

ဘာအဓိပ္ပာယ်တွေနှင့် ပြောမှန်းမသိပေမယ့် တိုင်း





အဲဒီလိုအော်ဟစ်တားရတာမျိုးလည်း ရှိသည်။ ဒါတောင် သုံး

ဆယာက်ပေါင်းပြီး တခစ်ခစ်ရယ်သည်။

"နားရှက်ပြောတာပါ ဆရာရဲ့"

ရယ်ရှိန်မသေသေးသော မျက်နှာတွေနှင့် ဖြေရှင်းပေမယ့်

တိုင်းမှာ ကိုယ့်တစ်ကိုယ်လုံး ထူထူပူပူကြီးဖြစ်နေတာသာ သိသည်။

အားလုံးထဲမှာ ပန်းယွန်းလွှာက အဆိုးဆုံး။ သချာ တွက်ခိုင်းရင်

ဦးအောင်ပြီးချင်သူက သူမ ထိပ်ဆုံးက။ သူမထက်အရင်ပြီးတဲ့

သူရှိလျှင် သူ့ထံစာအုပ်လာပြတာနှင့် လမ်းတစ်ဝက်က ခြေထိုးခံတာ

နှင့် စာအုပ်ကိုဆွဲလုပြီး ဆေးရာလွှင့်ပစ်တာနှင့်။ ပြီးလျှင် ပြောသေး

သည်။

"ဆရာ့အတွက် ငါက အရင်ဆုံးသော တပည့်ဦး"

တိုင်းမှာ မျက်နှာထားတည်ထားလည်း အကြောက်

အလန့်မရှိ။ ပြောချင်ရာ စွတ်ရွတ်ပြောကာ သူ့ဟောက်တော့လည်း

ငြိမ်ကျသွားပြန်သော ထိုသုံးယောက်ကြောင့် မနေ့က အဟန့်ဖြစ်

အောင် ကြိမ်လုံးတစ်လုံး ဝယ်သွားသည်။ စာကြည့်ခန်းရောက်တော့

စားပွဲကို ကြိမ်လုံးနှင့် ဖြန်းခနဲမြည်အောင် ရိုက်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ပြောမကောင်း ဆိုမကောင်းရင်တော့"

ကြိမ်လုံးပြပြီး သူက ခြိမ်းခြောက်ရုံသာရှိသေး၊ ပန်းယွန်းလွှာက အချဉ်ပေါင်းကို ပါးစပ်ထဲထည့်ပြီး အရသာခံစားသည်။

"အဟင်း...ဆရာ့ကြိမ်လုံးမြင်တော့ ငယ်ငယ်က အရိုက်ခံရတာ သတိရတယ်"

"ဟုတ်တယ် ဆရာ၊ ငယ်ငယ်က တအားဆော့လို့ စတိတ်စင်ပေါ်တက်ပြီး အရိုက်ခံရတာ"

"ငါတို့က ဒီအတိုင်းပါ၊ နင့်ကျမှ စကာတ်လှန်ပြီး"

"မိမျိုးနော်...ဆရာ့ရှေ့မှာ"

ပပက ထအော်သည်။ ပန်းယွန်းက ရယ်ချင်သည့်ရုပ်အား အတင်းတည်ထားသည်။

"ငါမှတ်မိတယ်"

"ပန်းယွန်းလွှာ"

"ဘာလဲ...ခြေသလုံးရိုက်ဟယ် ပြောမလို့၊ နင့်စကာတ်က အဲဒီတုန်းက အရှည်ကြီးလေ"

"အေး...အခု နင့်ကိုရိုက်ရင်တော့ ကွက်တိပဲ"





"ဘာကွက်တိလဲ ပပ"

"နင်က ဘောင်းဘီတိုဝတ်ထားတာကိုး ပန်းယွန်းရဲ့"

ပြောတာကြောင့် တိုင်းမှာ ယောင်ယမ်းပြီး ကြိမ်လုံးကို စားပွဲနှင့်ရိုက်သည်။

"တိတ်စမ်း"

"ဆရာက ပေါင်ချိန်နဲ့တူတယ်"

"ဘာဆိုင်လို့လဲ"

"ပေါင်ချိန်လည်း အဲဒီလိုထုပြီးအော်တာ"

သူမှာ ကြိမ်လုံးကို နောက်ထပ် ဟန်ရေးမပြရဲတော့ဘဲ တော်ရာနေရာမှာ ထိုးဝှက်ထားမိတဲ့အထိ။ ဒီကြိမ်လုံးမြင်လျှင် သူမတို့တစ်တွေရဲ့ ပါးစပ်ရာဇဝင်ထဲမှာ သူ့ပါမျှောရင်း စာမကျက်ဖြစ်သည်အထိ ဖြစ်သွားနိုင်သည်။ ထိုသို့သော အသေးအဖွဲပြဿနာတွေကြားမှာ တိုင်းက ကိုယ့်ကိုယ်ကို တည်ငြိမ်အောင်ကြိုးစားသည်။

"ငွေကြေးမပြည့်စုံတဲ့သူတွေက ဘဝမှာ ရွေးချယ်စရာမရှိဘူး တိုင်းရဲ့၊ ပြီးပြည့်စုံတဲ့သူတွေရဲ့ ရွေးချယ်မှုအောက်ကို အရှုံ



www.burmeseclassic.com

www.burmeseclassic.com



လိုရောက်သွားတတ်တာမျိုး''

ဒါ မမရဲ့ လက်ကျန်ဒဿန။ ထိုစကားမျိုး ပြန်ကြား ရသောအခါ ရှင်သောစိတ်အခံနှင့် ပြုံးချင်ရယ်ချင်ဖြစ်လာသော မျက်နှာက ပြန်လည်အုံ့မှိုင်းသွားတတ်စမြဲ။ ပန်းယွန်းလွှာကတော့ သူ့မျက်နှာပေါ်က အပြောင်းအလဲတွေကို မလွတ်တမ်း အရိပ် အကဲဖမ်းသည်။

''ဆရာကလည်း ရုပ်တည်ကြီးနဲ့၊ တစ်ချက်ပြုံးရင် တစ်ရက်ရှည်သတဲ့''

''ဘာပြောတယ်''

သူက ခပ်ထန်ထန်မေးမှ မျက်နှာငယ်လေးနှင့်

''အသက်ကိုပြောတာပါ၊ ထစ်ခနဲရှိ ဒေါသက ယ် ထိပ်တက်ဆောင့်တော့တာပဲ''

မကြားတကြားပြောပုံက နှုတ်ခမ်းတွေလုံးနေအောင် ရေရွတ်ရင်း ဆံပင်အုပ်အုပ်လေးတွေ ဝဲခနဲခါအောင် သူ့ကို မျက်စောင်းခိုးထိုးတတ်သည်။ ထိုအခါမျိုး၌ တိုင်းက မျက်နှာ လွှဲကာ အံကြိတ်မျက်မှောင်ကြုတ်သည်။





''အပြုံးတောင် ဝယ်လို့ရလျှင် မတန်တဆပေးဝယ် ဦးလားမသိ''

ခပ်ရိုင်းရိုင်းအတွေး ဝင်လာတဲ့အခါ လှချမ်းသာတွေကို မုန်းသော အခြေခံစိတ်က သူ့ကိုယ်တွင်းမှ ခေါင်းထောင်ထလာ တတ်စမြဲ။ အားကောင်းသောအမုန်းတွေက လိုအပ်လာလျှင် ယွန်းဆာမရှိလည်း တက်ကုန်ရှက်စုံဖွင့်တတ်ခဲ့တာက သူ၏ အရိုးစွဲအကျင့်ဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"လုပ်ပါ ဆရာရဲ့၊ တက်ပါ၊ ရောက်မယ့်ခရီးက အတူတူ ပဲဥစ္စာ"

"အာ...နေပါစေ"

"နေပါစေလုပ်မနေနဲ့ ဆရာရာ၊ တက်ပါ၊ အတူသွား ကြရမယ့်လမ်းခရီးကို"

"အင်းလေ...မိုးပဲရွာတော့မှာ၊ ပဲများမနေနဲ့၊ လာပါ ဆရာရဲ့၊ တစ်လမ်းတည်းအတူတူကို"

သုံးယောက်သားဝိုင်းပြီး ဖိခနောက်ဆိုင်ပိတ်ထားတာမို့ တိုင်းမှာ ဘယ်လိုမှငြင်းမရတော့။ ကောင်းကင်ဆီ အားကိုးအကြီး



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်မိတော့ ညို့မှိုင်းနေသော မျက်နှာပြင်က သဲကြီးမဲကြီး ရွှာချတော့မှာ တကယ်လို့ တိုင်းကို ခြိမ်းခြောက်နေဟန်ရှိတာကြောင့် တွေဝေနေဆဲမှာပဲ…

“ဟော…မောင်ရင် ပြန်တော့မှာလား”

သူတို့ကားနောက်မှာ နို့နှစ်ရောင်မာစီးဒီးကြီး ထိုးရပ်လာပြီး ကားပေါ်မှ ပဝါနှစ်စချထားသော ဒေါ်ထိပ်ထားက ဆင်းလာသည်။ ပဝါစကို ပခုံးတစ်ဖက်မှဆွဲယူကာ လက်ထဲ ဒီအတိုင်းကိုင်ထားသည်။

“မိုးတွေရွာတော့မှာလေ၊ မောင်ရင့်မှာ ထီးမပါဘူးမဟုတ်လား၊ မြေးမ…”

“ရှင်…အဘွား”

“ကိုယ့်ဆရာကို ကားလေးဘာလေး စီစဉ်ပေးလေ”

“ဆရာကို ပန်းယွန်းတို့ တစ်ခါတည်းခေါ်သွားမှာ အဘွားရဲ့၊ ပန်းယွန်းတို့တက်မယ့်ကျူရှင်ကိုပဲ ဆရာသွားမှာ”

“အေး…အေး…ဒါဆိုလည်းသွားကြလေ၊ မိုးသည်း ရင်ကားကိုဖြည်းဖြည်းမောင်း၊ အဘွားတော့ နားတော့မယ်၊ ဘဏ်ခွဲဖွင့်





ဒို့ ဖဲကြိုးဖြတ်ရတဲ့ကိစ္စက မပင်ပန်းပေမယ့် အသက်ကြီးလာတော့ သည်း ပင်ပန်းတယ်ထင်ရပြန်ရော”

ညည်းညူသံဖြင့် အဘွားက အိမ်ထဲသို့ သက်တော်စောင့် အခြွေအရံတွေနှင့် ဝင်သွားပြီ။ လူကြီးကိုယ်တိုင် စီစဉ်ပေးတာကြောင့် တိုင်း ထပ်ပြီးငြင်းရန်မသင့်တော့။

“မိမျိုး…ဒီမှာ ကားသော့”

ပန်းယွန်း ပစ်ပေးသော ကားသော့အား လေထဲမှာပင် မိမျိုးက ကျင်လည်စွာဖမ်းလိုက်၏။

“ငါ မောင်းရမယ်ပေါ့”

“ဒါပေါ့၊ ငါက နောက်ခန်းမှာ ဆရာနဲ့အတူ…”

ဒိုင်းခနဲရောက်လာသော မုန်တိုင်းအကြည့်ကြောင့် ပန်းယွန်းက ပခုံးစုံတွန့်ပြသည်။

“ထိုင်မယ်လို့ပြောတာ”

ရယ်သံခပ်အုပ်အုပ် ထိုးကျိတ်ထွက်လာပြီး သူ့အားနားခြင်း သူမက ဝင်ထိုင်သည်။ ကားစထွက်ပြီဆိုကတည်းက ငွေမြားတံတွေ အလား တဝေါဝေါ သည်းကျလာသော မိုးရေစက်တွေကို သူက



www.burmeseclassic.com

www.burmeseclassic.com



မှန်ပြတင်းမှတစ်ဆင့် ငေးကြည့်သည်။ လူတန်းစားအလွှာစုံတို့သည် မိုးဒဏ်လေဒဏ်ကို ကြံ့ကြံ့ခံကာ လမ်းဘေး လမ်းမပေါ်၌ သွားလာနေချိန်တွင် တိုင်းက မိုးလုံ လေလုံကားကြီးပေါ်မှာ သီချင်းနားထောင်ခွင့်ရသည့်အနေအထား။ ဒါတွေက လူတန်းစားကွာဟမှုတွေလား။ အမြင့်စံနှင့်အနိမ့်စံရဲ့ကြားမှာ မိုးရေစိုခြင်း မစိုခြင်းထက် နက်ရှိုင်းသော ဘဝအဓိပ္ပာယ်တွေ ရှိနေဦးမည်။

"ဆရာ"

ခေါ်သံကြောင့် သူ လှည့်ကြည့်သည်။ အနီရောင် မိုးကာကုတ်အင်္ကျီနှင့် အနီရောင် ဒူးကျဘောင်းဘီလေးကြောင့် သူမတစ်ကိုယ်လုံး နီစွေးနေရသည့်အထဲ နားကွင်းအဝိုင်းကြီးကလည်း အနီရဲရဲနှင့်မို့ ရှိုင်းသောမိုးဥတုထဲ နေမွန်းတည့်နေသလို ခံစားရသည်။

"မေးစရာရှိလို့"

"ဘယ်ဘာသာမှာ မရှင်းတာရှိလို့လဲ"

"စာအကြောင်းမေးမှာ မဟုတ်ပါဘူး"

"ဒါဆိုလည်း မမေးနဲ့၊ စာအကြောင်းကလွဲပြီး မင်းကို ငါ့မှာဖြေစရာမရှိဘူး"





"ဒါ စာသင်ချိန်မှမဟုတ်တာ"

သူက တစ်ဖက်သို့ မျက်နှာလွှဲတော့ မှန်တိုင်း၏ နှာတံချွန်ချွန်တွေကို ပန်းပွန်းက အတိတ်မေ့သူပမာ ငေးကြည့်သည်။

"နင်တို့ဂိုက်(ဒ်)က မာနမင်းသားနော်၊ နင်တို့ဆီမလာခင်မှာ တစ်ခါတည်း အပြင်မှာ ထမင်းစားလာတာတဲ့၊ ပြီးတော့ ညနေအိမ်မပြန်ခင်လည်း လမ်းဘေးဆိုင်တွေမှာ ထမင်းဝင်စားပြီးမှပြန်တာ၊ ဘော်ဒါက ကျွေးတဲ့ထမင်းလည်း မစားဘူး"

"သူ့အိမ်က မကျွေးဘူးလား"

"သူ့မှာ အိမ်ပဲရှိတယ်၊ မိသားစုတွေမရှိတော့ဘူးလို့ ဆရာပြောတာ ကြားဖူးတယ်"

"ဟယ်...သနားစရာ၊ ရုပ်လည်းချော ပညာလည်းတော်ပြီး မျက်နှာကြောတင်းတာကလွဲရင် တစ်ကောင်ကြွက်လေးဖြစ်နေတာ တကယ်သနားစရာ"

"သနားရင် နှစ်ကောင်ကြွက်ဖြစ်သွားအောင် နင်သွားနေပေးလေ"

"ဟင့်အင်း...မီးမီးကြောက်ကြောက်၊ သူစိတ်မထင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ထရိုက်ကန့်ကျောက်မယ့်ရုပ်ကြီး"

ညနေဝိုင်းတက်ကြသော သူ့အချင်းချင်း သတင်းဖလှယ်ရာ၌ မုန့်တိုင်းအကြောင်းက ထိပ်ဆုံးမှ။ ပန်းယွန်းက တစ်ဖက်သို့ မျက်ခုံးအတွန့်ချိုးပြီး လွှဲထားသော သူ့မျက်နှာအား သောတစောင်းငေးသည်။

"ဆရာ့မှာ မိဘတွေမရှိတော့ဘူးဆို"

ဆတ်ခနဲလှည့်လာသော မျက်ဝန်းတွေက ရှုးရှုရှုအရောင်တွေဖြစ်ပြီးမှ အေးစက်စက်အကြည့်တွေအဖြစ် ပြောင်းသွားသည်။

"အင်း…ဆုံးသွားတာကြာပြီ"

"ဒါဆို ဆရာ့အိမ်မှာ ဆရာတစ်ယောက်တည်းပေါ့"

တိုင်းက ခေါင်းညိတ်ပြပြီးမှ

"မင်းသိချင်တာ ဒါပဲမဟုတ်လား"

"ဆရာ့စားရေးသောက်ရေး ကျတော့ရော"

"ငါ လူမမယ်မဟုတ်ဘူး ပန်းယွန်းလွှာ၊ ငါ့တစ်ကိုယ်ရေ တစ်ကာယအတွက် စီမံတတ်တယ်၊ မင်း ကိုယ့်အကြောင်းပဲ ကိုယ်စိတ်ဝင်စားရင်ကောင်းမယ်"





တစ်ခါတည်း စကားပိတ်ပြောတာတောင် မရွှေချောက ဝခုံးစုံတွန့်သည်။

"ကိုယ့်အကြောင်းက ပျင်းစရာကြီး"

ဟု ပြောဖြစ်အောင် ပြောသေးသည်။ မုန်တိုင်းကမှတော့ ဘမင်တကာ မျက်နှာကိုတည်ထားသည်။

"ငါက သူများအကြောင်းလည်း စိတ်မဝင်စားဘူး၊ ငါ့အကြောင်း စိတ်ဝင်စားတာလည်း မကြိုက်ဘူး"

"ပန်းယွန်းကတော့ ကြိုက်တယ်"

"ဘာပြောတယ်"

ဒေါသနှင့်လှည့်မေးတော့ တမင်တကာရယ်ပြနေသော မျက်နှာလေးက လှသည်။

"အဟွန်း…ဆရာ့ဒဿနကို ပြောတာပါ"

ကျူရှင်ရှေ့ရောက်တာနှင့် သူက ကားတံခါးကိုဆွဲဖွင့်ကာ အရင်ဆင်းသည်။ သူမအနား ဆက်နေလျှင် ထပ်ထွက်လာမည့်ဒေါသက တပ်ချီပြီး လူ့အသက်တိုသွားဖွယ်ရာရှိသည်။ ဒါတောင် နောက်က အပြေးလိုက်လာသော ခြေသံနှင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်ကျနေသော မိုးစက်တွေ ရပ်တန့်သွားသည်။ အလန့်တကြားငဲ့ကြည့်တော့ ထီးအကြီးကြီးကိုင်မိုးကာ သူ့အရပ်မီ အောင် ခြေဖျားထောက်ထားရသည်။

"မင်း"

"ဆရာ ဖျားမှာစိုးလို့ပါ"

"မလိုပါဘူး"

ပြောရင်း သူက ခြေလှမ်းကျဲနှင့် စလှမ်းတော့ သူမက ဘေးမှခလုတ်တိုက်မတတ် ပါလာသည်။

"လိုတာပေါ့၊ ဆရာဖျားရင် ပန်းယွန်းတို့ စာဘယ်လို ကျက်တော့မလဲ၊ ပြီးတော့ ပြုစုပေးမယ့်လူမရှိတဲ့ တစ်ကိုယ်တည်း လူပျိုကြီးဆိုတော့"

"ပန်းယွန်းလွှာ"

"ရှင်"

သူက ဒေါသနှင့် အံကြိတ်ခေါ်သည်။

"ဒါနဲ့များ အချစ်သီချင်းတွေ ရေးနိုင်တာ အံ့ပါရဲ့၊ ဘာတဲ့ ဒူးထောက်ခစားပြီး ရင်ခွင်ကိုလှေလှော်ခွင့်ပြုသည်တဲ့"





သူရေးထားသော သီချင်းတစ်ပိုင်းတစ်စကို ရွတ်ပြသည်။

"လိုအပ်ရင်လည်းပြောပါ ဆရာ၊ ဆရာခံစားမယ့် အချစ် အတွအတွက် ခံစားချက်အစစ်တွေ ပေးရန်ရှိသည်ဆိုတာ သိအောင် ပြောပြထားတာ"

"မင်း တော်တော့"

အချိန်မီဟန့်ပေမယ့် ပြောရန်ရှိသောစကားက ဆုံးသွား ပြီ၊ သူမက ကျုရှင်လှေကားထစ်တွေကို ထီးပိတ်ပြေးတက်ရင်း သူ့ကို နှာခေါင်းရှုံ့ မျက်စိမှိတ်ပြသွားသေးသည်။

"ကျစ်…ဒီကောင်မလေးက"

ခါးထောက်ညည်းညူသည်။

"စိတ်မပျက်ပါနဲ့ ဆရာ၊ ဆရာတို့နှစ်ယောက် တကယ် လိုက်တယ်"

ပြောရင်း ဖြတ်ကျော်သွားတာ မိမျိုးနှင့်ပပ။ တိုင်းမှာ သာ တစ်ခရီးတည်းအတူလာပြီး ခရီးဆုံးကျတော့ တစ်ယောက် တည်း ကျန်ခဲ့ရသည့်အဖြစ်။ နောင်ဆို ဒီသုံးယောက်နှင့် ရှောင် ရန် ဆောင်ရန်တွေကို သတိထားရန် ကိုယ့်ကိုယ်ကို သံပတ်ပေးရင်း



www.burmeseclassic.com

www.burmeseclassic.com

တ…။

ဒေါသနှင့်သူက ပန်းယွန်းလွှာတို့ကြောင့် လက်ပွန်းတတီး ဖြစ်သွား၏။

◆ ◆ ◆



## အခန်း (၉)

"အရည်ဟင်းက ကြက်ရိုးနဲ့ပဲ ချက်တာ ထည့်ပေး ထားတယ် မုန်တိုင်းရေ၊ ကြက်သားဗလချောင်ကြော်၊ အသည်း အမြစ်ဆီပြန်နဲ့ အသုပ်က မြင်းခွာရွက်သုပ်၊ ဟဲ့…ပြီးရင် အချိုတည်းဖို့ ထက်ဖက်ဆီစိမ်လေးနဲ့ အကြော်စုံပါထည့်ပေး ထားတယ်"

"ဟင်းတွေကများလှချည်လား ကြီးတော်မြ၊ ထမင်း လခ ဦးပေးနိုင်ဘူးနော်"

"အမလေးဟယ်…ဒီရပ်ကွက်ထဲနေလာကြတာ နှင့် တစ်သက်ရှိနေပါပြီဟဲ့၊ အဲဒီလောက်အထိ ငါ စီးပွားရေးမဆန် ပါဘူး၊ တကတည်းတော်‥တစ်ကိုယ်ရေတစ်ကာယသမားအဲ့


www.burmeseclassic.com

www.burmeseclassic.com



ကပ်စေးနဲလိုက်တာလွန်ပါရော၊ ဟွန်း…ရူပါဂလူးထက်တော
အခွာရခက်တဲ့လူစားမျိုး''

''တစ်ယောက်စိတ်တစ်ယောက် ရှင်းရှင်းသိထားတော့
ဆက်ဆံရတာပြေပြစ်တာပေါ့၊ ကျွန်တော် ကပ်စေးနဲမှန်းသိရင်
ကျွန်တော့်ဆီက တိုးတောင်းလို့ရမယ်ထင်ပြီး ဖွယ်ဖွယ်ရာရာ တွေ
မချက်ဖို့ပြောတာ၊ ဘာနဲ့ပဲစားစား အရသာမခံတတ်အောင်
လျှာကိုကျင့်ထားပြီးသား''

''ကောင်းပါ့တော်…လျှာသူတော်ကောင်းလေးရေ
ဒီမှာစားသွားမလား၊ တစ်ခါတည်း ခူးခိုင်းလိုက်မယ်''

''ဟင့်အင်း…ထုံးစံအတိုင်း ချိုင့်ဆွဲပဲလုပ်ပေး၊ ကျွန်တေ
ထမင်းအိုးတည်ထားခဲ့တယ်''

''ပြီးရော…ပြီးရော''

ထမင်းဆိုင်ပိုင်ရှင် ကြီးတော်မြက သူ့ကို ခပ်ရွဲ
လှမ်းအော်သည်။ ထို့နောက် စားပွဲထိုးလေးလာပေးသော ထမ
ချိုင့်နှင့် လက်ဖက်ထည့်ထားသော ကော်ဘူးအကြည်လေးကို သူ
ယူကာ အိမ်ဘက်ဆီပြန်လျှောက်ခဲ့၏။





တနင်္လာနေ့က သောကြာအထိက စာသင်ဝိုင်းတွေနှင့်
အားလပ်တာကြောင့် မနက်စာ ညစာကို သူက လှမ်းသောဆိုင်
တွေမှာပဲ ကြုံသလို ဖြေရှင်းတတ်သည်။ အိမ်ပြန်ချိန် ညဦးနက်
ကြောင့် ထိုအချိန်ကြီးအထိ ကြီးတော်မြဆိုင် သူ အားကိုး၍မရ။
၊ တနင်္ဂနွေကျတော့ သူက အိမ်မှာ အချိန်ပြည့်ရှိကာ ဂစ်တာ
စ်လုံးနှင့် သီချင်းတွေရေးနေတတ်သူမို့ တစ်လမှာ ရှစ်ရက်အတွက်
ကြီးတော်မြဆိုင်မှာ ဟင်းလပေးယူ စားသည်။ ပုံမှန်အသားဟင်း
စ်ခွက်နှင့် အရည်ဟင်းမှာ အရွက်ကြော်ဆိုတာ ပေါ်တစ်ခါ
ကတစ်လှည့်။ ဒါလည်း သူ ကြေးမများ။ သူ့အတွက်က
င်းဟင်းတွေ ဇိမ်ဆွဲစားနေရသည့် လူတန်းစားထဲမပါဝင်ခဲ့။
ခါတလေ သံစဉ်တွေရှာရင်း စာသားအသစ်အဆန်းတွေထဲ
င်းတိုးနစ်မြုပ်နေသည့်အခါ မျိုးမှာ မနက်ညကို တစ်နပ်တည်း
င်းစားရတာမျိုးရှိသည်။

''မင်းကွာ…ဒါများ ချိုင့်ဆွဲစားနေသေးတယ်၊ ချိုင့်တွေ
ကန်တွေ ဆေးရတာ အလုပ်တောင်ပိုသေး၊ တစ်ကိုယ်တည်းပဲ
ဆိုင်မှာစားပြီး ရေပါတစ်ဝသောက်လာခဲ့၊ အဲဒါ စရိတ်အငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

ရေးဖော်ရေးဖက် တေးရေးဆရာတစ်ယောက်က နည်းလမ်းပေးဖူးသည်။ တိုင်းက အပြုံးနှင့်ပင် ခေါင်းခါတတ်စမြဲ။ ကိုယ့်ရပ်ကွက်အထာ ကိုယ်အသိဆုံးလေ။ ကြီးတော်မြ ဆိုင်က ဒီရပ်ကွက်ရဲ့လမ်းဆုံမှာ ထီးထီးရှိသောဆိုင်မို့ ဈေးသွား ဈေးလာ အမျိုးသမီးကြီးငယ်မရွေးက ထိုဆိုင်မှာ ခရီးဖာစ်ထောက်နားကြသည်။ ထမင်းဆိုင်တင်မက လက်ဖက်ရည်ဆိုင်၊ ဖုန်းဆိုင်ပါ တွဲဖွင့်ထားသည်။

"မင်းကြည့်တာပဲ တိုင်းရ၊ မျက်စိတောင် အစာကျွေးလို့ရသေးတယ်၊ ဈေးဆိုင်၊ လက်ဖက်ရည်ဆိုင်နဲ့ ဖုန်းဆိုင်တွေက ငါတို့အနုပညာရှင်တွေအတွက် ကုန်ကြမ်းထွက်ရှိရာအရပ်"

သူ့ထက်ဝါရင့်သမ္မာရင့်သော တီးဝိုင်းသမား တစ်ယောက်ကလည်း ပြောဖူးသည်။ ဒါပေမဲ့ ကိုယ့်အကြောင်းပါသော ကုန်ကြမ်းမျိုးတော့ ဘယ်အနုပညာရှင်က နားထောင်ချင်ပါ့မလဲ။ မကောင်းသတင်းကို ကုန်ကြမ်းအဖြစ် ယူချင်ပါ့မလဲ။ သတင်းစုံသော ကြီးတော်မြတို့ဆိုင်တွင် တစ်ခါတုန်းဆီက မမသတင်းသည်





ထည်း ပေါ်ပြူလာအဖြစ်ဆုံး ထွက်ပေါ်ဖူးခဲ့သည်။

"ဟေး...တိုင်း"

ခေါ်သံကြောင့် နောက်လှည့်ကြည့်သည်။ အဖြူရောင် ဆလွန်းကားက သူ့ဘေးတွင် ကပ်ကပ်လေးရပ်သည်။

"ဟာ...ကိုဝဏ္ဏ"

"ဟေ့ကောင်...တက်၊ ငါ မင်းအိမ်ကိုလာတာ"

ကားခေါင်းကကွေ့ပြီး မောင်းသူနေရာဘေး၌ သူဝင်ထိုင်သည်။

"ကိစ္စရှိလို့လား ကိုဝဏ္ဏ"

"အေးကွ...ဟိုတစ်ခါ မိန်းကလေးတွေအတွက် မင်းရေးထားတဲ့ Own Tune နှစ်ပုဒ် ရှိသေးလား"

"အင်း...ရှိတယ်လေ"

"အေး...အဲဒါ ဝယ်မယ့်သူရှိတယ်၊ အဆိုရှင်အသစ်ပဲ၊ ငါ အရိတ်(ချ်)မင့်(န်) လုပ်ပေးရမှာ၊သူက မင်းရေးတဲ့ သီချင်းတွေကြိုက်တယ်တဲ့၊ အဲဒါ ဖြစ်နိုင်ရင် တစ်ခွေလုံးစာကို မင်းတစ်ယောက်တည်းနဲ့ သီးသန့်လုပ်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ကိုဝဏ္ဏက သူ့ဘက်သို့ ရယ်ကျဲကျဲနှင့်ကြည့်သည်။

"မင်း အံ့သြသွားပြီမဟုတ်လား"

"ကျွန်တော့်ထက် နာမည်ကြီးတေးရေးဆရာတွေ အများကြီးရှိတာကိုဗျာ"

"နာမည်ကြီးတိုင်း လူကြိုက်များတာမှမဟုတ်တာ၊ အဆိုတော်(·······)ရဲ့ အခွေထဲမှာ မင်းသီချင်းနှစ်ပုဒ်ပဲ ပေါက်တာလေ၊ ကျန်တဲ့သီချင်းတွေက နာမည်ကြီးတွေဝိုင်းရေးပေးထားတာပဲ၊ ဒါပေမဲ့လူသိမများဘူးကွ"

သူ့အိမ်ရှေ့မှာ ကားထိုးရပ်တော့ တိုင်းက အရင်ဆင်းရင်း ခြံတံခါးသော့ဖွင့်သည်။

"လာ···ကိုဝဏ္ဏ"

လေ့ကားသုံးထစ်နှင့် အိမ်ပေါ်ဦးဆောင်တက်ပြီး ဖျာချောတစ်ချပ်ခင်းပေးသည်။ ကိုဝဏ္ဏက ဖျာပေါ်ဝင်ထိုင်သည်။

"ဘယ်လိုလဲ ဟောကောင်၊ တစ်ခွေလုံးစာ မင်းတာဝန်ယူနိုင်ပါ့မလား"





တိုင်းက ချိုင့်ကို နီးရာစားပွဲပေါ်တင်သည်။

"တစ်ခွေလုံးတော့ မကောင်းပါဘူးဗျာ၊ ကျွန်တော့်

ကျိုင့်လည်း ကိုဝဏ္ဏသိသားနဲ့၊ ကျွန်တော်က မလောချင်ဘူး၊

တော့ ခံစားမှုနဲ့တိုက်ဆိုင်မှ ရင်ထဲကဖီလင်ကို သံစဉ်ထည့်

င်တာမျိုးဆိုတော့ လက်ရှိနှစ်ပုဒ်ပဲ ပေးကြည့်လိုက်ပါ"

ကိုဝဏ္ဏက သူ့ကိုကြည့်ကာ မဲ့တဲ့တဲ့ရယ်သည်။

"မင်းက အနုပညာသမားတွေထဲမှာ မာနအကြီးဆုံး

ကောင်"

ပေးသမျှမှတ်ချက်ကို သူ ခေါင်းငုံ့ခံယူရန် အသင့်ပြင်

ထားပြီးသား။ သူ့အတွက်တော့ မာနဆိုတာ အနုပညာသမား

ယ်ဖြစ်မှ ထားခဲ့သောအရာမဟုတ်။ မပြည့်စုံခြင်းနှင့် မာနရဲ့

ယ်ပယ်ထဲ အချိုးကျပြီးသားဖြစ်သည်။

အရာရာကို အင်အားအပြည့်နှင့် သိမ်းယူနိုင်ရန် လုပ်

သမျှအလုပ်တိုင်းက အရှိန်ကောင်းကောင်းနှင့် စီးဆင်းနေမှဟု

ယူထားတာကြောင့် လေပွေအရှိန်လောက်တောင် မမှုချင်သော

န်တိုင်းသည်···။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

“ဒီနှစ်အတွက် မြို့အသေးလေးတွေမှာ ထပ်ဖွင့်တဲ့ ဘဏ်ခွဲတွေအတွက် ကြော်ငြာရိုက်ရမယ်၊ တို့လေကြောင်းလိုင်း အတွက်လည်း ကြော်ငြာနှစ်ခုလောက် ရိုက်မယ်စိတ်ကူးတယ်၊ ဝန်ဆောင်မှုတွေ၊ ကတ်စတမ်မာတွေအတွက် မနစ်နာစေတဲ့ အာမခံမှုတွေသိအောင် မီဒီယာတွေကတစ်ဆင့် ဖြန့်ရမှာဆိုတော့”

“အဲဒီအတွက် ဒေါ်ထိပ်ထားက ဘယ်လိုဖြစ်စေချင်လဲ”

“ဖြစ်စေချင်တာထက် ကျွန်မက ဖြစ်သင့်တာပေါ့၊ ဒီခေတ်က ဘယ်ကိစ္စမဆို ကြော်ငြာအားကောင်းမှ ဝယ်လိုအား



www.burmeseclassic.com

www.burmeseclassic.com



တက်လာတာမျိုး၊ ဒီထဲမှာ ကြော်ငြာတိုင်းလည်း မဟုတ်ပြန် ဘူး၊ ဒီခေတ်ပြည်သူတွေက အမြင်ကျယ်လာတဲ့သူတွေဆိုတော့ ပစ္စည်းရဲ့ကွာလတီကိုလည်း ကြည့်တာရှိတယ်"

"ဟုတ်ပါတယ်၊ ကွာလတီမကောင်းတဲ့အခါ ဘယ်လောက်ကြော်ငြာအားကောင်းကောင်း ရပ်တည်မှုက ကြာရှည်မခံနိုင်ဘူးလေ"

ရှယ်ယာဝင်တစ်ဦးကပြောသည်။ ထိပ်ထားစီးပွားရေးအင်အားစုအတွက် ခွေးနွေးစရာကိစ္စရပ်တွေပေါ်လာတိုင်း ပန်းယွန်းလွှာတို့အိမ်ရှိ အစည်းအဝေးခန်းမဲ့သော ကျင်းပမြဲ။ ဒါဟာ အဘွားအသက်အရွယ်ကို ထောက်ထားတာမျိုးဖြစ်သလို ကုမ္ပဏီခေါ်တိုင်း ဘယ်အခါမှမလိုက်သော ပန်းယွန်းလွှာအတွက် ရှယ်ယာဝင်တွေနှင့် မိတ်ဆက်ပေးတာမျိုးလည်း ဖြစ်သည်။ ကိုယ့်အိမ်ကိုယ့်ယာပေမယ့် ပန်းယွန်းလွှာမှာ ဝတ်နေကျ ပခုံးချိတ်ရှုံ့ကြိုးတစ်ချောင်းတည်းအင်္ကျီတွေ၊ ဂျင်း(န်)ဘောင်းဘီတိုတွေ စွန့်လွှတ်ရကာ ကော်လံပါသော ရှပ်အဖြူနှင့် ဒူးဖုံးစကတ်အနက်ကို တွဲဝတ်ထားရတာ စိတ်ကျဉ်းကျပ်လှပြီ။





"ဟုတ်တယ်၊ ကျွန်မတို့ ရေသန့်ကြော်ငြာပဲကြည့်၊ နိုင်ငံရပ်ခြားမှာ သွားရိုက်တယ်၊ ပါဝင်တဲ့အက်တာတွေက တကယ့်နာမည်ကြီးကို ပစ္စည်းကွာလတီကကောင်းတော့ ဝယ်လိုအားက ချက်ချင်း အုန်းခနဲတက်သွားတာလေ"

"ဟုတ်တယ်ဗျ၊ ဒါဆို ဒေါ်ထိပ်ထားက ကြော်ငြာကို ဘယ်လိုပုံစံမျိုးနဲ့ လွှင့်ချင်လို့လဲ၊ ပလေးဘက်နောက်ခံထားပြီး လွှင့်တာမျိုးလား၊ စကားပြောနဲ့ စတိုရီပုံစံလွှင့်မလား"

"ဒန်ဆာအဖွဲ့ထည့်ပြီး သီချင်းမြူးမြူးလေးနဲ့ဆိုရင်ရော အဘွား"

မိသားစုပိုင်လုပ်ငန်းထဲ ဆွဲသွင်းတိုင်း ဥပေက္ခာတရားနှင့်နေတတ်သော မြေးမရဲ့ အကြံပေးစကားကြောင့် ဒေါ်ထိပ်ထားမျက်နှာကြီး ပြုံးကျသွားသည်။ ဒီလိုဖြစ်စေချင်ခဲ့တာ ကြာပြီ။ ကိုယ်မရှိတော့လျှင် ဒီလုပ်ငန်း ဒီကုမ္ပဏီတွေကို လက်လွှဲပိုင်ဆိုင်ရမှာ ဒီမြေးမဖြစ်တာကြောင့် ဒေါ်ထိပ်ထားက မြေးဖြစ်သူဘက်ဆီ ကိုယ်ကိုတစောင်းလှည့်ထိုင်သည်။

"ပြောပါဦး၊ မြေးရဲ့စိတ်ကူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို…ထူးခြားသွားအောင်ပါ၊ ဘဏ်တွေကြော်ငြာတဲ့နေရာမှာ ဒန်ဆာအဖွဲ့နဲ့ကြော်ငြာတာ မရှိသေးတော့လေ၊ သီချင်းမြူးမြူးလေးနဲ့ဆို လူတွေစိတ်ဝင်စားမလားလို့"

"ဒါဆို ဒီကြော်ငြာပရောဂျက်ကို မြေး တာဝန်ယူနိုင်မလား"

"ပန်းယွန်း ကြိုးစားကြည့်ပါ့မယ် အဘွား"

ပန်းယွန်းက ကုမ္ပဏီလူကြီးများရှေ့တွင် အာမခံချက်ပေးခဲ့သည်။ ပန်းယွန်းရဲ့ စိတ်ကူးက အဘွားမျှော်လင့်ထားသလောက် မကြီးကျယ်ပေမယ့် သူမရင်ခုန်သံအတွက် ခမ်းနားခြင်းတစ်ရပ်ဖြစ်သည်။

တကယ်ဆို အချစ်က ဘာမှန်းမသိခင်ကတည်းက ပန်းယွန်းလွှာ နေရာယူခဲ့သည်က ပေးဆပ်သူတစ်ယောက်။

◆ ◆ ◆



## အခန်း (၁၁)

"ဟော…လာပြီ"

ပန်းယွန်းလွှာက ထိုသို့ရေရွတ်ရင်း ကားပေါ်မှ ကိုယ်ကို တည့်တည့်ပြင်ထိုင်သည်။ စတီယာရင်ကို စိတ်အားထက်သန်စွာ လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ ခါးကိုဆန့်၍ လည်တိုင်ကို ရှည်ထွက်စေသည်။

"အဲဒီလောက်အထိ ဖြစ်ရလိုသလားဟယ်"

ပပက ဘေးနားမှာထိုင်ရင်း မဲ့မဲ့ရွဲ့ရွဲ့နှင့်ဝင်ပြောသည်။ ပန်းယွန်းလွှာကတော့ ကားမှန်ရှေ့မှမြင်နေရသော သူ့ဟန်ပန်ထံမှ တစ်ချက်ကလေးမှ အကြည့်မလွှဲရက်ခဲ့။ ပုံသဏ္ဌာန်အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခေတ်စားနေသော ဆံပင်ပုံဆန်းတွေကြားမှာ မုန့်တိုင်းက ဘေးခွဲဆံပင်ကို ခပ်တိုတိုညှပ်ထားတာကြောင့် ဖြူဝင်းသော လည်ကုပ်သားတွေ၊ နားရွက်ဖျားရဲရဲလေးတွေကို ထင်ရှားစွာ တွေ့ရသည်။

"သူက ပုဆိုးလေးနဲ့လည်းလိုက်သားပဲ"

တီရှပ်တစ်ပတ်နွမ်းအနက်ကို ပုဆိုးအနီကွက်လေးနှင့် တွဲဝတ်ထားသော မုန့်တိုင်းကိုငေးရင်း ပြောသည်။ ဒီနေ့က စနေနေ့။ သူမတို့နှင့် တိုင်း တွေ့ရန်အကြောင်းမရှိပေမယ့် တိုင်း ရှိရာ ဤနေရာသို့ ပန်းယွန်းတို့ရောက်ခဲ့တာ ဒီနေ့နဲ့ဆို လေးပတ် မြောက်ခဲ့ပြီ။ ဒီရပ်ကွက်လေးထဲမှာ သူနေသည်ဆိုတာကို သူမတို့နှင့် ကျူရှင်အတူတက်သော သီရိက သတင်းပေးခဲ့ခြင်းဖြစ်သည်။

"ငါတို့နဲ့ကားလမ်းမကြီးပဲခြားတဲ့ ရပ်ကွက်ထဲမှာနေတာ အဲဒီရပ်ကွက်ထိပ်မှာ ထမင်းဆိုင်နဲ့ လက်ဖက်ရည်ဆိုင် တွဲဖွင့်ထား တာရှိတယ်၊ အဲဒီဆိုင်မှာ မုန့်တိုင်းက ထမင်းချိုင့်ဆွဲစားတာမျိုးဟဲ့ စနေ တနင်္ဂနွေဆို နေ့လယ်ဆယ့်ဆစ်နာရီလောက် သူ ထမင်းချိုင့် လာယူတာပဲ"





"အမယ်...နင်က ကွင်းဆင်းပြီး တော်တော်လေ့လာ ထားတာပဲ"

"ဒီလိုပေါ့၊ အကြောင်းမသိခင်က စိတ်ဝင်စားချင်စရာ ပဲ၊ အကြောင်းလည်းသိရော မုန့်တိုင်းဆို တော်ပါပြီတွေဖြစ် ကုန်တာမျိုး"

ပန်းယွန်းတို့ကတော့ သူ မရှိသည့်တစ်ရက်မှာ ဒီရပ်ကွက် ထဲ တစ်ပတ်လောက်မွှေတာနှင့် မုန့်တိုင်းအကြောင်းသိတာမှ ...ကာစေ့။ ခြံဝင်းတံခါးလေးကို စက္ကူပန်းရုံလေးနှင့် ငုံမိုးထားပြီး ...ကားထစ်လေးတွေပါဝင်သော ခြေတံရှည်အိမ်ကလေးကို မြင်ရ သောအချိန်မှာ ပန်းယွန်းရင်က တသိမ့်သိမ့် တငြိမ့်ငြိမ့်ခုန်နေခဲ့တာ။ အခုပြန်တွေး အခုရွေးထွေးဆဲဖြစ်သည်။

"ဟဲ့...ပြန်ထွက်သွားပြီ၊ နင်ကလည်း မုန့်တိုင်း ကသိုထား နေတာ ငုတ်တုတ်ကြီး အတိတ်မေ့သွားတဲ့အတိုင်း"

မိမျိုးက နောက်ခုံမှ ပခုံးတို့ပြီးပြောသည်။ ပပက

"မမြင်ဖူးရင်ကြည့်ထား၊ အဲဒါ အရှင်ထွက်လို့ခေါ် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…တော်ပါပြီ၊ ထမင်းဖိုးသွားပေးရအောင်"

"အေး…အခုတော့တော်ပြီပေါ့၊ ဟိုက မြင်ကွင်းထဲ
ပျောက်သွားပြီကိုး"

ပန်းယွန်းလွှာ ကားတံခါးဖွင့်ကာ အရင်ဆင်းသည်
မုန်တိုင်းမှတ်မိသွားမှာစိုး၍ စီးနေကျ မာ(ခ်)တူးကို ဆပ်(ဖ်)ကြ
နှင့် လဲစီးလာရပေမယ့် သူမရဲ့ တိုင်းကတော့ မျက်လွှာတစ်ချ
ပင် ပင့်မကြည့်သွား။

"ဟော…လာကြပြီ၊ ငါတို့ရဲ့ဖောက်သည်ကြီးတွေ"

ဆိုင်အရိပ်နှင်းတာနှင့် ဗိုင်ရှင် ကြီးတော်မြက အချို
သကာလူးသော ပြုံးအီအီမျက်နှာကြီးနှင့် ဆီးကြိုသည်
ပန်းယွန်းလွှာက အသင့်ပြင်ဆင်ထားသော ပိုက်ဆံတစ်ထပ်
ထိုးပေးသည်။

"မှာပြီးသားပေမယ့် ထပ်မှာရဦးမယ် အန်တီ၊ ဟ
လည်းမထပ်ပါစေနဲ့၊ ပြီးတော့ ပေါ်ပေါ်များများလေး ထည့်
ပါနော်၊ အချိုပွဲကအစ မလစ်ဟင်းပါစေနဲ့ အန်တီ"

"စိတ်ချပါ မိန်းကလေးရယ်၊ ကြီးတော်မြဘာ





ပြောင်းအလဲကြောင့် မုန်တိုင်းကတောင် သံသယမျက်လုံးကြီး
ဆင်းဝင်းနဲ့၊ အဟွန်း…ထမင်းလခထပ်ကိုးမှာစိုးလို့တဲ့"

"အန်တီ အဆင်ပြေသလို ပြောထားပေးပါနော်၊ ဒါပေမဲ့
ဒီလို ပန်းယွန်းလွှာတို့ လုပ်ပေးနေတာ သူ မသိပါစေနဲ့"

ရင်ဘတ်မှာ အရုပ်ကြီးတစ်ရုပ်သာပါပြီး အဖြူရောင်
ညပ်ပင်းပြပြနှင့် ဂါဝန်တိုက ဒူးဖုံးရုံသာရှိသည်။ ဖိနပ်ကျတော့
ဒါကြီးပေါ် အစိမ်းရောင်ယုန်ရုပ်လေးပါသော ခြေညှပ်ဖိနပ်နှင့်။
ဘာလက်ဝတ်လက်စားမှမရှိဘဲ ရိုးရိုးရှင်းရှင်းလေးပေမယ့် ကြည့်ရုံ
နှင့် လှချမ်းသာအသွင်အပြင်ရှိသည့်အပြင် စီးလာသော ကားက
ဘစ်လလာ တစ်ခါပြောင်းတာမို့ ကြီးတော်မြတို့က ဒါ သူဌေးသမီး
ဆို့ ကင်ပွန်းတပ်ထားပြီးသား။

"စိတ်ချပါကွယ်၊ ဒီကသမီးတို့စိတ်တိုင်းကျ ဖြစ်စေ
ရပါမယ်"

"ဒါဆိုလည်း ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး ဆိုင်အပြင်ရောက်တာနှင့် မိမျိုးက စကား
ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေသာ မာနမင်းသားသိရင် မိုးမီးလော
ဦးမလားပဲနော်"

"ဟဲ့ ...ဒီအကြောင်းတင် ဘယ်ကမလဲ၊ ဒီမိန်း
အကွက်ကျော်ရှေ့ထားတာလေ၊ သူတို့ဘဏ်တွေရဲ့ ကြော်ငြ
သီချင်းကို တစ်ဖက်လှည့်နဲ့ အပ်တာပါသိလို့ကတော့...."

"ငါက စေတနာနဲ့ပါ"

ပန်းယွန်းက ကားစက်နှိုးရင်း ပြောသည်။ တကယ် လည်း
သူ ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရတာကို ပန်းယွန်း မကြည့် ရက်
အလုပ်ကို ပင်ပန်းကြီးစွာ ခွန်အားနှစ်ဆသုံးပြီး လုပ်ရ သလော
အစားအသောက် အနေအထိုင်ကျတော့ ချို့ချို့တဲ့တဲ့။

"နင့်စေတနာကိုမြင်ရင်တော့ ကောင်းတာပေါ့၊ စေတ
ကို တလွဲတွေထင်ပြီး တုံ့ပြန်လာရင်တော့..."

"အရေးကြီးတာ သူ့မာနကိုထိခိုက်တယ်ဆိုပြီး ထင်
သွားရင် အဲဒါ ပွဲကကြမ်းမှာနော်၊ နင် မယုံမရှိနဲ့"

သူတို့ရပ်ကွက်လေးမှ ကားမောင်းထွက်လာရင်း ကျန်ရ
'ခဲ့မည့် သူ့အိမ်လေးအား ပန်းယွန်းက စိတ်ကူးနှင့် မှန်းဆကြည့်





သည်။

"သူ့အတွက် အလင်းရောင်ရမယ်ဆိုရင် ငါက
ကိုယ်တိုင်တောင် လောင်ကျွမ်းပြာကျပေးဖို့အသင့်"

"သွားပြီ ပပ၊ ပန်းယွန်းကို နာမည်ပြောင်းပေးလိုက်
တော့"

"ဘာလဲ...သွက်သွက်ခါ ဆိုပြီးလား"

"အေး...အခုလောလောဆယ်တော့ ဒီနာမည်က
သူနဲ့အသင့်တော်ဆုံး"

ကောင်းချီပေးသံ တညံညံကြားထဲမှာ ပန်းယွန်း
မြင်ယောင်မိတာ မာနခေါက်ချိုးရာတို့ဖြင့် ပြစ်မျိုးမှဲ့မထင်သော
မျက်နှာတစ်ခု။ ပြောပါစေ...မျက်တောင်ဖျားတွေကိုငေးရင်း
ရင်ခုန်မြန်ခဲ့သူ။ သူ့မျက်လွှာတပင့်ကြောင့် စိမ်းသက်သောအချစ်
နှင့် ရင်းနှီးခဲ့ရသူက ပန်းယွန်း ဖြစ်ခဲ့သည်။

မှန်တိုင်းက သူမ ရှုးရှုးမှူးမှူးချစ်ခဲ့ရသော ဘဝရဲ့ အချစ်ဦး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"စပွန်ဆာ အရှာကောင်းတာကိုး"

"မဆိုးဘူးကွ၊ တော်တယ်၊ ဒါက ဘဝနေထိုင်နည်းမှာ အလွယ်တကူသက်သာစေမယ့် ဖြတ်လမ်းနည်းသစ်"

"ဟော့ကောင်တွေ ဖာတ်လမ်းမဆုံးသေးဘူး၊ ချီးကျူးတာမစောနဲ့ဦး၊ အဟွန်း...တော်ကြာ နောက်ဆုံးမှ သူဌေးမလေးဆီက အစ်တာခံရလို့ အစ်မနည်းလိုက်ပြီး အဆိပ်သောက်နေမှဖြင့်"

ပြန်ကြားယောင်သောစကားတို့သည် မတ်လ၏ နွေနေပူအောက်မှာ သူ့ဒေါသသွေးတွေကို တရစ်ရစ်ဆူဝေလာစေသည်။ ဒေါသကိုထိန်းချုပ်ရခက်သဖြင့် တောက်ခတ်သံ အကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထွက်သွားတော့ တက္ကစီဒရိုင်ဘာ၏ အလန့်တကြားအကြည့်က နောက်ကြည့်မှန်မှတစ်ဆင့် သူ့ထံရောက်လာသည်။ တိုင်းထ ဖြေရှင်းချင်စိတ်လည်းမရှိတော့။

"ကျေးဇူးပြုပြီး မြန်မြန်သာမောင်းပေးပါဗျာ"

ရင်ထဲမှာ ခံစားရသမျှက အမွန်းကျပ်ဆုံးအဆင့်သို့ ရောက်နေခဲ့ပြီ။ သူ့ကမ္ဘာထဲ သူ့သံစဉ်တွေနှင့်ပျော်မွေ့ခြင်းသည် လူ့မှုလောကနှင့် ကင်းလွတ်ခြင်းလို့ တိုင်း မမြင်ခဲ့။ တကယ်ဆို လိုတာထက် ပိုဖော်ရွေပျူငှာသော ကြီးတော်မြကြောင့် သူ သံသယဝင်ခဲ့ဖို့ကောင်းသည်။ အခုတော့ မကြားတကြား အပြော ခံရသော ထော့လုံးငေါ့လုံးတွေရဲ့အဆုံးမှာ မမအကြောင်းပါဝင် လာ၍ သူ သွေးဆူခဲ့ရခြင်းဖြစ်သည်။ ကြားစက လူမှာမွန်ထူ ပြီး စိတ်ထွက်သွားတာက အသက်ပါ ပါတော့မတတ်။ ဒီနေ့ က တနင်္ဂနွေနေ့မို့ ထုံးစံအတိုင်း ချိုင့်ဆွဲ၍ ထမင်းဆိုင်အလာ ဒီလိုစကားမျိုးနှင့် ပုတ်ခတ်ခံရတာ လမ်းလယ်ခေါင်ကြီးမှာ။

"ဟော့ကောင်…မင်း ဘာစကားပြောတာလဲ၊ ဘယ်သူ့ကိုပြောတာလဲ"





သာမန်အချိန်ဆို နူးညံ့တတ်သလောက် စိတ်နောက် ထိုးပါမိလျှင် သူ့အသွင်က ဒေါသအရှင်းခံ၍ တင်းမာခက်ထန် သူ ဖြစ်သွားသည်။

"အာ…မဟုတ်ပါဘူးကွာ၊ ပြောရင်းတိုက်ဆိုင်သွားတာပါ"

"တောင်းပန်တယ် မုန်တိုင်းရာ၊ တစ်လမ်းတည်းသားချင်းတွေပဲ၊ ဆောရီး"

ပြဿနာမဖြစ်ချင်သူတွေက တောင်းပန်သလောက် သူ့ဒေါသကို ပုတ်နှိုးသောစကားတွေ ပြောတဲ့သူကတော့ မခိုးခနဲ့နှင့် ပြုံးကြည့်သည်။

"တကယ်မသိတာလား မုန်တိုင်း၊ ဒါဆိုရင်တော့ ယောက်ျားချင်း ရိုင်းပင်းပြီး ပြောပြလိုက်မယ်၊ ကြီးတော်မြကို မေးကြည့်လိုက်၊ ဘာကြောင့် စေတနာတွေဒီလောက်ကောင်းပြီး မင်းအတွက် ဟင်းအကောင်းစားတွေ ချက်ပေးနေရလဲဆိုတာ၊ အဟက်…ဟက်…ဟက်"

ရယ်သံက မုန်းစရာကောင်းလောက်အောင် နားထဲ



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လာသည်။ မုန်တိုင်းက ထိုရယ်သံကို ကြားရသောနေရာ မှာပဲ ပစ်ချထားခဲ့ကာ ဦးတည်သောခြေလှမ်းတို့က ကြီးတော်မြ ဆီ။ ဆိုင်ထဲရောက်တာနှင့် နီးရာစားပွဲပေါ် ချိုင့်ကိုပစ်ဆောင့် တင်သည်။

"ကြီးတော်မြ"

"ဟဲ့…လာပြီလား၊ ဒီနေ့ နောက်ကျသားပဲ၊ ဆိတ် ကလီစာကို ပြန်နွေးပေးလိုက်မယ်၊ ပြီးတော့ ကန်စွန်းချဉ်စပ် ကြော်လေး…"

"ကျွန်တော် မေးစရာရှိတယ်၊ ဒီဟင်းဖိုးတွေအတွက် ဘယ်သူက ကြီးတော်မြကို တာဝန်ယူပေးထားလဲ"

"အို…အစိပ္ပာယ်မရှိ၊ ဒါ မင်းပေးတဲ့ငွေနဲ့…"

"ကျွန်တော်ပေးတာထက် ပြန်ရတာ မကာမိဘူး ကြီးတော်မြ၊ အမှန်အတိုင်းပြောပါ၊ ကျွန်တော့်ဒေါသက လစ်မစ် မရှိဘူးနော်၊ ဒီထက်ကျသွားဖို့မရှိဘူး၊ တိုးလာဖို့ပဲရှိတယ်၊ ကြီးတော် မြနဲ့ ကျွန်တော် ရန်သူမဖြစ်ချင်ဘူး"

ဒေါသကြောင့် ပေါက်ကွဲတာမျိုးမဟုတ်။ စူးစူးရှရှ





ကြည့်ပြီး အေးစက်စက်ပြောသော မုန်တိုင်းအသွင်က ပြောရင် ပြောတဲ့အတိုင်း အကောင်အထည်ဖော်ရန် အသင့်ရှိလေသည်။ ကြီးတော်မြသည် တုန်လှုပ်ရှိုးအစွာနှင့်…

"ဟို…မင်းအတွက် မနစ်နာဘူး ဆင်တာနဲ့"

"လူတစ်ယောက်အတွက် နစ်နာတယ် မနစ်နာဘူး ဆိုတာ ဘာပေတံနဲ့တိုင်းသလဲ"

"ဟယ်…မုန်တိုင်းရယ်၊ ငါ ဘာမှမသိခဲ့တာ အမှန် ပါဟဲ့၊ သူက ဖြစ်သလိုနှင်စားတာ မကြည့်ရက်ဘူးဆိုပြီး တစ်လ စာ ငွေတွေပုံချပေးတော့ ငါလည်း နင် အစားကောင်းကောင်း စားရပါစေတော့ဆိုပြီး"

"တော်ပြီ ကြီးတော်မြ၊ ကျွန်တော်သိချင်တာ အဲဒီလူ၊ အဲဒီလူက ဘယ်သူလဲ"

ကြီးတော်မြက သူ့ကို ထိတ်လန့်စွာကြည့်သည်။ မုန်တိုင်းရဲ့မျက်နှာက နီရဲသုန်မှုန်ကာ ဘာကိုမဆို ပေါက်ကွဲပစ်ရန် တည်တင်းနေတာကို ကြောက်လည်းကြောက်သည်။ လူကြီးပီပီ ပေးထားသောကတိကိုလည်း တည်ချင်သည်။ သို့သော် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်က ကတိတည်ရန်ထက် ရာနိုင်နှုန်းများသွားသည်။

"အဲဒီ လူက..."

◆ ◆ ◆



## အခန်း (၁၃)

"ရပြီ ကားဆရာ၊ ဒီခြံဝမှာပဲရပ်"

ကားအရှိန် မသတ်ခင်ကတည်းက မှန်တိုင်း ကားတံခါးဖွင့်ကာ ခြေတစ်ဖက်ချတဲ့အထိ စိတ်စောနေသည်။ ဒေါသဆောင်သောစိတ်သည် လှမ်းသမျှခြေလှမ်းတွေကို နောက်ကျကျန်နေသည်ထင်ရအောင် မြန်ဆန်လွန်းလှ၏။ ဘဝတစ်လျှောက်လုံး မရင်းနှီးသူတွေ ရောက်လာကြသည်။ သူတို့သဘောအတိုင်း ပေးချင်တာတွေပေးကြ၊ သူ့သဘောတစ်ခုမှမပါဘဲ ပြန်ယူသွားကြတာက သူကိုးကွယ်ထားသော သိက္ခာနှင့်မာနတို့အား တရိရိ တိုက်စားခဲ့တာမျိုးဖြစ်သည်။

မိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော...ဆရာ ဒီနေ့အတန်းရှိလို့လားဗျ၊ အခါတိုင်း ဆို စနေ တနင်္ဂနွေ ဆရာ့အချိန်မပါဘဲနဲ့၊ ဩော်..သိပြီ၊ ကျေ ရွေ့အပတ်ထဲ စာမေးပွဲရှိလို့ အချိန်ပိုစာကူကျက်..."

"ပန်းယွန်းလွှာ ရှိလား"

မျက်မှန်းတန်းမိနေသော ခြံစောင့်ရဲ့ ရှည်ရှည်ဝေးဝေ စကားတွေကို သူ မကြားချင်။ အခုချိန်မှာ သူနှင့်တွေ့ရန် အလို အပ်ဆုံးလူက ပန်းယွန်းလွှာပင်ဖြစ်သည်။ ခြံစောင့်က လူတစ်ကိုယ် စာ ဝင်ပေါက်လေးကို ဖွင့်ပေးသည်။

"ရှိတယ်၊ အခုလေးတင် ပြန်လာတာ"

မြေရင်း ထုံးစံအတိုင်း အိမ်ကြီးဆီသွားရန် ယာဉ်ထေ လေးဆီ သူ့ကိုခေါ်သွား၏။ တိုင်းက အံတင်းတင်းကျိတ်ရင်း လည်ချောင်းဝအထိ ခုန်ခုန်တက်လာသောဒေါသတွေကို မ မဆန့်နှင့် လုံးထွေးကာ မျိုချနေရသည်။

"သူတို့ နားနေဆောင်မှာ ဆရာလေးရဲ့"

ရေကူးကန်ဆီသွားရန် ဖောက်ထားသော လမ်းသွယ် လေးဆီ ကားလေးက ချိုးကွေ့သွားသည်။ ကားရှေ့တည့်တည့်





မ်ဆုံး၌ နားနေဆောင်လေးရှိပြီး ထိုအဆောင်ပေါ်တွင် သူ၏ ဖြည့်မသုံးဦးစလုံးက လူစုံတက်စုံ။

"ဟယ်...ဆရာလာတယ်တော့"

"အတော်ပဲ၊ ဒီမှာ ပုစ္ဆာတွက်မရတာနဲ့"

မိမျိုးနှင့်ပပက ပြိုင်တူလှမ်းအော်သည်။ ပန်းယွန်းက ညီနှစ်ယောက်စလုံးအား ဒိုင်းခံနဲ မျက်စောင်းပိတ်ထိုးရင်း ထိုင် ရာမှ ဦးအောင်ထသည်။

"ငါ့ဆရာ နားပါစေဦးဟဲ့၊ ဆရာကလည်း အကြောင်း ကြား ဘာမကြားနဲ့၊ အဲဟီ...စာမေးပွဲနီးပြီဆိုပြီး ပန်းယွန်းတို့ ထို ချက်(ခ်)ကင် လာလုပ်တာမဟုတ်လား"

"အဟီး...တော်သေးတာပေါ့၊ ငါတို့ပြန်ရောက်တာ တာလို့"

တစ်ယောက်တစ်ပေါက်နှင့် အသံတွေထွက်နေပေမယ့် ဆရာ့ထံမှ ဘာစကားတစ်ခွန်းမှ ထွက်မလာဘဲ နားနေဆောင် လေးအထိ တက်လာကာ ပန်းယွန်းတို့စာအုပ်တွေ ချထားသည့် စားပွဲပေါ်၊စက္ကူအိတ်ကိုတင်ပေးသည်။ ရုတ်တရက်မို့ ပန်းယွန်းက



www.burmeseclassic.com

www.burmeseclassic.com



နားမလည်။ ဒီစက္ကူအိတ်ကို မှတ်မိသားပင်။ တစ်နေ့ကမှ မုန့်တိုင်း
အတွက် သူမတို့သုံးယောက်ရဲ့ မတ်လလစာငွေထည့်ပေးထား
ခြင်းဖြစ်သည်။ စာအိတ်ပေါ်မှာ ထုံးစံအတိုင်း သူမက ကွန့်သည်

"ဆရာမုန့်တိုင်းအတွက် တပည့်သုံးဦးမှ"

မင်အနက်နှင့် ရေးပေးလိုက်တော့ မိမျိုးက ငုံ့ကြည့်သည်

"နှင့်ဟာက လစာပေးတာနဲ့မတူဘူး၊ မင်္ဂလာဆောင်
လက်ဖွဲ့ပေးသလိုကြီး"

"အမှတ်တရပေါ့ဟဲ့၊ ဒီလတောင် လဝက်လောက်
ငါတို့ကတွေ့ရတော့မှာလေ၊ သူနဲ့ငါ့ကြားမှာ ဒီစာအိတ်လေး
ကြည့်မိတိုင်း တွေ့မိတိုင်း ပန်းယွန်းလွှာကို မမေ့အောင် အမှတ်
အသား လုပ်ပေးထားတာ"

"အဟွန်း..နှင့်စိတ်ကူးအတိုင်း ဖြစ်လာရင်တော့ ကောင်း
တာပေါ့၊ တော်ကြာ ဟိုက အိမ်သာသုံးစက္ကူအစား ဒီစာအိတ်
သုံးလိုက်ရင်တော့ နှင့်လက်ရေးတွေခမျာ..အေ့...ဝေါ့"

ပပက ရင်ဘတ်တွေဘာတွေဖိပြပြီး အော်ဂလီဆန်တာ
ကို သရုပ်ဖော်သည်။ မိမျိုးက ပြုံးစိစိနှင့်ကြည့်သည်။

"ဒါလည်း အမှတ်တရတစ်မျိုးပေါ့၊ မုန့်တိုင်းကို နင်က
ခြင်းအားဖြင့် သန့်စင်ပေးရတယ်လို့ သဘောထား"

ပန်းယွန်းလွှာမှာ ပေါက်ပေါက်ရှာရှာ ပြောတတ်သော
ယောက်အား ပြေးထုတာ မနေ့တစ်နေ့ကမှ။ အခု ဒီစာအိတ်
အထဲမှာ သူမတို့ပေးထားသည့် လစာအတိုင်း မို့မို့ဖောင်း
င်းနှင့် အရာမယွင်းဘဲ သူမရှေ့မှောက် ပြန်ရောက်လာသည်။

"ဆရာ...ဒါက"

"ဒီလစာ ငါပြန်ပေးတယ်၊ မင်းတို့ကို ငါ ဒီတစ်လ
တူမကျက်ပေးနိုင်တော့ဘူး၊ ငါ့အစား တခြားကိုက်(ဒ်)
ယောက် လာလိမ့်မယ်"

"ဟာ...မဟုတ်တာပဲ၊ ပန်းယွန်းတို့က ဆရာနဲ့ပဲ
င်ပြေ..."

"ငါ့ဘက်က အဆင်မပြေဘူး ပန်းယွန်းလွှာ"

"ဆရာ ဘာဖြစ်လာတာလဲဟင်"

မုန့်တိုင်းက မသိနားမလည်ရုပ် ဖမ်းနေသော သူမကို
ထောက်ကာ တည့်တည့်ရုပ်ကြည့်သည်။ ထိုအကြည့်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

သာယာကြည်နူးဖွယ်ရာတွေမပါဘဲ စစ်ချီဗုံမောင်းသံတွေ
နေရသည့်အတိုင်း မုန်တိုင်းမျက်ဝန်းတွေက စူးလက်ကာ
တောက်နေ၏။

"မင်း ငါ့ကို ဘယ်လောက်အထိ လျှော့တွက်
တာလဲ ပန်းယွန်းလွှာ"

"ရှင်"

"ငါက မင်းလောက်မချမ်းသာဘူး၊ စည်းစိမ်ဥစ္စာ
မင်းထက်နိမ့်ကျတာ ငါလက်ခံတယ်၊ ဒါပေမဲ့ နှိမ့်ချတာမျိုး
ငါ မလိုချင်ဘူး၊ ငါ အမုန်းဆုံးက ငါ့ကိုနှိမ့်ချပြီး ဆက်ဆံ
မျိုးပဲ"

"ဆရာ...ပန်းယွန်းက..."

"တော်ပါတော့၊ မင်း ဘာမှဆက်မပြောနဲ့တော့၊ ငါ့
မွေးရာပါခြေလက်တွေက အကောင်းကြီးကွ၊ ငါ့ခွန်ငါ့အား
ငါ့ဘဝကို ငါတည်ဆောက်နိုင်တယ်၊ စိန်စီတဲ့ဘဝမျိုးမှာ မ
ပေမယ့် ငါတတ်တဲ့ပညာနဲ့ ငါသွေးချွေးရင်းပြီး ငါရှာဖွေနိုင်တ
ဒါပေမဲ့ သူများပေးစာကမ်းစာကို ငါ မမျှော်ကိုးဘူး၊ မျိုလည်





တွေဘူး"

မုန်တိုင်းရဲ့ စကားလုံးပေါင်းများစွာသည် သူမနှလုံးသား
အထိ တိုက်ရိုက်စူးနင့်စေသော အဆိပ်လူးမြားတွေသာဖြစ်သည်။

"မသိလို့ ငါမျိုချခဲ့သမျှ ငါ ပြန်တွေးတိုင်း သံတုံး
သံခဲတွေလိုပဲ ရင်ထဲမှာ မကျေညက်နိုင်ဘူး ပန်းယွန်းလွှာ"

"ဆရာရယ်...ပန်းယွန်းက ဆရာ့အပေါ် စေတနာနဲ့ပါ၊
ဒို...ဆရာ ကောင်းကောင်းစားရပါစေဆိုပြီး"

မုန်တိုင်းက မတည်မပြုံးနှင့် သူမကို စိုက်ကြည့်သည်။
ထို့နောက် နှုတ်ခမ်းကို ခပ်ကွေးကွေးနှင့်မဲ့ကာ ခေါင်းတဆတ်
ဆတ်ညိတ်သည်။

"မပတ်သက်ကြတာ ငါ့အတွက် အကောင်းဆုံးပဲ
ဖြစ်လိမ့်မယ် ပန်းယွန်းလွှာ၊ မင်း စေတနာတွေ သိပ်ပေါ်နေရင်
ထမ်းဘေးက တောင်းစားတဲ့သူတွေဆီချပြလိုက်၊ သူတို့ရင်ထဲက
ကျေးဇူးတင်ကြောင်းတွေ ထွက်လာဟာ ခံစားပေါ့၊ ငါ့အတွက်
တတော့ ဆေးရိုးပေါ့၊ သနားသလိုလို ဟန်တွေနဲ့ မင်းရဲ့စေတနာ
က ငါ့သိက္ခာကိုနင်းချပစ်တဲ့ ခြေဖဝါးတွေလိုပဲ၊ ငါ လျှောက်မ



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ မင်းကို မတွေ့ပါရစေနဲ့"

မုန်းတိုင်းက ပြောပြီးတာနှင့် ချာခနဲလှည့်ထွက်သည် ... ကျောခိုင်းခဲ့ပေမယ့် ခေါင်းခါငြင်းဆန်ရင်း မျက်ဝန်းတောင် ... မျက်ရည်စတွေ ခိုတွယ်လာသော မျက်နှာတစ်ခုကို သူက အာရုံထဲ ... ထုတ်ပစ်ဖို့ကြိုးစားသည်။ ကြိုပို့ယာဉ်မရှိတော့သော အပြန်ခရီး ... သူ့အတွက် ဝေးလံသည်ထင်ရပေမယ့် တစ်ခဏချင်း ခြံတံခါးထ ... ရောက်သွား၏။ ရောက်ပြန်ကြီးဖြစ်သော သူ့ကြောင့် ခြံစော ... တအံ့တသြနှင့်ကြည့်သည်။

"ဆရာ…ချက်ချင်းကြီး၊ အဲဒီလိုမှန်းသိရင် ကျွန်တော် ... စောင့်နေတာပေါ့ ဆရာရဲ့၊ ကျွန်တော်က အခါတိုင်းလိုပဲ ဆ ... စာသင်နေမယ်ထင်ပြီး…"

"နောက်တစ်ခါ လမ်းမှာကြုံလို့ တွေ့ခဲ့ရင် ကျွန်တော် ... ကို မုန်တိုင်းလို့ပဲခေါ်ပါ"

ခြံစောင့်ပခုံးကို လက်တစ်ဖက်နှင့် ဖျစ်ညှစ်ပြီးပြောတော ... ခြံစောင့်ခမျာ မုန်တိုင်းကို အူလည်လည်နှင့်ကြည့်သည်။

"ဟုတ်…ဟုတ်ကဲ့ပါ ဆရာ"



သူက ခြံကြီးထဲကထွက်ပြီး လမ်းမဆီရောက်မှ ခေါင်း ... ငဲ့ကာ အိမ်ကြီးဆီလှည့်ကြည့်သည်။ သူ့အကြည့်ထဲတွင် ... မွှမ်းဆွတ်တသခြင်း၊ နှမြောခြင်းတွေမပါဝင်ဘာ သေချာသည်။

"မင်း မသိသေးလို့ပါ ပန်းယွန်းလွှာ၊ ဆင်းရဲတဲ့လူ ... တွေရဲ့မာနက သေစေတဲ့လက်နက်တစ်ခုဆိုတာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

“ဒီနေ့က ဆယ်တန်းတွေရဲ့ နောက်ဆုံးနေ့လေ”

“ဒါပေမဲ့ အဖြူအစိမ်းဝတ်တွေ မတွေ့ရဘဲ ကျောင်း ထွက်လာတော့ အပြင်အဝတ်အစားနဲ့ချည်းပဲကိုး”

“ပါပါတယ်၊ ဟိုမှာမတွေ့ဘူးလား”

“အို…တစ်ယောက်စ နှစ်ယောက်စပါ”

“ဝိဇ္ဇာတွဲ နောက်ဆုံးနေ့လေ၊ ဝိဇ္ဇာတွဲယူတာ များသော ဖြင့် နှစ်ကျသမားတွေများတယ်၊ သူက မြန်မာလိုချည်း ဖြေရတာဆိုတော့ အချိန်မပေးနိုင်တဲ့ ရုံးသမားတွေက ဝိဇ္ဇာ တွဲပဲ ကြတာမျိုး၊ အပြင်ဖြေတွေပေါ့၊ အိမ်က သမီးတော့ ဒီနှစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖရက်ရှာလေ၊ သိပ္ပံတွဲယူတာ"

"ဘယ်လိုလဲ၊ ဖြေနိုင်သတဲ့လား"

"ပြောတာပဲ ဖြေနိုင်တယ်လို့၊ မိဘစိတ်ချမ်းသာအောင် ပြောတာမျိုးလား၊ တကယ်လားဆိုတာ အောင်စာရင်းထွက်မှ သိရမှာ"

နားနားမှာ ကပ်ပြောနေသလို ကြားရသည်။ ရှေ့ကျောင်းလေးက လူအုပ်ကြီး ဝေါခနဲထိုးထွက်လာတာ တစ်စစီကျဲ ပြန့်သွားပြီးမှ ကားမှတ်တိုင်မှာ အများဆုံးလူစုတာလည်း တွေ့ နေရသည်။ တော်သေးတာပေါ့၊ စတူဒီယိုက ထွက်လာတာနှင့် သူ မှတ်တိုင်မှာသွားမရပ်မိတာ ကံကောင်းလို့။ အခါတိုင်းဆို နေ့ခင်းဘက် ကားချောင်ပေမယ့် ဒီနေ့တော့ ကျပ်မှာသေချာသည်။ စာမေးပွဲပြီး၍ သွားစရာ လည်ပတ်စရာများသော ကျောင်းသားတို့ ထုံးစံအတိုင်း လာသမျှကားက သူတို့ခရီးစဉ်နှင့် တိုက်ဆိုင်နေ တာမျိုး ဖြစ်နေလိမ့်မည်။

တိုင်းက ဖြုတ်ထားသော ရင်ဘတ်ကြယ်သီးအောက်တစ်လုံး ထပ်ဖြုတ်ရင်း မတ်လရဲ့အပူဒဏ်ကြားမှာ ဟိုသုံး





ယောက်ကို သတိရသွား၏။ သူနှင့် ဝိုင်းကပ်လျက်က မိန်းမကြီး ပြောတော့ ဖရက်ရှာတွေသာ သိပ္ပံတွဲအယူများတာတဲ့။ ဟိုသုံးယောက်ကတော့ ရီပီတာသာ ဖြစ်ခါမှဖြစ်ရော၊ ပြောသမျှ စကားက ကောင်းကင်မှာတက်ချိတ်လို့ရအောင် ကြီးကြီးကျယ် ကျယ်တွေချည်းပင်။

"ဝိန္ဒာတွေ ဝိပ္ပံတွေ စိတ်မဝင်စားပေါင်၊ ဂိုက်(ဒ်)နဲ့ အတူစာကျက်ရင် သိပ္ပံယူထားတာက ကိုယ်၊ အမှတ်များရင် ဆေးကျောင်းသွားလို့ရတယ်"

"အေး…နှင့်အကြံမဆိုးဘူး ပန်းယွန်းလွှာ၊ ဒါပေမဲ့ ဆယ်တန်းမှာတောင် တစ်တန်းတည်း နှင် သုံးနှစ်ဖြေတာ၊ ဆေးကျောင်းက တက်ရမှာ ခုနှစ်နှစ်"

"ကြားထဲမှာ ဆပ်ပလီထိတာနဲ့ ဘာညာကျတဲ့အချိန်ပါ ထည့်တွက်လေ ဝပရဲ့"

"အဲဒါကြောင့် မဆိုးဘူးပြောတာ၊ ပန်းယွန်းက ဒီနှစ် ဆရာဝန်ဖြစ်ပြီး အဟီး…နောက်နှစ်ဆို သက်ပြည့်ပင်စင်ယူလို့ရပြီ"

နှိပ်ကွပ်ပြီးဟော့ဆို သုံးယောက်ရှိသည့်ကြားက ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဂိုဏ်းက ကွဲသွားစမြဲ။ ကွဲခဲ့တိုင်း ပန်းယွန်းလှာတို့က တစ်ယောက်တည်းနှင့် တစ်သင်းထူထောင်တာမျိုးပေမယ့် အညွှန့်မခံ။

"ဟွန်း…ငါသာ ဆရာဝန်ဖြစ်လို့ကတော့ ရှိသမျှ အထူးကုတွေ ထိုင်ငိုသွားမှာ"

"အမယ်…နင်က"

"လုပ်သက်တစ်နှစ်နဲ့ သက်ပြည့်ပင်စင်ပါဆို"

နှစ်ယောက်က မျက်စတွေပစ်ပြီး အချိတ်အဆက်နှင့် ဝင်လောင်သည်။ ပန်းယွန်းလှာတို့ကတော့ ခပ်တည်တည်ပင်။

"အောင်မာ…ငါက ဆေးကျောင်းမှာ ဒီလောက် နှစ်အကြာကြီးနေခဲ့တော့ စာတွေကျေပြီလေ၊ လူနာရဲ့သွေးကြော စမ်းတာနဲ့ ဘာရောဂါဆိုတာ အတပ်ပြောလို့ရပြီ၊ ဒီခေတ်အထူးကုတွေ အီးစီဂျီဆွဲ၊ အာထရာဆောင်းရိုက်၊ ဓာတ်မှန်ပြားကြည့်ပြီးမှ ရောဂါပြောရတာမဟုတ်ဘူး"

"ဟဲ့…ဒါ အိုင်တီခေတ်၊ အိုင်တီစနစ်"

"တော်ပါ မိမျိုးရဲ့၊ ပန်းယွန်းက နန်းတွင်းသမားတော်ဖြစ်ချင်တာနေမှာ"





သူမတို့တစ်တွေရဲ့ စကားရည်လုပွဲမှာ ကိုးရိုးယားကား[illegible]လည်းပါသည်။ အထူးကုတွေလည်းပါသည်။ တောင်စဉ်[illegible]ရေသော တကယ့်ဆယ့်နှစ်မျိုးအသုပ်လို။ အခု ဒီသုံးယောက်[illegible] သိပ္ပံတွဲမှ လွှန်ခဲ့သော နှစ်ရက်လောက်ကတည်းက ပြီးလောက်[illegible]

"အစ်ကို"

အတွေးထဲမျောနေသဖြင့် အနားလာရပ်သော စားပွဲထိုး[illegible]ကို တိုင်းက အခုမှမြင်သည်။

"ဟင်"

"ဘာသောက်မလဲလို့"

"သြော်…အေး…အေး…လိမ္မော်"

"နှစ်လုံး"

မှာကြားသံက သူ့နောက်က ထွက်လာတာမို့ တိုင်းက [illegible]ကြည့်သည်။

"နှစ်လုံးမဟုတ်ဘူး၊ ငါ့အတွက်ပါ သုံးလုံး"

"သြော်…ငါ့ကျတော့ ဒီလိုထားခဲ့လို့ရမလား၊ ဟော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး…လိမ္မော် လေးလုံး”

ကြည့်စမ်း…သူနောက်ကျောစားပွဲမှာ ဘယ်အချိန်က ရောက်မှန်းမသိသော ပန်းယွန်းလွှာတို့သုံးယောက်။

“အဲဒီမှာပဲ သွားဝိုင်းရအောင်”

“အေးလေ…အအေးတောင် အတူတူမှာပြီးမှပဲ”

သူတို့သဘောနှင့်သူတို့ တိုင်းထိုင်နေသော စားပွဲ ပြောင်းလာသည်။ ရုပ်တွေကလည်း ကျောက်ကျောကို တ စိမ်ထားသလို ချွဲကျိကျိ စပ်ဖြဲဖြဲနှင့်။ သွားဘေးနား အသီး ဝင်ထိုင်ရင်း ပန်းယွန်းလွှာက တမင်တကာ မျက်မှောင်ကျုံ့ ရှုတည်တည်လုပ်နေသော သူ့ကို စဖို့ကြိုးစားသည်။

“အဟွန်း…အဆီလည်း မပြန်တော့ဘူးနော်”

ပပက သူ့ကို ဘေးတိုက်ကြည့်သည်။

“အသားလည်း ပိုဖြူလာသလိုပဲ”

“ဝက်ခြံလည်းမရှိတော့ဘူး”

မိမျိုးက ကြားဖူးနေကျ ကြော်ငြာစာသားကိုရွတ်သည်။

“ဂါနီးယားလိမ်းသလားဟင်”





“ပန်းယွန်းလွှာ”

သူက ခပ်ဆတ်ဆတ်ခေါ်တော့ ချလာပေးသော အအေး ဗူလင်းကို ပိုက်နှင့်သောက်ရင်းက ပန်းယွန်းလွှာက ထူးသည်။

“ရှင်”

ထူးပုံက မလိမ်မိုးမလိမ္မာရုပ်နှင့်။ တိုင်းက နားရင်းတွေကို အဖြောင်းဖြောင်းအုပ်ပစ်ချင်တာ လက်ကယားနေပြီ။ လူကိုများ ရယ်စရာတွေပြောပြီး လာရောနေတာများ မသိတာမှတ်လို့။ ဖြစ်ခဲ့ သမျှအတွက် ဒေါသလက်ကျန်ရှိနေပေမယ့် ဖြစ်ခါစလောက်တော့ သူမှာ သွေးမဆူတော့။

“ဒီကို ဘာလာလုပ်တာလဲ”

“မေးခွန်းက မှားနေတယ်”

“ဘာ”

“ဖြေနိုင်လားလို့မေးရမှာကို”

အောင်မာ…သူတို့ဘက်ကပဲ တပြန်စီး။ မျက်စောင်း ထိုးပြီးပြောပုံက တိုင်းပဲ လွန်ထားသလိုလို ဘာလိုလို။

“မေးတာပဲဖြေ”



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဟောက်ဟောက်နှင့် ဖိမေးမှ နွတ်ခမ်းတွေက မကျေနပ်ကြောင်း ရှေ့ပြေးနိမိတ်အဖြစ် ရှေ့သို့ နှစ်လံလောက် ထော်ထွက်လာသည်။

"ရှော့ပင်(န်)ထွက်လာတာ၊ မုန်တိုင်းကရော"

"မင်း အပူမပါပါဘူး"

"သူမေးတာကျတော့ ဖြေရပြီးတော့"

ရှူးရှူးနှင့် မကျေမနပ်ပြောတုန်းကိုပဲ တိုင်းက စားပွဲထိုးလှမ်းခေါ်သည်။ မတ်တတ်ထရပ်ကာ ပိုက်ဆံထုတ်ရင်း တစ်ငုံမှမသောက်ရသေးသော သူ့အအေးပုလင်းဆီ ညွှန်ပြသည်။

"ဟဲ့ ...ငါတို့အအေးဖိုးပါ ယူလိုက်၊ သီလာကောင်လေး"

ပုလင်းလိုက်မော့ချပြီးမှ ဆတ်ခနဲ စားပွဲဝိုင်းက ခုန်ထပြီး ပြေးထွက်သွားတော့လည်း သုံးယောက်က ဖြိုင်တူ။ စွပ်ကျယ်အပြာရင့်ရောင်ကို လိမ္မော်ရောင် ဒူးကျဘောင်းဘီ ကားကားလေးနှင့် ကတ်(ပ်)ဦးထုပ် တစောင်းလေး ဆောင်းထားသော သူမထံ ဆိုင်အပြင်ရောက်လာ၏။





"မုန်တိုင်းက သူများကျွေးတာမစားချင်တော့ မုန်တိုင်းကပဲ ကျွေးပေါ့"

သူက ပြေးလွှားသွားသော ထိုသုံးယောက်ကျောပြင်ကို ငေးရင်း ခေါင်းငုံ့ကာ တွေတွဲအထိ ရယ်မောမိသည်။ မုန်တိုင်းတဲ့...သူ့ကိုခေါ်တဲ့ အခေါ်အဝေါ်တွေ ပြောင်းသွားတာ ဒေါသကြောင့် သတိမထားမိပေမယ့် အခု သတိထားမိ၏။

သူ ဒေါသဖြစ်သွားပြီလား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အထဲဝင်စီးပါဗျာ၊ မှတ်တိုင်ရောက်ရင်ပြော၊ ကျွန်တော် ဦးခြောက်ဘီးလုံး ရပ်ပေးမယ်၊ အဝမှာ တစ်ပြီးရပ်မနေပါနဲ့၊ ဆိုးပါဗျ၊ ဟိုးအနောက်မှာ ဖိုးချစ်ဇာတ်တောင် သွင်းလို့ရတယ်၊ ထိုင်ပါဗျ၊ ကဲ...နေရာကျရင်တော့ ကားခလေးတွေ မစမယ်နော်၊ ပြီးအားဒီနားလည်း နစ်ရာ၊ ခရီးစဉ်အစအဆုံး သုံးရာ၊ ဒါ အထူး ကား"

"အောင်မာ...အထူးကားတဲ့၊ ဘယ်နားမှာထူးနေတာ လဲ"

"အေးလေ...ခုံအပြည့်တင်ဖို့လုပ်ထားတဲ့ ကားမှာ



www.burmeseclassic.com

www.burmeseclassic.com



ခုံကြီးတွေကရှည် လူသွားလမ်းက ကျဉ်းရတဲ့ကြားထဲ ကြည့်စမ်း ...အကုန်ကပ်ညပ်ပြီး မတ်တတ်ရပ်နေရတာ ခြေချစရာတောင် မရှိဘူး"

"ကဲပါ...အဒေါ်ကြီးတို့ရယ် စကားမများကြပါနဲ့၊ ကျွန်တော်တို့လည်း လည်သလိုလုပ်စားနေရတာပါဗျာ၊ အကျီအ ကွက်နဲ့အစ်ကို ဒီဘက်လှည့်ရပ်၊ ဂျာကင်အနက်နဲ့ အစ်ကိုက ဟိုဘက်လှည့်ရပ်၊ အဲဒီလိုကျောချင်းကပ်တော့.."

"ငါးသေတ္တာနဲ့ တူသွားတာပေါ့"

အသံက သူ့နောက်မှထွက်လာတာဖြစ်သည်။ တိုင်းက ကြားဖူးသလိုရှိပေမယ့် ထိုအသံရှင်ကို လှည့်မကြည့်အား။ ကျောချင်း ကပ်ရပ်နေကြသော လူတွေကြားမှ ဟိုးအနောက်ဆီ ကျောပိုးအိတ်ကို လက်တစ်ဖက်နှင့်မြှောက်ကိုင်ပြီး တိုးဝှေ့သွားနေရလို့ဖြစ်သည်။ သူ့အိမ်က ဒီကားရဲ့ခရီးဆုံးမှာရှိတာမို့ နောက်ဆုံးရောက်လေလေ သူ့အတွက် လူအတိုးခံရတာ သက်သာသည်။

"ဒီစီးရီးမှာ မင်းသီချင်းနှစ်ပုဒ်က ပေါက်ဦးမှာပဲ၊ အဲဒါ ကြောင့် အဆိုတော်ရော ထုတ်လုပ်သူရောက မင်းသီချင်းတစ်ပုဒ်ရဲ့





ခေါင်းစဉ်ကို စီးရီးတိုက်တယ်(လ်)ပေးတာသာ ကြည့်တော့"

ရေးဖော်ရေးဖက် တေးရေးဆရာရဲ့စကားကို ပြန်ကြား ယောင်ပြီး သူ့နှုတ်ခမ်းတွေ ပြုံးယောင်သမ်းသွားသည်။ ပြီးမှ ဗီတိ အပြုံးကို လက်စသိမ်းပြီး ဘေးဘီဝဲယာကို အကဲခတ်ရသေးသည်။ ရှုကျပ်ကျပ် ချွေးထွက်ထွက်ကြားမှာ ပြုံးနိုင်သူက တိုင်း တစ်ယောက်သာ။ ဒီနေ့ တက်သစ်စအဆိုတော်ရဲ့ တေးစီးရီး မိတ်ဆက်ပွဲသို့ သူ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

"အဟွန်း...တိုင်းရဲ့သီချင်းနှစ်ပုဒ်ကို သွင်းတဲ့အချိန်မှာ ကိုယ်ဖီလင်လာတာ သိလား၊ ဒီက ကြိုးစဉ်းစားပြီးသား၊ နောက်စီးရီးအတွက် တစ်ခွေစာလုံး တိုင်းကိုပဲ အပ်တော့မယ် လို့"

အဆိုရှင် ဘရဏီကိုယ်တိုင်က ထိုသို့ပြောလာခဲ့သည်။ ကိုယ်တော့ တေးရေးဆရာဆိုတာ အဆိုတော်တွေရဲ့အရိပ်။ သီချင်းတစ်ပုဒ် အောင်မြင်ကျော်ကြားသွားလျှင် ပရိသတ်က အဆိုတော်ကိုပဲ အရင်သိတာမျိုးဖြစ်သည်။

"ဒါပေမဲ့ ဒီဘက်ရောက်တော့ တေးရေးဆရာတွေရဲ့ ခေတ် ဖြစ်လာပြီကွ၊ အဆိုပြိုင်ပွဲတွေမှာ တေးရေးဆရာတွေ



www.burmeseclassic.com

ဒိုင်လုပ်တာမျိုးလေ၊ ပရိသတ်က တွဲသိလာပါပြီ''

''တချို့ဝတ္ထုရေးဆရာတွေဆို ကိုယ်တိုင်ရေး ကိုယ်တိုင် ဆိုကောင် လုပ်နေပြီ၊ မှန်တိုင်း မင်းလည်း တစ်ခွေလောက် ချ ပါထုတ်ပေးမယ်၊ မင်းအသံက မိုက်တယ်''

ရင်းနှီးသူ တေးထုတ်လုပ်ရေးပိုင်ရှင်က ပြောဖူးသည် တိုင်းက ရယ်သည်။

''နေပါစေ အစ်ကိုရာ၊ ပရိသတ်ကို အကြားဒုက္ခ မပေးချင်ပါဘူး''

ငြင်းပယ်ခဲ့သည်။ သူ့ဂါသနာကိုက သံစဉ်စာသား ရှာဖွေရင်း တစ်ပါးသူအတွက် အကောင်းဆုံး ပံ့ပိုးပေးချင်တာ မျိုး။ တေးဆိုဘက်မှာ ရွေးစကားအရ ပါရမီမပါဘူးပဲဆိုပါစို့။

''ညီကို ကားခလေး''

သူ့ရှေ့ရောက်လာသော စပါယ်ယာကြောင့် တိုင်း လက်ထဲအသင့်ဆောင်ထားသော နှစ်ရာတန်ကို ထိုးပေးလိုက်သည် စပါယ်ယာက နှစ်ရာတန်ကိုကြည့်ပြီးမှ မှန်တိုင်းကို ပြန်ကြည့်သည်

''နှစ်ယောက်ဆိုတော့ လေးရာလေဗျာ''



''ဘယ်နှစ်ယောက်လဲ''

''ပန်းပွင့်လွှာအတွက်ပါ ပေးလိုက်လေ''

''ဟင်''

ကြည့်စမ်း…ကိုယ့်ဘေးနားက ထိုမှက်ညှက်အသံ ကြားမှ တိုင်း ငဲ့ကြည့်တော့ ခေါင်းနပန်းကြီးသွားရသည်။ သူ့ဘေးနားမှာ လက်ကိုင်တန်းကို မမှီတမှီတွဲခိုရင်း ရပ်နေသည့် ပန်းပွင့်လွှာ။

''မင်း''

''ပေးလိုက်ပါဆို၊ ဟိုမှာ စပါယ်ယာက မျက်လောင် ကြီးနဲ့ ကြည့်နေပြီ''

''ကျစ်…မင်း တော်တော်ရှုပ်ပါလား ပန်းပွင့်လွှာ''

''အမယ်…ရှုပ်တယ်ပြောရအောင် သူ့ချိထားရတာ ကျနေတာပဲ''

စူပုပ်ပုပ်နှင့် နှုတ်ခမ်းလေးချွန်နေအောင် ရန်တွေ့သော သူမ ထံမှ တိုင်း အကြည့်လွှဲကာ ကားခတစ်ယောက်စာကို ထပ်ပေး လိုက်ရသည်။ ကုပ်ဝဲဆံပင်လေးအားလုံးကို ငယ်ထိပ်ပေါ် နစည်း ထားကာ တီရှပ်ခါးတိုနှင့် ဂျင်းဘောင်းဘီအတိုပေါ ဘက်(စ်)ကား





www.burmeseclassic.com

www.burmeseclassic.com



စီးခြင်းနှင့် မသင့်တော်ကြောင်း သိသာသည်။ တန်းကို လှမ်း
ဆွဲထားရတာမို့ ခါးတိုအင်္ကျီက အပေါ်မြောက်မြောက်တက်သွား
ကာ လှျို့ဝှက်အပ်သော အတွင်းသားတွေက ပုရိသတွေ
မျက်စပစ်နေသလို။ ကားတစ်ခါယိမ်းထိုးတိုင်း လူကပါ ဟိုယိမ်း
ဒီယိမ်းဖြစ်နေတာကိုကြည့်ပြီး တိုင်း စိတ်တိုလာသည်။ ရှပ်တယ်
ပြောတော့လည်း မကြိုက်။ တိုင်းက ခြေထောက်ကို ချုံရပ်သည်

"ဒီရှေ့ကိုလာ"

ကိုယ့်ရင်ခွင်ရှေ့ဆွဲခေါ်ကာ နံရံကို ကျောမှီကပ်ထားသော
သူမနဖူးပြင်နှင့် ကိုယ့်မေးဖျားက မထိတထိ။

"မင်း ဘာလိုက်လုပ်တာလဲ"

ကြည်နူးသာယာခြင်းတွေ ရင်ခုန်ခြင်းတွေကို စာရေး
ပဲဖတ်ဖူးသည်။ လက်တွေ့မှာတော့ လူကျပ်ကျပ်ထဲမှာ သူမ
ပဲ အလကားရသည့် ဒေါသပဲ လိမ့်ထွက်နေကာ ခပ်ငေါ
ငေါက်ငေါ့မေးသည်။

"ကားစီးတာပေါ့"

"ဒီကားကို မင်းစီးစရာလား"





"မုန့်တိုင်းက တက်သွားတာကိုး"

"ဟ…ငါက ငါ့အိမ် ငါပြန်တာလေ"

"ယန်းယွန်းလည်း လိုက်မှာပေါ့"

"ဘာ"

ခပ်ကျိတ်ကျိတ်ရန်ဖြစ်နေရာမှ ကိုယ့်အိမ်သို့ သူမ
လိုက်မည်ဆိုတော့ အလန့်တကြားဖြစ်ကာ သတိက လွတ်သွား
သည်။

"မုန့်တိုင်းကလည်း ဖြည်းဖြည်းအော်ပါ၊ ရှက်စရာ ကြီး
ရှတွေကြားထဲမှာ"

"သြော်…မင်းက ရှက်တယ်ပေါ့"

ခပ်ငေါ့ငေါ့ပြောပြီးမှ သေးပတ်ဝန်းကျင်ကို ငုံ့ကြည့်
သည်။ ကိုယ့်အဖြစ်က အများအမြင်မှာ ရယ်စရာသတ္တဝါလို
ဖြစ်နေပြီလားမသိ။ ကလေးပေါက်စအရွယ် ကောင်မလေးကို
ရင်ခွင်ထဲထည့်ပြီး ဥစ္စာခြောက်နေတာနှင့်တူနေသလို။ ပြုံးစေ့စေ့
နှုတ်ခမ်းများ ရယ်မြူးရိပ်စွန်းသော မျက်ဝန်းများကြောင့် ရှက်သွေးတို့
ဟုန်းခနဲကြွလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မှတ်တိုင်ပါတယ်၊ လာခဲ့"

စနစ်တကျတိုးဝင်ခဲ့သော လူတွေကြား ဖြစ်သ
ကျော်လွှားရတာ လက်လွှတ်ခြေလွှတ်မဟုတ်။ တစ်ဖက်က
ကျောပိုးအိတ်ကြီးဆွဲပြီး နောက်လက်တစ်ဖက်က သူမကို ဆွဲ
ခေါ်ရသည်။ ကားအောက်ဆင်းသည်အထိ တိုးတိုးဝှေ့ဝှေ့ဖြစ်နေ

"အားလားလား...ပြုတ်ပြတ်ကျန်ခဲ့သလားတောင်
မသိဘူး၊ ကျုပ်လိုက်တာတအားပဲ၊ ဟူး...အခုမှပဲ အောက်ဆီကျ
ကို တစ်ဝကြီးရှူရတော့တယ်"

ဘာညာနှင့် ရှူးကွက်နင်းနေသော သူမကို တိုင်းထ
ရှုတည်တည်စိုက်ကြည့်ရင်း ကျောပိုးအိတ်ကို ပခုံးတစ်ဖက်မှ
ချိတ်လိုက်၏။

"ကဲ...ပြောစမ်းပါဦး၊ မင်း ငါ့နောက်လိုက်ရတဲ့
အကြောင်း"

"မုန့်တိုင်းကို တောင်းပန်မလို့"

မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြောရင်း စကား
ဆုံးတော့ အဟီးခနဲ ရယ်ပြသည်။ တိုင်းက ထိုအချိုးအချိတ် မျေ





သော မိန်းကလေးအား နဖူးကို ဝိတ်ထုပစ်ချင်စိတ်အား မနည်းထိန်း
လိုက်ရ၏။

"မင်း ကားမပါဘူးလား"

"ပါတယ်၊ ဒါပေမဲ့ မုန့်တိုင်းကိုတွေ့တဲ့ မှတ်တိုင် နားမှာပဲ
ထားခဲ့တာ"

"မင်း သိပ်ချမ်းသာကြောင်း မကြွားနဲ့"

"မကြွားပါဘူး၊ မချမ်းသာလို့ ကားတောင် သူများနဲ့
ကပ်စီးရတာ"

ပြောပုံက...။ တိုင်းက မျက်လုံးကို ခပ်စွေစွေလုပ်
ကြည့်သည်။

"ဖုန်း မပါဘူးလား၊ တစ်ယောက်ယောက်ဆီ ဖုန်းဆက်ပြီး
လာခေါ်ဖို့"

"ဘာမှမပါဘူး၊ မုန့်တိုင်းကိုတွေ့တာနဲ့ အားကိုးပြီး
လိုက်လာတာ၊ အကုန်ပစ်ထားခဲ့တယ်"

"တော်ပြီ"

အလျင်အမြန်တားလိုက်ရသည်။ မတားလျှင် ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com



ထွက်မည့်စကားတွေက သင့်၏ မသင့်၏ မတွေးဘဲ စိတ်ထင်ရာ ပေါက်ပေါက်ဖောက်မည့်ရုပ်နှင့်။ မှန်တိုင်းဆင်းသော နေရာက သူ့အိမ်ရောက်ဖို့ အဝေးကြီးလိုပေမယ့် သူမအိမ်နှင့်တော့ သိပ်မဝေးသောနေရာ။ ္ကသွားလူလာ မပြတ်သေးပေမယ့် ညမှောင်ကြီးထဲ ဝတ်စားထားတာ တိုနံ့နံ့နှင့်မို့ ဟိုလူဒီလူကြည့်တာလည်း သူက မခံချင်သောအခါ တိုင်းက လူမပါသော တက္ကစီကို လက်လှမ်းပြသည်။

"ဒါ ပန်းယွှန်းလှာကို ပြန်ပို့ဖို့လား"

"တက္ကစီနဲ့မပြန်ချင်ရင် လမ်းလျှောက်ပြန်"

အမြင်ကတ်ကတ်နှင့် ရွဲ့ပြောတော့ ခေါင်းမော့ကာ သူမက ဟက်ဟက်ပက်ပက်ရယ်သည်။

"ဖြစ်ပါတယ်၊ မှန်တိုင်း ကုန်းပိုးပြီးပို့မယ်ဆိုရင်"

သူ့မှာ ဒေါသတွေလုံးထွေးပြီး မျိုချရသဖြင့် လူက ရင်ကယ်သလိုတောင်ဖြစ်လာပြီ။ အရေးထဲ ထိုးရပ်လာသည့် ကားမောင်းသမားက သူတို့နှင့်ရွယ်တူတန်းတူကိုမှ လိပ်စာပြော ညွှန်းနေသော သူ့ထံမှာ မျက်လုံးမရှိဘဲ သူ့နောက်ရပ်နေသော သူမထံ





ဘဲလည်လည်နေ၏။

"ကဲ…တက်…အမိ"

ပန်းယွှန်းလှာကို အရင် ကားထဲဝင်ခိုင်းပြီး သူပါ နောက်ခန်းမှ ဝင်ထိုင်သည်။

"အယ်…မှန်တိုင်းပါလိုက်မလို့ ဟုတ်လား၊ ဒါဆို အသွားနဲ့ပါ ဝင်တွေ့ပြီး အေးအေးဆေးဆေးမှပြန်၊ အိမ်က ဒရိုင်ဘာကို ပန်းယွှန်း လိုက်ပို့ခိုင်းမယ်လေ"

တိုင်းက ဘာမှမပြောတော့ဘဲ သူမကိုသာ မျက်ထောက်နီကြီးနှင့်ကြည့်၍ မှုဒိတာတွေပွားနေ၏။

ထိုညက သူ့အိမ်သို့ ညဆယ့်တစ်နာရီမှ ပြန်ရောက်သည်။ သူမကို ခြံဝမှာပဲချပေးကာ ကားသမားကို မြန်မြန် မောင်းခိုင်းလို့ နို့မို့ မပက်သက်ချင်သော လူကုံထံအသိုင်းအဝိုင်းထဲ နောက် တစ်ကျော့ သူ ရောက်သွားကိန်းရှိသည်။

"ကျေပြီနော် မှန်တိုင်း၊ စိတ်ဆိုးသမျှ ဒီညနဲ့အတူထားခဲ့၊ နောက်တစ်နေ့မိုးလင်းတာနဲ့ မှန်တိုင်းနဲ့ ပန်းယွှန်းက ပိ(စ်)"

သူ့မှာသာ မကုန်သင့်ဘဲ ကုန်သွားသော တက္ကစီခကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘတ်ဗီကာ နှမြောနေ၏။

မယ်မင်းကြီးမလေး ဘုန်းကြီးပါပေသည်။

◆ ◆ ◆

စိုးမိုးစာပေ

## အခန်း (၁၆)

"ထိုင်…ထိုင်ပါ ဆရာရဲ့၊ ပပတို့ရဲ့ ဝိုက်(ဒ်)ဆိုပေမယ့် ဆရာဂိုက်းဝင်တာပဲ"

"အာ…နေပါစေ၊ မဟုတ်တာ"

"ဟုတ်ပါတယ် ဆရာမုန်တိုင်းရယ်၊ ဒီစာမေးပွဲကို နှစ်ချို့ပြီးဖြေလာတာ မအောင်ဘူး၊ အဟွန်း…ဆရာမုန်တိုင်းကျေးဇူး ကျွတ်တာပဲ"

"ဟမ်…ဘာပြောတယ်"

"သြော်…မိမျိုးပြောတာ ဆယ်တန်းဝင်က ကျွတ်တာ လို့…အဟီး…"

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲဟယ်...ရှေ့ကနေ အဲဒီမိမျိုး ဘာတွေရှုပ်နေတာလဲ၊ သေးဖယ်လေ၊ ဆရာတွေကိုထိုင်ခိုင်း၊ ဒီမှာ ကန်တော့ရအောင်"

အသံစွာစွာက လူထက်အရင်ရောက်သည်။ ပန်းဆီရောင်ကြိုးမှျင်လေးတွေ ပခုံးရိုက်ရုံပါသော ဂါဝန်ရှည်က ရင်ပြတ်ဆေမယ့် ခါးနောက်စည်းကြိုးက ဖဲပြားအပွင့်ကြီးတွေကို ဆွဲစည်းထားတာကြောင့် ကိုယ်လုံးအလှက အရှိအတိုင်းပေါ်သည်။ ဂါဝန်ထခြေဖျားအုပ်မို့ ခြေတစ်လှမ်းကြွတိုင်း ဂါဝန်အနားစကို လက်ဖျားလေးနှင့် ဖွဖွကိုင်လျှောက်ပုံက လိပ်ပြာတစ်ကောင် ဟိုမှဒီ လူလားခေါက်တုံ့ ပျံသန်းနေသည့်အတိုင်း။

ဒီနေ့ ပန်းယွန်းလွှာတို့တစ်တွေရဲ့ ဆယ်တန်းအောင်စာရင်းထွက်သည်။ မိမျိုးနှင့် ပပက ရိုးရိုးအောင်ပြီး ပန်းယွန်းလွှာက ဂုဏ်ထူးဒီပါသည်။ ထို့ကြောင့် မြေးမအား ဂုဏ်ပြုချင်သော အဘွားက နေ့မကူးဘဲ ကိုယ်ပိုင်ဟိုတယ်မှာ ဂုဏ်ပြုပွဲကျင်းပပေးသည်။ ထိုပွဲမှာ ပန်းယွန်းလွှာတို့ကို သင်ကြားပေးသော ဆရာတွေကို ကန်တော့ရန်အစီအစဉ်ပါလေသည်။





"မှန်တိုင်း...အယ်...ဟုတ်ပါဘူး၊ ဆရာမှန်တိုင်း..ထိုင်လေ"

ပန်းယွန်းလွှာက စင်အောက်ကနေ ထိုင်ခုံကိုမေးဆတ်ပြ၏။ တိုင်းကတော့ တိုက်ပုံတွေ ပုဆိုးတွေဝတ်ထားသည့် ဆရာတွေ၊ ပဝါနှစ်စ အသာချပြီး မြန်မာဝတ်စုံဝတ်ထားသည့် ဆရာမတွေကြား ဝင်ထိုင်ရမှာ ကိုးလို့ကန့်လန့်။ တမင်တကာ တိုင်ထွင် ဒူးနေရာ၌ဖြဲထားသော ဂျင်းဖြူရော်ရော်၊ တီရှပ်အနက်ပေါ် ရှပ်အင်္ကျီအနီကွက်အား ရင်ဘတ်ဖွင့်၍ဝတ်လာတာ သူနှင့်ဒီပွဲက ဘယ်လိုမှမဆီလျော်။ ဒီနေ့လယ်မှ ဆရာပါလာသော ကိုယ်ပိုင်ကားတစ်စီးက သူ့အိမ်ရှေ့ရောက်လာ၏။

"မင်းသင်ပေးခဲ့တဲ့ တပည့်မသုံးယောက်စလုံး အောင်ဘယ်ကွ၊ ဒီနေ့ အောင်စာရင်းထွက်တာ၊ တစ်ယောက်က ထူးဒီနဲ့ အဲဒါ ဂုဏ်ပြုပွဲကို ဆက်ဆက်တက်ခဲ့ပါတဲ့၊ မင်းပါ အခေါ်ဘော်ပင့်လိုက်တာ"

ဆရာပြောတုန်းက ဒီလို တခမ်းတနားကြီးဟု မပါ။ ဆရာလည်း သိပုံမရဘဲ ဒီရောက်မှ အူလည်လည်ဖြစ်နေပုံပေါ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မောင်မုန့်တိုင်း ဝင်ထိုင်လေကွယ်"

အဘွားကိုယ်တိုင် မျက်မှန်ကြီးတဝင်းဝင်းနှင့် ဝင်ပြောတော့ သူ မနေသာတော့။ ဆရာများကြားမှာ ကျုံ့ကျုံ့ရှုံ့ရှုံ့ဝင်ထိုင်ရသည်။ သူမတို့သုံးယောက် ကန်တော့နေပုံကို ကင်မရာမီးရောင်တွေ ဟပ်ဖျပ်ဖျပ်၊ ဗီဒီယိုကင်မရာတွေနှင့် မှတ်တမ်းတင်နေသည့်ကြားမှာ တိုင်းကတော့ အနေရခက်စွာ။ ထို့နောက် ခမ်းနားကြီးကျယ်သော ဂုဏ်ပြုပွဲကြီးမှာ ဆရာတွေကို လက်ဆောင်တွေပေးအပ်ရင်း ကန်တော့ပွဲကို အဆုံးသတ်သည်။ သူကတော့ ကန်တော့ပွဲပြီးတာတောင် အသက်ရှူမဝသေးဘဲ ဟိုတယ်ခန်းမရဲ့ အပြင်ရောက်အောင် ထွက်ဖို့ကြိုးစားသည်။

"ကျွန်တော်တော့လစ်ပြီ ဆရာ"

စကားကောင်းနေသော ဆရာ့ကို ကပ်ဒိုးလေးနှုတ်ဆက်ပြီး အသာလေး လစ်ထွက်ခဲ့သည်။ ဟိုတယ်အပြင်ရောက်မှ ပြင်ပလေကို အားပါးတရ ရှူရှိုက်မည်ဟု အားခဲလိုက်ရ၏။

◆ ◆ ◆



## အခန်း (၁၇)

"ဟိတ်"

အမိအရပြေးဆွဲသဖြင့် အင်္ကျီနောက်ကျောစကို ဖမ်းမိသွားသည်။ ပန်းယွန်းက သူ့နောက် အမီပြေးလိုက်လာရသဖြင့် မောနေသောရင်ဘတ်ကိုဖိရင်း အင်္ကျီစကိုလွှတ်လိုက်၏။

"မုန့်တိုင်းနော်...လူကိုတော်တော်စိမ်းကား၊ ပွဲဖြင့် မပြီးသေးဘဲနဲ့၊ ဒါ ဘယ်လဲ"

"ကန်တော့ပြီးပြီလေ"

"အစားအသောက်တွေစားဖို့ ကျန်သေးတာကို"

မထားသော ဂါဝန်စကို ဖျတ်ခနဲလွှတ်ချပြီး ခြေ ဆောင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ တစ်ကိုယ်လုံးရှိ သွေးမအလှအပတွေက ဖျိုးဖျိုးဖျပ်ဖျပ်
ယမ်းခါသွားသည်။ တိုင်းက ထိုအလှတရား တွေကို မျက်နှာလွှဲထား
သည်။

"ငါ သွားစရာရှိသေးလို့"

"ဒါဆို အတော်ပဲ"

"ဘာတော်တာလဲ"

"အဘွားက ပန်းယွန်းလှာ ဆယ်တန်းအောင်တဲ့ အထိမ်း
အမှတ်နဲ့ ကားအသစ်တစ်စီး ဝယ်ပေးထားတယ်၊ အဲဒါကို စမ်းသပ်
တဲ့အနေနဲ့ မုန်တိုင်းသွားချင်ရာ လိုက်ပို့ပေးရမယ်"

"ဟာ…ငါ မိန်းကလေးမောင်းတဲ့ကားတွေ စီး
တတ်ပါဘူး၊ မစီးချင်ဘူး၊ ရတယ်…ကိုယ့်ဟာကိုယ်ပဲ…"

"မုန်တိုင်းနော်"

မျက်လုံးထောင့်ကပ်ပြီး အော်သည်။ စိတ်ဆိုးခြင်း
အထိမ်းအမှတ်အဖြစ် နှုတ်ခမ်းကပါ ချွန်ထွက်လာ၏။ တိုင်း
ကျစ်ခနဲစုတ်သပ်ရင်း ဘောင်းဘီအိတ်ထဲလက်နှိုက်သည်။

"ဒီမှာ ပန်းယွန်းလှာ…မင်းနဲ့ငါကြားမှာရှိတဲ့ ဆ





တပည့် ဆက်ဆံရေးက ဒီနေ့ပွဲအပြီးမှာပဲ အဆုံးသတ်သွားပြီ"

"မုန်တိုင်းက အဲဒီလိုထင်လို့လား"

ကြည့်…မေးပုံက ကပ်သီးကပ်သတ်။ တိုင်းက ခြေဦး
ထိပ်ရှိ မြက်ပင်ဖျားလေးတွေကို ခပ်ဖွဖွလှဲကန်ပြီးမှ မျက်နှာမော့ကာ
သူမကို တည့်တည့်စိုက်ကြည့်သည်။ ထိုအကြည့်ထဲမှာ ပြတ်သား
သောဆုံးဖြတ်ချက်တွေ၊ ခိုင်မာသော အတွေးအခေါ်တွေကြောင့်
အရောင်ထွက်နေသလို ပန်းယွန်းလှာ ခံစားရသည်။

"တကယ် အဲဒီအတိုင်း အမှန်ပဲလေ၊ လမ်းမှာတွေ့ရင်
ပြုံးပြနှုတ်ဆက်မယ်၊ ဒီလောက်ပဲ၊ မင်းနဲ့ငါက ကိုယ့်လမ်း
ကိုယ်လျှောက်ကြရမှာ၊ ထပ်ပြီးပတ်သက်ဖို့ဆိုတာ"

"ပန်းယွန်းလှာကတော့ အဲဒီလိုမယူဆဘူး၊ ပတ်သက်
တယ် ဆက်နွှယ်တယ်ဆိုတာ ကာယကံရှင်ရဲ့ စိတ်ဆန္ဒနဲ့ အများ
ကြီးဆိုင်တယ်၊ ပန်းယွန်းလှာကတော့ ဆက်ပြီးပတ်သက်မှာပဲ၊
ပြုံးပြနှုတ်ဆက်ရုံနဲ့တော့ မတင်းတိမ်ပါဘူး၊ မုန်တိုင်းကို စတွေ့
ကတည်းက မိတ်ဆွေအဆင့်မှာပဲ ထားခဲ့တာမှမဟုတ်တာ၊ ပန်းယွန်း
တို့မှာ ရှေ့ဆက်ရန်တွေရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…တော်ပြီ ပန်းယွန်းလွှာ၊ ငါ သွားစရာရှိတာ နောက်ကျနေပြီ"

မုန်တိုင်းက လက်မှနာရီကို မြှောက်ကြည့်ရင်း ခြေလှမ်း ပြင်သည်။

"ပန်းယွန်းလွှာကို ဒီတိုင်းထားခဲ့လို့မရဘူး"

ဖျတ်ခနဲ သူမက မုန်တိုင်းလက်မောင်းကို လှမ်းချိတ် သည်။ ပန်းယွန်းလွှာက သူ မသွားဖြစ်အောင် တွဲချိတ်ထားတာ ပေမယ့် မုန်တိုင်းကတော့ ချက်ချင်း မျက်နှာကြီးရဲတက်လာတာ

"ဟော့…မင်း…မင်းလွှတ်စမ်း၊ ဒါ ဘာလုပ်တာလဲ လွှတ်စမ်း…တော်ကြာ တခြားလူတွေမြင်သွားမှဖြင့်"

ဆိုပြီး အတင်းကြီး ရုန်းခါချလေ ပန်းယွန်းက စချင်စိတ်နှင့် ပိုတိုးဖက်ထားလေဖြင့်

"မရဘူး၊ ပန်းယွန်း ကားအသစ်လေးနဲ့ လိုက်ပို့ခွင့်ရ"

"အေး…ပြီးရော…ပို့၊ လိုက်ပို့၊ ဒါပေမဲ့ ဒီလက်တော့ လွှတ်"

တဲ့လေ။ အဖြစ်သည်းကာ အရှက်ကြီးနေသော မုန်တိုင်း





အား ပန်းယွန်းလွှာက ခိုးကြည့်၍ တိတ်တိတ်လေး အသံမထွက် အောင် ခိုးရယ်ရင်းက ရင်ထဲက နှလုံးသားသည် မြူးကြွသော ရင်ခုန်သံစည်းချက်အတိုင်း ဟန်ချက်ညီညီ ကခုန်လို့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟော့…ဒါ မြို့ပြင်ထွက်တဲ့လမ်း မဟုတ်လား၊ ပန်းယွန်းမှာ အခု ကားကို မြို့ထဲပြန်လှည့်စမ်း၊ ငါ သွားစရာရှိတယ်လို့ ပြောထားတာ"

"သွားစရာရှိလည်း ဖျက်လိုက်ပေါ့ မုန်တိုင်းရဲ့"

"ဘာ"

"ကြည့်…ဒေါသက ကြီးပြန်ပြီ၊ ပန်းယွန်းရဲ့ မြိုင်ကားအသစ်လေးနဲ့ မြို့ပြင်ထွက်မယ်လေ၊ နေဝင်ချိန်ကို ကြည့်ကြမယ်၊ သည်းခံမယ်လေ မုန်တိုင်းရဲ့၊ စိတ်ကို ရီလက်(စ်) လုပ်တာပေါ့၊ ကောင်းဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ငါက မကောင်းဘူးပြောတော့ရော မင်းက ကား
ပြန်လှည့်မှာမို့လား”

“ကားတော့ ပြန်မလှည့်ပါဘူး၊ မုန်တိုင်းလည်း အိုက်
ယာအသစ်အဆန်းရအောင် စေတနာနဲ့လည်း ပို့ပေးရသေးတယ်”

“ရှိပါစေတော့၊ ခင်းကားပေါ်ရောက်မှ မင်းသဘော
ပေါ့”

မုန်တိုင်းက ဘာတစ်ခွန်းမှ ထပ်မပြောဘဲ လက်ပိုက်က
ငြိမ်ငြိမ်ပဲနေမိတော့သည်။ အမိုးဖွင့်ပြိုင်ကားက ငွေမင်ရော
လေးပေါ်မှာ ခေတ်လွန်အဆင်အပြင်နှင့် သူမကို သားကားတွေ
သမင်လည်ပြန်ငေးသွားတာလည်းရှိသည်။ တချို့က ဟွန်းတီးပြီ
ကျော်တက်သွားကာ ဟေးခနဲ ဝါးခနဲ နောက်ပြောင်သွားတာမျိုး
လည်း ရှိသဖြင့် မုန်တိုင်းကတော့ မျက်မှောင်ကျုံ့ကာ မျက်နှာ
ပိုတင်းထားဖြစ်သည်။ မြို့ပြင်လမ်းမပေါ်ရောက်လာတာနှ
အရှင်ဆုံးပြောင်းလဲသွားတာ လေထုအနွေးမှ လေအေးအေးလေး
ဖြစ်သွားပြီး ထိုလေထဲမှာ စိမ်းစိုလတ်ဆတ်သော ရနံ့တွေပါလာ
ကားဆက်လည်း တဖြည်းဖြည်းခြားသွားကာ တစ်ခါတစ်ရံ အဆ



ခြေးကားကြီးတွေ ဖြတ်သွားတာမျိုးလောက် သာတွေ့ရသည်။

“ဟော့…မင်း ဘယ်အထိသွားမှာလဲ”

မြို့ပြင်ဧရိယာက တစ်စထက်တစ်စ ကျော်လွန်လာတာနဲ့
တိုင်း ဒီတိုင်းငြိမ်မနေနိုင်တော့။ ပတ်ဝန်းကျင်ကလည်း မှောင်စပျိုး
လာပြီး ကျွဲတွေ နွားတွေတောင် စားကျက်သိမ်း၍ အိမ်ပြန်စပြုပြီ။
သားနှစ်ဖက်မှာ လယ်ကွင်းတွေတွေ့ရပြီး ရံဖန်ရံခါမှ ထိုကွင်းထဲ
ထဲမှာ လယ်တဲလေးတစ်လုံးစနှစ်လုံးစ တွေ့ရတာမျိုး။ သူမက
တော့ အစိုးရိမ်ကြီးနေသော တိုင်းအား ဟက်ခနဲရယ်ပြရင်း

“မစိုးရိမ်ပါနဲ့ မုန်တိုင်းရာ၊ ပန်းပွင့်လွှာက ကားတင်
ပြေးပါဘူး”

“မင်းအတွက်ပြောတာ၊ ဒီကနေ ရန်ကုန်ထဲဝင်ဖို့တောင်
တော်တော်နောက်ကျမှာ၊ မင်း အိမ်ပြန်နောက်ကျလိမ့်မယ်၊ ပြီးတော့
ဒီလိုထွက်လာတာ ဘယ်သူမှမသိဘူးမဟုတ်လား၊ မင်းအဘွား
သက်သက်စိတ်ပူနေရလိမ့်မယ်”

“ပပတို့သိပါတယ်၊ မုန်တိုင်းနောက် လိုက်သွားတယ်
ဆိုတာ”



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြောရင်း ပန်းယွန်းလွှာက အရှိန်ကိုထပ်တင်သည်။ ပန်းယွန်းလွှာ ကားအသစ်စက်စက်လေးသည် လေထုကိုခွင်း၍ လှစ်ခနဲ ပြေးထွက်သွားသည်။

"ဟော့…ဟော့…ပန်းယွန်းလွှာ၊ မင်း အရှိန်ကိုလျှော့ စမ်း"

"ဘာမှမဖြစ်ပါဘူး၊ ဒီလောက်လမ်းကောင်းပြီး ကားရှင်းနေတာကို၊ ရှေ့ကျရင်ပြန်ကွေ့မယ်၊ အဲဒီကျွဲအုပ်အလွန်"

ပန်းယွန်းလွှာက လီဗာကိုထပ်နင်းသည်။ လှုပ်လီလှုပ်လဲ့ လျှောက်နေသော ကျွဲအုပ်နှင့် တစ်စတစ်စ နီးကပ်လာချိန်တွင် ရုတ်ခြည်း ကျွဲတစ်ကောင်က အုပ်စုထဲမှ ဖွဲ့ထွက်ကာ ကားလမ်းပေါ် ပြေးတက်လာသည်။ ရုတ်တရက်မို့ ကျွဲကြီးက ကိုယ့်မျက်နှာရှေ့ ဘွားခနဲပေါ်လာသလိုဖြစ်ကာ ပန်းယွန်းလွှာသည် ကြောက်လန့်တကြားနှင့်

"အား"

မျက်စိစုံမှိတ်ကာ အာခေါင်ခြစ်အော်ရင်း စတီယာရင်ကို ဆွဲကွေ့ပစ်သည်။ အရှိန်က များလွန်းသဖြင့် ကားလေးက ကဆုန်ပေါက်ပြီး လယ်ကွင်းပြင်ထဲ ဒိုင်ဗင်ထိုးဝင်ကာ ရှေ့တွင် ထီးထီး





ပေါက်နေသော ညောင်ပင်ကြီးဆီ တရကြမ်းပြေးဝင်သွားပြီးနောက်

"ဒုန်း"

"ပန်း…ယွန်း…လွှာ"

နောက်ဆုံးအသိထဲမှာ ကိုယ့်နာမည်ကို သဲ့သဲ့ခေါ်သံကြားပြီးနောက်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"အား…အင်း‥ဟင်း…ကျွတ်…ကျွတ်"

"ဟော…သတိရလာပြီနဲ့တူတယ်"

ပန်းယွန်းလွှာက မျက်လုံးဖွင့်ကြည့်ပေမယ့် အားလုံးသော လူတွေကို တွေ့ချင်တာမဟုတ်။ ပန်းယွန်းလွှာ တွေ့ချင်သူက

"ပန်းယွန်းလွှာ"

"မုန့်တိုင်း"

နှုတ်ခမ်းလှုပ်ရုံသဲ့သဲ့လေးခေါ်ကာ ပန်းယွန်းလွှာက သူ့ကိုကြည့်သည်။ နဖူးထောင့်စွန်းမှာ ပလာစတာအကြီးကြီး ကပ်ထားပြီး မျက်ခုံးရိုးကြီးက ညိုမည်းကာ ရောင်ကိုင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးပြင်၌ ခြစ်ရာအကြီးစားနှင့် နှုတ်ခမ်းပေါက်ထားဟန်တူသည်။

"မုန်တိုင်း...ပန်းယွန်းတို့ ဆေးရုံရောက်နေတာလား ဟင်"

"မဟုတ်ဘူး"

သူကဖြေရင်း ပန်းယွန်းလွှာရဲ့လက်တစ်ဖက်က နွေး ဖြစ်သွားသည်။ သူ့လက်ဖဝါးထဲ ပန်းယွန်းလွှာလက်ကို ထည့်ဆုပ်ကိုင်ထားရင်း

"ဒါပေမဲ့ ဆေးကုသလို့ရတဲ့တစ်နေရာ ရောက်နေတယ်လို့ သိထား၊ အခု မင်းနားလိုက်ဦး၊ ရထားတဲ့ မင်းဒဏ်ရာက များများအနားယူမှ မြန်မြန်ပျောက်မှာ"

"ပန်းယွန်း တစ်ကိုယ်လုံးနာနေတယ်"

"အခုမှ ပူပူနွေးနွေး အက်ဆီးဒင့်ဖြစ်ထားတာကို"

ပန်းယွန်းလွှာ၏ ဘေးဘက်မှ အသံထွက်လာသည်။ ခေါင်းငဲ့ ပြီးကြည့်တော့ နားကျပ်ကို လည်ကုပ်မှာဆိုင်းချိတ်ထားသည့် ဆရာဝန်ဖြစ်ဟန်တူသူ။





"အနာသက်သာအောင် ဆေးထိုးပေးထားတယ်၊ စိတ်အေးအေးထားပြီး အိပ်လိုက်ပါ"

ဆရာဝန်ရဲ့ စကားအဆုံးမှာ သူ့မလက်ချောင်းတွေက မြဲမြံစွာ သူ့လက်တွေကို ဆုပ်ကိုင်ထားတာ မုန်တိုင်း အထိအတွေ့အရ သိနေသည်။ ဆရာဝန်ကတော့ ဆေးထုပ်တွေကို သူ့ရှေ့မြင်သာအောင် ချပြရင်း

"သူ့ကိုတိုက်ရမယ့် ဆေးတွေရော၊ ခင်ဗျားသောက် ရမယ့်ဆေးတွေပါ မှတ်မိတယ်နော်"

"ဟုတ်ကဲ့...မှတ်မိပါတယ်"

ဆရာဝန်က မုန်တိုင်းအား စိတ်မချသလို တစ်ချက်စိုက်ကြည့်ပြီးမှ

"သူ့ကိုဂရုစိုက်တာလည်း စိုက်ပေါ့၊ ခင်ဗျားလည်းဆေးသောက်ဦးနော်၊ ခင်ဗျားနားထင်က ကွဲထားတဲ့ ဒဏ်ရာချုပ်ထားတာ အစိမ်းချုပ်ကြီး၊ သွေးပူတုန်း ခံနိုင်ရည်ရှိပေမယ့်သွေးအေးသွားရင် နာလာမှာ"

"ဟုတ်ကဲ့...စိတ်ချပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ…ရွာနဲ့က အလှမ်းဝေးလို့၊ နို့မို့ ညတစ်ခေါက်
ကျွန်တော်လာကြည့်ပေးပါတယ်"

"အာ…ကိစ္စမရှိပါဘူး ဆရာ၊ ဒီအထိလိုက်ကြည့်
ပေးတာပဲ ကျေးဇူးတင်ပါတယ်"

မုန်တိုင်းက ဂုဏ်ပြုပွဲလက်ဆောင်အဖြစ် ရထားသော
စက္ကူကြိုးတပ်အိတ်ထဲမှ ပိုက်ဆံတစ်ထပ်ကိုဆွဲယူပြီး ဆေးဖိုး
ရှင်းလိုက်ရသည်။ တော်သေးရဲ့။ ဒီအိတ်ကယ်ပေလို့။ ကားထ
သစ်ပင်ကို ဝင့်ဆောင့်သောအရှိန်နှင့် သူ့အကျီအိတ်ထဲက ဝေါလက်
လည်း ဘယ်ဆီခုန်ထွက်သွားမှန်းမသိ။ ဒီအိတ်က ကားကြမ်းဖြင့်
ပေါ်ကျနေလို့ သူဆွဲယူခဲ့တာ။ ဖြစ်ဖြစ်ချင်း သူက ဒဏ်ရာကြီးကြီး
မားမားမရတာမို့ သတိလစ်မသွား။ ခေါင်းထဲ မူးနောက်နောက်ဖြစ်
ကာ ဒတ်(ရှ်)ဘုတ်နှင့်ဆောင့်သောအရှိန်ကြောင့် နားထင်စောင်းက
ပွန်းပြီး သွေးတွေစီးကျလာတာသိသည်။ သတိရ၍ သူမကို
လှည့်ကြည့်တော့ ကားတံခါးပွင့် ပြီး သူမက တစောင်းကြီးထဲ
ကျနေ၏။ မုန်တိုင်းမှာ စိုးရိမ်စိတ်က ငယ်ထိပ်မြွေတက်ပေါက်
သလိုပင်။ ကိုယ့်ဒဏ်ရာတွေကိုမေ့ပြီး သူမကိုဆွဲပွေ့ကာ





"ပန်းယွန်းလှာ…ဟော့…ပန်းယွန်းလှာ"

ခေါ်ပေမယ့် အချည်းနှီးပင်။ သူမသည် သိသာထင်
သော ဘာဒဏ်ရာမှမတွေ့ဘဲ လက်ဖျံရိုးကြီးကသာ နီရဲရာ
ညိုမောင်းပြီး ရောင်ရမ်းလာခြင်းဖြစ်သည်။ ထို့ကြောင့် သူ
ဘာညာညာ မစဉ်းစားနိုင်။ သူ့အပေါ်ထပ် ရှပ်အကျီကိုချွတ်
သူမလက်တစ်ဖက်ကို ထိုးသွင်းဝတ်ပေးကာ ကျန်တစ်ဖက်
ဒီအတိုင်းလွှမ်းထားပြီး နီးစပ်ရာတဲကလေးဆီ ပွေ့ချီခေါ်
ခဲ့ခြင်းဖြစ်သည်။ မှောင်ထဲမည်းမည်းမို့ လယ်ပပ်ကြားအက်
ထဲ ခြေချော်ကျမိတာ ဘယ်နှကြိမ်မြောက်မှန်းတောင် မသိ။
ာက်မှ နွားတင်းကုပ်တစ်ခုနှင့် နွားကျောင်းသော အဘိုးကြီး
တွေ့ကာ

"ရွာမှာ ဆရာဝန်ရှိတယ်၊ ငါ သွားခေါ်ပေးမယ်"

ဆို၍သာ အရာရာအဆင်ပြေသွားခြင်းဆိုလျှင်။

"ဇော့…မောင်ရင်လေး အိပ်ပြီလား"

တဲအောက်ကအသံနှင့် မီးရောင်ဖျပျကြောင့် ညရောက်
တာ မုန်တိုင်းက အခုမှသတိထားမိသည့်အဖြစ်။

www.burmeseclassic.com



"မအိပ်သေးပါဘူး အဘ"

"အေး…ဒီမှာ မှန်အိမ်နဲ့ရေနွေးအိုး၊ ဒါက ထမင်းကြမ်းကျန်တာကို ဆန်ပြုတ် ပြုတ်လာတယ်၊ ကလေ ရော မင်းပါ ဆေးမသောက်ခင် ဒါလေးဝင်အောင်စား"

"ကျေးဇူးတင်ပါတယ် အဘ"

သူက တလေးတစားပြောဖြစ်သည်။ အဘိုးအို ပစ္စည်းတွေကို ဝါးကြမ်းခင်းပေါ် ဒီတိုင်းချပေးရင်း

"ငါက ဟိုးထိပ်တဲမှာ အိပ်မှာ"

"အဘက ဒီမှာမအိပ်ဘူးလား"

"နွားတွေက ဟိုဘက်မှာထားတာ၊ နွားရှိတဲ့နေရာ လူစောင့်ရှိမှ၊ ဒီတလော နွားခိုးတွေ သောင်းကျန်းနေတာကို ကိုင်း…ငါ သွားပဟေ့၊ မောင်ရင်လည်း စောစောနားတော့"

ပြောပြောဆိုဆို အဘိုးအိုက တဲလေးပေါ်မှဆင်းသွား ပတ်ဝန်းကျင်က တစ်ဖန် ပြန်တိတ်ဆိတ်သွားပြီး ပိုးမွှားကော လေးတွေရဲ့ အော်သံသည် ညအမှောင်ထုကို နက်ရှိုင်းအော ကောင်းချီးပေးနေသကဲ့သို့…။





မှန်တိုင်းက မှန်အိမ်မီးရောင်အောက်တွင် အသက် မှန်မှန်ရှူ၍ အိပ်ပျော်နေသော သူမထံ လှမ်းကြည့်သည်။ မီးရောင် အောက်မှာ သူ့အကျီဝတ်ကာ လက်ဖျံရိုးတစ်လျှောက် ပတ်တီး တွေ အထပ်ထပ်စည်းထားသော သူမကို ငေးရင်းငေးရင်းက…။ သူ့အကြည့်တွေ ဝေဝါးလာခဲ့သည်။ ထို့ကြောင့် တဲထရံလေးကို သူမှီချလိုက်ပြီးနောက်…။ နာကျင်မှုဝေဒနာများသည် သူ လည်သွားရာ အိပ်စက်ခြင်းရဲ့ ဟိုးအဝေးမှာ ကျန်ခဲ့လေပြီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

နေရောင်ခြည်နွေးနွေးသည် ဝါးထရံတွေကြားမှ ဆလိုက်ထိုးလိုက်သလို အိမ်ကလေးထဲ နွေးထွေးစွာဝင်ရောက်လာခဲ့ သည်။

"အင်း"

ညည်းညူသံနှင့် မုန်တိုင်းက ခြေထောက်ကို ဆန့်ထုတ်သည်။ ကြွက်သားတွေ၏ နာကျင်မှုကြောင့် ဆတ်ခနဲ ခြေထောက်ကို ပြန်ကွေးဖြစ်သည်။ ထိုအခိုက် လက်မောင်းဆီမှ တစ်စုံတစ်ခုရဲ့ လေးလံပိကျမှုကြောင့် မဖွင့်ချင်သေးသော လေးလံသော မျက်ခွံကို သူ ဖွင့်ကြည့်မိလျှင်...။

"ဟာ....မင်း"



www.burmeseclassic.com

www.burmeseclassic.com



တိုင်း အိပ်ချင်မူးတူးနှင့် ကျိန်းစက်နေသော မျက်လုံးတွေ အဆမတန်ပြူးကျယ်သွားသည်။ ဘာတွေက ဘယ်လိုဖြစ်သွားမှန်း သူကိုယ်တိုင်ပင် ရေရာစွာမသိတော့သည့်အဖြစ်။ ညဦးပိုင်း ပူအိုက်သလောက် ညလယ်မှာ လယ်ကွင်းကို ဖြတ်၍ တိုက်ခတ်လာသော လေအေးတွေက ထရံအကြိုအကြားကနေ သူ့ထံတိုးဝင်လာတာ မှတ်မိသည်။ ဒဏ်ရာအရှိန်ရယ်၊ နာကျင်မှုအရှိန်ရယ်နှင့် တစ်နေရာတည်းမှာ ကျောက်ချထိုင်ပြီး ငိုက်နေရာမှ ကျောတစ်ခင်းစာနေရာလေးကို တောင့်တမိတာ အလူးအလိမ့်။ ထို့ကြောင့် နှစ်ခြိုက်စွာအိပ်မောကျနေသော သူမဘေးကွက်လပ်လေးမှာ သူ ကွေးကွေးလေး ဝင်လှဲမိသည်။ ထိုကတည်းက တရှူးထိုးအိပ်ပျော်သွားတာ အခု မနက်လင်းမှ နိုးလာတော့...ပန်းယွန်းလွှာက သူ့လက်မောင်းတစ်ဖက်ပေါ် ခေါင်းအုံးပြီး သူ့ရင်ဘတ်ကို လက်တစ်ဖက်နှင့်ဖက်ကာ အိပ်ပျော်နေသည်။ သူ့ခြေထောက်ပေါ်မှာလည်း သူမခြေထောက်ထပ် တင်လျက်သား။

"ဟော့...ဟိတ်...ပန်းယွန်းလွှာ"





"အင်း...အင်း..."

နှုတ်ခမ်းစေ့ပိတ်ကာ မျက်ဝန်းတို့က ဖွင့်မလာ။ တိုင်းက ကျစ်ခနဲ စုတ်သပ်ရင်း စိတ်ပျက်စွာ မျက်နှာကြက်ကို စိုက်ကြည့်နေချိန်မှာပဲ အပြင်က ဆူဆူညံညံအသံများကြောင့်...

"သတင်းမီဒီယာတွေကို ကျွန်မကိုယ်တိုင် မေတ္တာရပ်ခံပါရစေ"

"ဒေါ်ထိပ်ထားရဲ့ အမွေဆက်ခံမယ့်မြေးမက အနုပညာရှင်တစ်ဦးနဲ့ အိမ်ထောင်ကျသွားပြီဆိုတဲ့သတင်းက အမှန်ပါလားခင်ဗျာ"

"ဒီသတင်းကို ကျွန်မတို့လည်း အတည်ပြုဖို့ကြိုးစားဆဲ ရှိပါသေးတယ်"

"ဒေါ်ထိပ်ထား"

တိုင်း အိပ်နေရာမှ ဝုန်းခနဲထထိုင်သည်။

သတိလက်လွတ်ဖြစ်သွားသဖြင့် သူ့လက်မောင်းပေါ် ခေါင်းအုံးအိပ်နေသော သူမလေးခေါင်းက ဝါးကြမ်းခင်းပေါ် ပြုတ်ကျသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"အ…အား"

နာကျင်မှုကြောင့် ပန်းယွန်းလွှာ အိပ်ရာက နိုးလာသ

"မှန်တိုင်း…အား…လက်ကနာလိုက်တာ"

"ရှူး…အပြင်မှာ မင်းအဘွားရောက်နေတယ်"

"အဘွား"

အလန့်တကြားနှင့် ရုတ်ခနဲ သူမက ထထိုင်တာကြေ

မနိုင် ယိုင်ချင်နေသော တဲငယ်လေးက လှုပ်လှုပ်ရှားရှား။

"အခု ဒီရောက်နေတဲ့ သတင်းမီဒီယာတွေကို တစ်

အတွင်းမှာ စာနယ်ဇင်းရှင်းလင်းပွဲ လုပ်ပေးပါ့မယ်၊ အခု

ကျွန်မမြေးမလေးက ကားအက်ဆီးဒင့်ကြောင့် ဒဏ်ရာရထား

ဖြစ်တော့ ဆေးရုံပို့ဖို့အတွက် အရေးတကြီးစီစဉ်နေရပါတ

ကိုဝင်းမြင့်…ဆေးရုံကား"

"ရောက်ပါပြီ အဘွား"

"ကျွန်မကိုခွင့်ပြုပါဦး"

နှုတ်ဆက်သံနှင့်အတူ တဲကလေးက သိမ့်ခနဲဖြစ်

ပြီးနောက် သူတို့နှစ်ယောက်အရှေ့သို့ အဘွားက ရောက်





သည်။ ရိုးရာမပျက်သော တဖျပ်ဖျပ်လက်နေသည့် အကြည့်တွေက

မျက်မှန်ကို ထိုးထွင်းပေါက်ထွက်လေမလား ထင်ရပြီးမှ

"မြေးမ"

အဘွားက တည်ငြိမ်ပေမယ့် ပန်းယွန်းလွှာကတော့

မတည်ငြိမ်နိုင်။ ဒဏ်ရာတွေနှင့် နာကျင်မှုကို ဂရုမထားနိုင်ဘဲ

အဘွားနား တိုးကပ်သွားရင်း

"အဘွား…ပန်းယွန်းလွှာတို့က…"

"တစ်ညလုံး စိတ်ပူနေခဲ့တာ"

ဒေါ်ထိပ်ထားက မြေးမတစ်ကိုယ်လုံးကို မြို့ကြည့်ကာ

နဖူးစပ်မှ ဆံစကို ဖွဖွသပ်တင်ပေးရင်း

"မသေကောင်းမပျောက်ကောင်းကွယ်၊ ပပတို့ပြောလို့

မြို့ပြင်ဘက် ကားထွက်စီးတာကိုသိရတာ၊ တစ်ညလုံးလိုလို

လူအင်အားဖြန့်ပြီး တစ်မြို့ဝင်တစ်မြို့ထွက် စခန်းတွေစုံစမ်းရင်း

အရှေ့နားက ရွာလေးက ဆရာဝန်ပြောမှသိရတာ၊ မြေးတို့

အက်ဆီးဒင့်ဖြစ်တာက မြို့နှစ်မြို့ကြားထဲမှာဆိုတော့ စုံစမ်းရတာ

မလွယ်ဘူး ဖြစ်သွားတယ်၊ မောင်ရင်ရော ဒဏ်ရာတွေက…"



www.burmeseclassic.com

www.burmeseclassic.com



"သက်သာပါတယ် အဘွား"

တိုင်းက ဘာကိုမှန်းမသိ ထူပူနေသောစိတ်နှင့် အဘွားကို မျက်နှာချင်း ရဲရဲမဆိုင်ချင်။ ဖြစ်ခွင့်ရှိက ဒီနေရာမှာပဲ အတောင်ပေါက်ပြီး ဝေးရာဆီပျံသန်းပစ်လိုက်ချင်သည်။ အဘွားက ပန်းယွန်းလက်ကို ဖွဖွဆွဲထားရင်းက…

"တဲစောင့်ဦးလေးက ပြောပြလို့ မောင်ရင် မြေးမကို ဂရုစိုက်တာ၊ စောင့်ရှောက်တာတွေ သိရပါတယ်၊ ဒီအတွက် အဘွားရင်ထဲကလာတဲ့စကားပါ၊ သိပ်ကျေးဇူးတင်ပါတယ် မောင်ရင်"

"ရပါတယ် အဘွား"

"ကဲ…ဒါဆိုလည်း သွားကြရအောင်၊ အပြင်မှာ ဆေးရုံကား ခေါ်ထားတယ်၊ မြေးမရော မောင်ရင်ရော ဘော်ဒီချက်(က်)အပ်(ပ်)လုပ်ရအောင်"

"အာ…ကျွန်တော်သက်သာနေပါပြီ၊ နေပါစေ အဘွား"

"လိုက်သွားလိုက်ပါ မုန်တိုင်း"

တိုက်တွန်းသူက အဘွားကျောဘက်ကမို့ တိုင်းထခါးဆန့်ကာ ကျော်ကြည့်တော့





"ဆရာ"

ဆရာ့ကိုမြင်လိုက်ရ၍ သူမှာ အံ့သြတာရော အားနာတာရောနှင့် ရုတ်တရက် ဘာစကားမှမထွက်တော့။ သူ့မှာ အခက်အခဲကြုံတိုင်း ဆရာဖြေရှင်းပေးရပေါင်းများသဖြင့် အားနာစိတ်က ရင်မှာ အတိုင်းအဆမဲ့ ဖြစ်ထွန်းလေသည်။

"မင်းလည်း ထိထားတာမနည်းဘူးပဲ၊ ကဲ…သွားကြရအောင်၊ နေမြင့်လာရင် ဒဏ်ရာနဲ့လူတွေက ပိုပင်ပန်းကြမှာ"

ဆရာက ထပ်မံပြောသဖြင့် သူ ငြင်းဆန်ရန် အင်အားမဲ့လေပြီ။ သူမနှင့် အဘွားက ရှေ့မှဦးဆောင်ထွက်ပြီး သူနှင့် ဆရာက နောက်ပါးမှ တဲအပြင်ရောက်တာနှင့် နွေခေါင်ခေါင်ကြီး လျှပ်စီးလက်တာလို ကင်မရာမီးတွေက တလင်းလင်း ဖာဝင်းဝင်းကြားထဲမှာ ဆရာက သူ့ကို တိုးတိုးကပ်ပြောသည်။

"ဟစ်ခါတလေ အမှန်တရားက ကြောက်စရာကြီးကွ၊ မုန်တဲ့သူပေါ်မှာ တရားမျှတမှုမရှိတတ်ဘူး"

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဘယ်လို ဆရာ၊ ဆရာပြောတာကို ကျွန်တော် နားကြားတွေများ လွဲသလား၊ ဒါမှမဟုတ် ဆရာတို့အားလုံး ကပ်လွဲနေကြတာလား"

ဒေါသကြောင့် ပစ်ချသောဂျာနယ်က စာရွက်တွေ ခွဲလှန်ခဲ့သလို ပွင့်သွားကာ

"လူငယ်တေးရေးဆရာနှင့် ထိပ်တန်းစီးပွားရေးအင်အားရှင်၏ မြေးတို့၏ တော်ဝင်ဆန်သော အညတရဇာတ်လမ်း"

ခေါင်းစီးမည်းကြီးက လူကို နည်းမျိုးစုံနှင့် လှောင်နေသလို။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

တိုင်းက ပြင်းပြင်းထန်ထန်တက်ခေါက်ရင်း ဆေးရုံ အတူးခန်းထဲ ဟိုမှဒီ လူးလားခေါက်ပြန် လျှောက်နေမိသည်။ တိုင်းလှုပ်ရှားသမျှ ငေးနေသူက ဆရာဦးမျိုးကျော်။ ဒီကိစ္စတွေ ဖြစ်လာကတည်းက ကြားဝင်စေ့စပ်ပေးရမည့်သူက သူကိုယ်တိုင် ဆိုတာ သိနေခဲ့သည်။

"သတင်းဆိုတာ မြင်ရာကိုရေးရင် ပိုခိုင်လုံတဲ့သဘော ရှိတယ် ဆရာဦးမျိုးကျော်ရဲ့၊ ဒီအမြင်နောက်မှာ ဘယ်လိုအမှန် တွေရှိသလဲဆိုတာ ဘယ်သူမှစိတ်ဝင်စားမှာမဟုတ်ဘူးလေ၊ အကြားထက်စာရင် ကိုယ်တိုင်မြင်တွေ့ရတာက ပိုသေချာတယ် ဆိုတာ ကျွန်မတို့အားလုံး လက်ခံထားတော့လည်း အခက်သားပဲ ဆရာရယ်"

ခေါ်ထိပ်ထားကိုယ်တိုင် သူ့ကိုခေါ်တွေ့ပြီးပြောခဲ့တာ။ ဂျာနယ်ထဲ သတင်းတင်မက ဓာတ်ပုံတွေ ပလူပျံနေသည့်အထဲ ယန်းယွန်းလွှာက တိုင်းရဲ့ အပေါ်ရုပ်အင်္ကျီဝတ်ထားတာကို မြားနှင့် ညွှန်ပြထားသေးသည်။ ဦးမျိုးကျော်က စိတ်လှုပ်ရှားနေသည်





တပည့်ဖြစ်သူကိုကြည့်ရင်း ရင်ထဲမကောင်းနိုင်။ ဒီလိုကြမ္မာမျိုး မကြုံချင်၍ ရှောင်တိမ်းသူအား ကံဇာတ်ဆရာက တစ်ဆစ်ချိုးချ လမ်းလွှဲပေးပုံက အရာရာသည် ကံစီမံရာအတိုင်းလို့ ပြောရမည် လား။

"အဲဒီလောက်အထိ မင်းစိတ်မလှုပ်ရှားဖို့ ငါပြောချင် တယ် မုန့်တိုင်း"

"စိတ်လှုပ်ရှားတာမဟုတ်ဘူး ဆရာ၊ ဒီကိစ္စကိုဖျက်ဖို့ အတွက် ပြင်ဆင်နေတာ"

"မင်း အဲဒီလိုဆုံးဖြတ်လို့မရဘူး မုန့်တိုင်း၊ လူသိ ရှင်ကြားဖြစ်သွားတဲ့ ကောင်မလေးရဲ့ ဂုဏ်သိက္ခာအတွက်…"

"အဟား"

ကြည်နူးပျော်ရွှင်ခြင်းမပါဘဲ မုန့်တိုင်းက ခေါင်းမော့ ရယ်သည်။

"သူတို့ဂုဏ်သိက္ခာအတွက် ကျွန်တော့်ဘဝကို ထိုး ကျွေးလိုက်ရမှာလား ဆရာ၊ အဓိပ္ပာယ်မရှိဘူး၊ ဒါ မဖြစ်နိုင်တာပဲ၊ ကျွန်တော် ခေါင်းမညိတ်နိုင်ဘူး၊ သူတို့စိတ်ကြိုက် သူတို့ဖန်တီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ထဲက တစ်ဘဝလုံး ရေစုန်မျှောဖို့ ကျွန်တော် အဲဒီလောက် အထိ မပေါဘူးဆရာ''

''မင်း ခံစားချက်၊ မင်းစိတ်၊ မင်းအယူအဆ အားလုံးကို ငါ နားလည်ပါတယ်''

''လူကြားကောင်းအောင်ပြောတာပါ၊ အပွန်း··ဆရာ နားလည်ရင် ကျွန်တော့်ဆီ သတင်းရောက်စရာမရှိဘူး''

မုန်တိုင်းက ဆရာ့ရှေ့က ထရပ်တော့လည်း အကြည့် တွေက ဆရာ့မျက်နှာပေါ်မှာပဲ ထင်ကျန်ရစ်တာက ကြည့်မဝရှမဝ လို့ မဟုတ်ပါ။ နင့်သီး ကြေကွဲခြင်းတွေသာဖြစ်ပြီး···

''ထင်ပါတယ်၊ ဘယ်လောက်ပဲတရားမျှတပါတယ် ဆိုဆို မျက်နှာကြီးတွေရဲ့ အရှိန်အဝါက လူ့စိတ်ကိုပြောင်းပစ်နိုင် တယ်ဆိုတာ''

''တော်လောက်ပြီ မုန်တိုင်း၊ မင်းကိုတိုက်တွန်းတယ်ဆို တာ အဲဒီအရှိန်အဝါတွေ၊ ငွေကြေးစည်းစိမ်တွေနဲ့ မဆိုင်ဘူး အေး···မင်းအစ်မ ငါ့တပည့်မောင်းရဲ့ ဇာတ်သိမ်းမှုမျိုး ပန်းပွန်း လွှာမှာ မဖြစ်စေချင်လို့''





''ဆရာ''

ခေါင်းအဖျားခတ်ဟာ ခံစားမှုဒီဂရီအတိုင်းတုန်ခါလို့။ မှန်းခနဲထရပ်တာနှင့် လက်သီးနှစ်ဖက်ဟာ ကျစ်ခဲနေအောင် ဆုပ် ဖြစ်ကာ တစ်စုံတစ်ယောက်အပေါ် အန္တရာယ်ပြုရန်မဟုတ်ဘဲ ခေါက်ကွဲထွက်တော့မည့် သူ့စိတ်နှလုံးကိုထိန်းချုပ်တာမျိုး။

''မမမှာ ချစ်သူရှိနေပြီ မောင်လေးရဲ့၊ သူက အရမ်း ချမ်းသာတယ်၊ အပွန်း···ရုပ်လည်း ချောတယ်၊ သူ့အမေရဲ့ ကုမ္ပဏီမှာ သူပဲဦးစီးဦးဆောင် လုပ်နေတာလေ၊ အခု သူ့အကူ အညီနဲ့ပဲ သူတို့ကုမ္ပဏီပြောင်းဖို့ မမကို စီစဉ်ပေးထားပြီးပြီ''

အဲ့ဒါရာတွင် တိုင်ပင်ဖော်တိုင်ပင်ဖက်တွေလို သဘော ထားခဲ့သည့်မမ ရင်ဖွင့်ပြခဲ့သောညက ကောင်းကင်က လရောင်နှင့် အပြိုင် လင်းနေသော မမမျက်နှာကိုငေးရင်း ထိုသူ့ဒွေးသားကို ဘယ်တင်ရှင်အဖြစ် သူပါ စိတ်ကူးယဉ်ခဲ့ဖူးသည်။ တကယ်လည်း ဘယ်တင်ရှင်နေရာဝင်ယူကာ မမ ရုံးပြန်လျှင် ဝင်ပို့ရတာနှင့် အဖေ့အတွက် အကောင်းဆုံးဓာတ်စာတွေ ဝယ်ပေးရတာနှင့် သူတို့ ဘမ္မာက တစ်ခဏတော့ ပျော်ရွှင်ဖွယ်ကောင်းခဲ့သည်။ သို့ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ခြင်းက သူတို့ထံ ခေတ္တအလည်လာခဲ့မှန်း မောင်နှ
နှစ်ယောက်စလုံး မရိပ်မိခဲ့ကြ။ အဖေဆုံးပြီးခါစမှာပဲ ကယ်တင်ရှ
ခြေလှမ်းတွေပျက်ခဲ့သလို မမလည်း ဘဝပျက်ခဲ့သည်။

"အထည်ချုပ်စက်ရုံပဲ မမ ပြောင်းတော့မယ်"

ကြားစက သူ အံ့ဩသွားပေမယ့် ဆယ်တန်းစာမေး
တွေနှင့် လုံးထွေးနေရသဖြင့် အကြောင်းပြချက်တွေမမေးခဲ့။ မမေ
ယုံကြည်တာလည်း ပါသည်။ နှစ်ယောက်တည်းကျန်ရစ်သည်
ဘဝမှာ မမက ဘာမဆို သူ့ကိုရင်ဖွင့်မည်လို့။ ဒါပေမဲ့ အဆုံ
သတ်၌ အထင်နှင့်အမြင်က တလွဲ။ စာမေးပွဲနောက်ဆုံးနေ့ အ
အိမ်ပြန်လာချိန်တွင် ကြုံတွေ့နေရတာက အိပ်ဆေးတွေ အလွ
အကျွံသောက်ရင်း အသက်မဲ့သော မမရဲ့ကိုယ်ခန္ဓာနှင့် တန်ဖိုးကြီး
ဖိတ်စာယန်းနုရောင်လေး။ ထိုဖိတ်စာရဲ့ နောက်ဆက်တွဲဖြစ်ရပ်အ
မှုခင်းဆဲရာဝန်၏ မှတ်ချက်အရ မမမှာ ကိုယ်ဝန်ရှိနေခဲ့သည်တဲ့

"မုန်တိုင်း"

သူ့ပခုံးပေါ် လက်တစ်ဖက်ရဲ့ အထိအတွေ့ကြောင့်
မညက်ညောသော အတိတ်ဆီမှ စိတ်အစဥ်က ခန္ဓာကိုယ်ဆီ





တစ်ဖန်ပြေးဝင်လာ၏။

"အစ်မချင်းစာနာပါလို့ ငါ မပြောချင်ဘူး၊ အဖြစ်ဆိုး
ချင်းမတူပေမယ့် ပန်းယွန်းလွှာရဲ့ အနာဂတ်က မင်းလက်ထဲမှာပဲ
ရှိတာ၊ မင်းလွှတ်ချလိုက်ရင် တန်းစီပြီးကွဲကြေမယ့် မာနတွေ၊
သိက္ခာတွေထဲမှာ အားလုံးထက်တန်ဖိုးကြီးတဲ့ နှလုံးသားတစ်ခု
ပါတယ်ဆိုတာ မင်းမမေ့စေချင်ဘူး"

နှလုံးသားတစ်ခု…။ ဒါ ဘာကိုရည်ရွယ်ပါသလဲ။
မေးခွန်းဆုံးတာနှင့် သူ့အတွက်လိုက်လျောပေးဆပ်တတ်သည့်
အကြည့်တစ်စုံကို မရည်ရွယ်ဘဲ သတိရသွားသည်။ တွေ့လိုက်
တိုင်း အပြုံးတို့ တွဲခိုသည့် နှုတ်ခမ်းတို့ရဲ့နောက်မှာ ဘာတွေ
ရောင်ပြန်ဟပ်ဖို့ ရှိပါသနည်း။ သူ့အတွေးက မဆုံးပေမယ့် ဆရာ
တတော့ ဆုံးသွားသောစကားကို လက်စသတ်ရန်အားယူရင်း…

"သားရှင်တိုင်း ခေါင်းမခါချင်တဲ့ မိန်းကလေး၊
ယောကျ်ားလေးတွေ ပစ်ခတ်အထင်ကြီး စွဲလမ်းလောက်တဲ့
ရုပ်ရည်ရှိတဲ့ ပန်းယွန်းလွှာက မင်းတစ်ယောက်ကိုပဲ လက်ထပ်ဖို့
တောင်းဆိုတယ် ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com

ဦးမျိုးကျော်က ပင့်သက်ရှိုက်ရင်း…

"ဒါ အရွေးမှားမယ့်ကိစ္စတော့ မဟုတ်ပါဘူး"

မုန်တိုင်းက ဘောင်းဘီထဲလက်စုံနှိုက်ရင်း နာနာကျ
ကျင် မဲ့ပြုံးပြီးမှ

"အရွေးမမှားဘူးပြောရအောင် ကျွန်တော်က ရွေးချယ်
ခွင့်ရော ရခဲ့လို့လားဆရာ"

◆ ◆ ◆



## အခန်း (၂၂)

"တမင်တကာတော့ နင် ကားကို လယ်ကွင်းထဲခုန်ဆင်း
နိုင်းခဲ့တာ မဟုတ်ပါဘူးနော်"

"ဘာပြောတယ်"

"အေးလေ၊ နင့်အဖြစ်က ဒီနေ့မှာပျိုပြီး တစ်ညလည်း
ထူးရော အိုသွားတာကိုး"

"မိမျိုးရယ်၊ ညမှာအတူ ဆိုတော့…ဟို…အိုတာ
ဆန်းပါဘူးပဲ၊ ကူရတဲ့နေရာက မီးမရှိဘာမရှိဆိုတော့"

"ပပ‥ကြည့်စမ်း၊ နင် တော်တော်မိုက်ရိုင်းနေပါလား၊
ဒါ အပျိုလေးပါးစပ်က ထွက်ရမယ့်စကားလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ဒါဆိုလည်း အအိုကြီးပါးစပ်ကပဲ ဖြေ
ပြပါ"

"ကြည့်စမ်း…နင်တို့"

ပန်းယွန်းက နှုတ်ခမ်းကို ဖွဖွကိုက်ကာ ဒေါသမပါသော ရှက်စိတ်ဖြင့် ပခုံးမှာတင်ထားသော ပဝါကို လုံးထွေးပြီးပေါက်တော့ ဟိုနှစ်ယောက်က နှစ်ယောက်အိပ်ခုတင်ကြီးကိုပြေးရင်း…

"ဟဲ့ တော်ရုံပဲ၊ အသစ်စက်စက်အအိုလေး ရှက်သွား ရာပြီ"

ကရော်ကရော်လုပ်ပြီး စနေသဖြင့် ပန်းယွန်းလွှာ ခြေဆောင့်ကာ နှုတ်ခမ်းစူရင်း

"ဒီမှာ ဆံထုံးတို့ ဒီလက်ဝတ်လက်စားတွေ လာ ကူဖြုတ်ပေးဦး၊ ငါ နေရထိုင်ရတာ ကျဉ်းကြပ်လွန်းလို့"

"ဟွန်း…နင်ရှေ့လျှောက်ပြီး ဒီထက်ကျဉ်းကြပ်တာ တွေ့ဦးမှာ၊ အိမ်ထောင်သည်ဆိုတာ အပျိုလိုမလွတ်လပ်တော့ ဟဲ့၊ လင့်ဝတ္တရား၊ သားဝတ္တရားတွေနဲ့ လုံးထွေးနေတော့မှာ"

ပပက အနားသို့လာပြီး ဘယက်တွေ၊ လက်ကော





ွ ဖြုတ်ပေးသလို မိမျိုးက ခိုစိမ်းရောင် ဇာခါးရှည်အင်္ကျီလေးကို က်ကျောမှ ဇစ်အား ဆွဲချပေးသည်။ ပန်းယွန်းလွှာကတော့ န်ထဲပေါ်နေသည့် သတို့သမီးအဆောင်အယောင်အပြည့်နှင့် ုပုံရိပ်ကို ငေးကြည့်နေမိသည်။ ဒီနေ့ပဲ သူမနှင့် မုန်တိုင်း က်လက်မှတ် ထိုးခဲ့ကြသည်။ သဘောတူညီမှုတွေကို အဘွား သူ ဘယ်လို ညှိနှိုင်းခဲ့ကြလဲ ပန်းယွန်းလွှာမသိပေမယ့် ရရှိခဲ့သော န်းနေရာကို ပန်းယွန်းလွှာ သဘောကျနှစ်သက်ခဲ့ပြီးသား။

"ငါကတော့ ဘယ်လိုဝတ္တရားတွေပဲလာလာ မငြီးငြူ သိလား၊ သူ့စိတ်ကြိုက် အကုန်ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားမှာ"

"အမယ်လေး…လူကြားကောင်းအောင် နှစ်ပါးသွား ချင်းတွေ ဆိုမနေနဲ့၊ က,တော့မှ ကဗျာလွတ်ဖြစ်နေဦးမယ်၊ န်း…နင် လက်ဆယ်ချောင်း တစ်ချောင်းမှ ချိုးရမှာမဟုတ်ဘူး၊ အဘွားအိမ်မှာ ဒီလောက်အခြွေအရံတွေများတာ"

"များလည်း ကိုယ်တိုင်လုပ်ပေးမှာပဲ"

ကိုယ်ကိုတစ်ဖက်လှည့်ထိုင်တော့ မှန်တင်ခုံအား ကျော



www.burmeseclassic.com

www.burmeseclassic.com



နိုင်းပြီးသားဖြစ်သွားသည်။ အင်္ကျီလဲရန် ဗီရိုဆီလျှောက်သွားပြီး ပန်းချိတ်ရုံကြိုးပြားကြီးပါသည့် စွပ်ကျယ်လိုအင်္ကျီက အနက်ရောင် နှင့် ကာကီရောင်ဘောင်းဘီတို့ကို ဆွဲယူလာကာ အဝတ်လဲခန်းထဲ ဝင်သွား၏။ ဒါကို ပပက အားမရဘဲ နောက်ကလျှောက်လိုက် သွားကာ···

"ဒါနဲ့များ အဘွားက ဆရာနဲ့ လက်ထပ်ရမယ်ဆိုတုန်း က ဆေးရုံပေါ်မှာ နင်ဘာလို့ ငိုတာလဲ"

"အဲဒီတုန်းက ငါတို့မှာ ရင်ထိတ်သွားတာပဲ၊ ဆရာ အပေါ်ထားတဲ့ နင့်စိတ်ပြောင်းသွားပြီလားလို့"

"ပြောင်းစရာလားဟဲ့"

အဝတ်လဲခန်းက ပြန်ထွက်လာတော့ စောစောကမြို သောဒီဇိုင်းနှင့် တခြားစီ။ ပေါ့ပါးလွတ်လပ်ခြင်းကြား ထိုးထွက် လာတာက ငယ်နုပျိုမြစ်ခြင်းများ။ ပန်းယွန်းလွှာဆိုသည့်အတိုင်း ရွှေရောင်ဝင်းဝါသော အသားအရောင်ပေါ် အနက်ဝတ်ထားသော ကြောင့် အသားက ပိုလင်းသည်။ ကိုယ်လုံးကသွယ်ပြီး ပြည့်တင်း မို့ ဘော်ဒီဖစ်တွေဝတ်တိုင်း ရင်သည် ရင်အတိုင်း၊ ခါးသည်





ခါးအတိုင်းကို အချိုးကျစွာ မြင်ရတာက ညို့အားပြင်းသော စက်ကွင်းတစ်ခုလို။ ပန်းယွန်းလွှာက ကုပ်ထောက်ဆံပင်ကို လက်နှစ်ဖက်ဖြင့် ခပ်မြှောက်မြှောက်စည်းကာ···

"မျက်ရည်ကျတိုင်း ဝမ်းနည်းတယ် မထင်နဲ့"

"ဒါဖြင့်···"

"ပျော်လို့ပေါ့၊ ကိုယ်ချစ်တဲ့လူနဲ့ လက်ထပ်ခွင့်ရတာ အတူတကွနေခွင့်ရတာက လောကရဲ့နိဗ္ဗာန်တဲ့၊ မသေမချင်းမှတ် ထားကြ မစွံမတွေရဲ့"

"အောင်မယ်···ငါတို့ကိုများ မစွံဘူးတဲ့"

"မလိုချင်လို့ သပ်ချနေရတဲ့ အလန်းလေးတွေမှ အများ ကြီး၊ နင်မမြင်ဘူးလား"

"အလန်းလေးတွေတော့ မမြင်ဘူး၊ အကာန်းကြီးတွေပဲ မြင်တယ်၊ ဟိုမမြင်ဒီစမ်းနဲ့ နင်တို့ကို လာစမ်းလို့"

"အယုတ်တမာမ"

နှစ်ယောက်ပေါင်းပြီး ပန်းယွန်းလွှာနောက် လိုက်ဟာန် မြင်တာနှင့် သူမက ပြေးပေါက်ကိုရှာစဉ်မှာပဲ···



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်…ဒေါက်…ပန်းယွန်းလွှာ"

အထဲကအသံတွေ ဖျတ်ခနဲတိတ်ကျသွားကာ မိမျိုးတို့နှစ်ယောက်စလုံး ဇက်ကလေးတွေပုကုန်တာ ပြိုင်တူ။ ဖြစ်ပျက်သွားတဲ့ နှစ်ယောက်အေးကြည့်ကာ ပန်းယွန်းလွှာက ဟက်ဟက်ပက်ပက် ဖက်ရယ်ရင်း တံခါးဝဆီလျှောက်သွား၍ တံခါးဖွင့်ပေးလိုက်သည်။ တံခါးဝမှာ မင်္ဂလာဝတ်စုံမလဲရသေးသော မှန်တိုင်းက နို့စိမ်းရောင်တိုက်ပုံကိုချွတ်ကာ ခါးလယ်မှ ခေါက်ချိုးကိုင်ထား၏။ လည်ကတုံးအင်္ကျီကိုလည်း ကြယ်သီးသုံးလေးလုံးဖြုတ်ထားပေမယ့် သူ့ပုံစံက စိတ်မလန်း၊ လူက နွမ်းနေသလို။

"မှန်တိုင်း နားချင်ပြီလား၊ မနားခင် သံပရာရည်တစ်ခွက်လောက် သောက်လိုက်ပါလား၊ ပန်းယွန်း သွားယူလိုက်မယ်လေ"

ပန်းယွန်းစကားအဆုံးမှာ နောက်ထပ်ပါးမှ..

"Wow!"

"အဟီး…"

အာမေဋိတ်သံတွေ၊ ရယ်သံတွေက တိုးတိုးကျိတ်ကျိတ်ထွက်လာသည်။ ပန်းယွန်းကတော့ ဘာမှဂရုမစိုက်ဘဲ မွေးညင်း





စိမ်းမြမြတို့ဖြင့် ဝင်းဖန့်နေသော သူ့မျက်နှာအား ရင်ခုန်မှုးယစ်စွာ ငေးမောနေခဲ့သည်။

ကုပ်ချိုထားသော မျက်ခုံးထူထူတွေက မလိုလားမနှစ်သက်ခြင်းကိုဖော်ပြနေပေမယ့် ပန်းယွန်း မြတ်နိုးရသော မျက်တောင်ရှည်စိပ်စိပ်တွေကြောင့် သူ့မျက်နှာက ခေါသတွေ ဖြစ်ပြနေပေမယ့် ရှင်ရော်မသွားခဲ့။

"မလိုတော့ဘူး၊ မယူနဲ့"

နှုတ်ခမ်းနှစ်လွှာက အပိုအလိုစကား ဆိုခွင့်မရှိတာလား။ ပြောသမျှက အဓိပ္ပါယ်ဆန့်သည့်အထဲ မကျေနပ်ခြင်းတွေ ရောပြွမ်းတာ ချိုသာမှုမရှိ။ သို့သော်လည်း ပန်းယွန်းလွှာက နားဝင်ချိုလှသောအခါ။

"ဒါဆိုလည်း နားတော့လေ"

ကိုယ်တစ်ခြမ်းကပ်ပြီး တံခါးဝကို ဖယ်ပေးပေမယ့်

"ငါ နားဖို့လာတာမဟုတ်ဘူး၊ မင်းကို လာခေါ်တာ"

"ပန်းယွန်းကို"

သူက ဆတ်ခနဲ ခေါင်းညိတ်ပြရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဝတ္တရားရှိလို့ ခေါ်မယ်လို့ဆုံးဖြတ်ထားတယ်၊ လိုက်တာ မလိုက်တာ မင်းသဘော"

ပြောပြီး ချာခနဲလှည့်ထွက်သွားတော့ ယန်းယွန်းလွှာ ခြေလှမ်းတွေက သူ့နောက်ပါးထံ ကပ်ပါသွားသည်။

တော်လေးဝဝင်တဲ့ မိန်းမဖြစ်တွေလို သမိုင်းမှာ စာတွင် စေချင်လို့မဟုတ်ပါ။

သူ့နှလုံးသားမှာ အစွန်းအထင်းတစ်စက်လို ထင်ကျန်ရစ်မယ်ဆိုရင်တောင် ဒီက ဘာမဆိုခေါင်းညိတ်ရန် အသင့်။

◆ ◆ ◆



## အခန်း (၂၃)

"ဘယ်လို…ဘယ်လိုကွဲ၊ မောင်ရင်ပြောတာက"

ကျွန်းကနုတ်တွေနှင့် ခန့်ညားသော ခုတင်ပေါ်ရှိ မွေ့ရာထူထူကြီးပေါ်မှ ခေါင်းထိပ်ထားက ဆတ်ခနဲ ထထိုင်တော့ ဘေးမှာ ခြေထောက်နှိပ်နယ်ပေးသူတွေ၊ အမောပြေ သံပရာရည်တိုက်ရန် ဖြင်ဆင်နေသူ အခြွေအရံတွေအားလုံး ရှဲခနဲဘေးကပ်သွားသည်။ နှစ်မ်းရောင်ဇာရင်ဖုံးနှင့် နှစ်မ်းရောင်ပိုးထည် ထဘီအိအိကြီး ဝတ်ထားသောအဘွားသည် လက်ဝတ်လက်စားတွေတောင် မချွတ်ရသေး။ ရုတ်ခနဲ ထထိုင်လိုက်သဖြင့် ချက်ထောက်သော စိန်ကြိုးက ဆွဲခါရမ်းသလို လှုပ်ရှားသွားပုံက ဘေးလူတွေ မျက်စိကျိန်း



www.burmeseclassic.com

www.burmeseclassic.com



လောက်သည်အထိ။ တိုင်းကတော့ ခပ်တောင့်တောင့်ရပ်နေရာ

"ဟုတ်ပါတယ်အဘွား၊ ကျွန်တော့်အိမ်မှာ ပြန်နေ
ပြောတာပါ"

"ဒါဖြင့် ငါ့မြေးမကရော"

"သူ့သဘောအတိုင်းပါပဲ၊ ဒီမှာနေခဲ့မယ်ဆိုရင်လဲ"

"မင်းက ထားခဲ့မယ်ပေါ့"

အတွန့်အဆုတ်မရှိ တိုင်းက ခေါင်းညိတ်ပြပေမယ့်
ပန်းယွန်းလွှာရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားသည်။ အဘွား
အားကိုးတကြီး လှမ်းကြည့်တော့ ခေါ်ထိပ်ထားမှာ စိတ်ပျ
ခြင်းတွေ လွှမ်းမိုးသွားသော မျက်နှာက ခပ်လျော့ရဲရဲနှင့်…

"မဟုတ်တာကွယ်၊ မင်္ဂလာဦးကာလမှာ တစ်ယော
တကွဲနေရမယ်လို့၊ နိမိတ်မရှိတာဘဲ၊ ဒီမှာပဲနေပါလို့ အဘွ
တောင်းဆိုပါရစေ၊ အိမ်ကြီးပေါ်မှာ မလွတ်မလပ်ရင်လည်း မြေ
ကျယ်သားပဲ၊ နောက်ထပ်တိုက်တစ်လုံး ထပ်ဆောက်ပေးမ
ပြီးတော့ မောင်ရင့်ကို အဘွားလုပ်ငန်းတွေထဲ ဦးစီးနိုင်းဖို့ စိတ်
ကူးထားတယ်၊ မြေးမကိုတော့ မောင်ရင်ပဲ ဖြည်းဖြည်းချင်းလ





တွဲခေါ်"

"မဖြစ်နိုင်ပါဘူး အဘွား"

"ဘာဖြစ်လို့တုန်းကွဲ့"

"ကျွန်တော့်မှာ ကိုယ်ပိုင်အလုပ်ရှိပါတယ်"

"မင်းနှယ့်ကွယ်၊ ဒီသီချင်းရေးတဲ့အလုပ်ဆိုတာ တစ်ပုဒ်
ဘလေးရဖို့ ခေါင်းပူအောင်စဉ်းစား၊ ရပြန်တော့လည်း ဆိုမယ့်သူ
မှိုင်းမှ၊ အနုပညာကို အဘွား လေးစားပေမယ့် မသေချာတဲ့လုပ်ငန်း
တစ်ခုကိုတော့ အဘွား အားမပေးချင်ဘူး"

"ရေရာသေချာခြင်းဆိုတာ ဘာကိုပြောတာလဲအဘွား"

အမြဲတမ်း သုန်မှုန်နေသော သူ့မျက်နှာက ချက်ချင်း
ထပေါက်ကွဲပစ်တော့မလို အရောင်ရင့်လာပေမယ့် လေသံတွေက
အေးတိအေးစက်။

"ဘုရားဟောမှာ မမြဲခြင်းတရားဆိုတာ ရှိခဲ့သေးတယ်၊
မမြဲတဲ့လောကကြီးထဲမှာ ကျွန်တော့်နေ့ရက်လေးတွေကို အဘွား
ပြောတဲ့ မသေချာအလုပ်ကြီးနဲ့ တည်ဆောက်ခဲ့တာ ဒီနေ့အထိပဲ"

"ဒါပေမဲ့ ရှေ့ဆက်ရမယ့်နေ့တွေမှာ မင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း မဟုတ်တော့ဘူးလေ၊ ငါ့မြေးရှိလာပြီ”

“အဲဒီအတွက် စိတ်မချဘူးဆိုရင် ပြန်သိမ်းထားလိုက်ပါ အဘွား”

“ဘာကွဲ့…”

ဒေါ်ထိပ်ထားကိုယ်ကြီး ဒေါသကြောင့် မတ်ခနဲဖြစ်သွားသည်။ ပန်းယွန်းကတော့ မလွန်ဆန်နိုင်သူနှစ်ယောက်ရဲ့ စကားစစ်ထိုးပွဲမှာ ဟိုလူ့တားရမလို၊ ဒီလူ့ပြေးဆွဲရမလိုနှင့် ဗျာများခဲ့တာ မျက်ဝန်းတွေသာဖြစ်လျက် လူကတော့ နေရာမှာတင် တောင့်တောင့်ကြီးရပ်လျက်သာ။ မုန့်တိုင်းက အခုထိ ကိုင်ထား… ဖြစ်သောတိုက်ပုံကို တစ်ဖက်ပေါ်ဖြစ်သလိုပစ်တင်ရင်း…

“အဘွားအသိဆုံးပါ၊ သူနဲ့ ကျွန်တော့်ကြားမှာ ချစ်… ရေးတဲ့ အလင်္ကာမပါဘဲ ဇာတ်ပေါင်းခဲ့ကြတာ”

“ဟော့…မင်း”

ရုတ်တရက်မို့ ဒေါ်ထိပ်ထားက ဘာတစ်ခွန်းမှမပြော… ဆိုကို။ လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်ဟစ်ပေါက်ကွဲရန် ရည်ရွယ်… မယ့်…

“အဘွား”

မြေးမက မုန့်တိုင်းနောက်ကျောဘက်မှ ဒေါ်ထိပ်ထား …ရှိရာဘက်သို့ တရွေ့ရွေ့တိုးထွက်လာပြီး

“သူပြောတာ သဘာဝကျပါတယ် အဘွားရယ်၊ သျှောင် …က်ဆံထုံးပါတယ်ဆိုတဲ့စကားက ရှိသားပဲ”

“ဒါဖြင့် မြေးက”

ပန်းယွန်းလွှာက အဘွားခုတင်ခြေရင်းတွင် ကျုံ့ကျုံ့ လေး …င်ထိုင်ကာ လက်အုပ်ချီရင်း…

“ပန်းယွန်းလွှာ အဘွားအပေါ် ကံသုံးပါးနဲ့ ပြစ်မှားမိ …တာရှိရင် ပန်းယွန်းလွှာ ကန်တော့ပြီး တောင်းပန်ပါတယ်”

ဖျတ်ခနဲဦးချသည့်အချိန်တွင် မျက်ရည်တစ်ပေါက်က …ခင်းပြင်ဆီ လျှောတိုက်ဖြတ်စီးသွားပြီးနောက်။

ဇာတ်ပေါင်းခဲ့ကြပေမယ့် အခုမှ ဇာတ်လမ်းစမှာပါ…

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဖျတ်ခနဲနိုးတာနှင့် အရင်ဆုံးအာရုံထဲ သတိရမိတာ ကိုကို။ ပန်းယွန်းလွှာက မျက်လုံးဖွင့်ကြည့်သည်။ ညက သတိနှင့် အိပ်ခဲ့ရသည့်အတွက်လားမသိ။ ပန်းယွန်းတစ်ကိုယ်လုံး ညောင်းညာနေခြင်းမှအပ အားလုံးပုံမှန်။ ကိုကိုရှိရာဘက်သို့ ဖြည်းဖြည်းချင်း စောင်းလှည့်မိတော့။

"ဟင်"

နှုတ်ခမ်းလေး ပွင့်ဟသွားသည်အထိ ပန်းယွန်းက တအံ့တသြ။ သူမ၏ ညာဘက်ခြမ်းနေရာ၌ ဘယ်သူမှဝင်အိပ်စက်ခြင်းမပြုမှန်း သိသာစေရန် အိပ်ရာခင်းက ပြန့်ပြန့်ဖြူးဖြူး။ သို့သော်မယ့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးတော့ မရှိတော့။ ဒါဆို ညက ဒီအိပ်ခန်းထဲ ကိုထို ဝင်လာခဲ့သည်ပေါ့။ အတွေးနှင့်အတူ ပြုံးသွားသော နှုတ်ခမ်းများဖြင့် သူမ၏ လတ်ဆတ်သော အိမ်ထောင်သည်ဘဝကို ပန်းယွန်းက ကြိုဆိုပစ်လိုက်သည်။ မနေ့ညနေကပဲ ပန်းယွန်းသည် ဒီအိမ် အရှင်သခင်မအနေဖြင့် ခြေချခဲ့ခြင်းဖြစ်သည်။

"မင်းအိမ်လောက် မခမ်းနားပေမယ့် ဒါ ငါ့ကိုယ်ပိုင်ငွေ တွေနဲ့ ပြင်ဆင်ထားတာချည်းပဲ"

အိပ်ခန်းကိုဖွင့်ပြရင်း ကိုကိုက ပြောခဲ့သည်။ ပြင်ဆင် ပြီးသား နှစ်ယောက်အိပ်ခုတင်ပေါ်မှာ မွေ့ရာက အသစ်စက်စက် အိပ်ရာခင်း၊ ခြင်ထောင် အားလုံးက အဖြူဆွတ်ဆွတ်တွေချည်းပဲ အခန်းထောင့်မှာ ခုတင်နှင့်ဝမ်းဆက် အနီရောင် သံဖရိန်တစ်စုံ ပန်းယွန်းလှာအိပ်ခန်းထဲက သုံးဘက်မြင် မှန်တင်ခုံကြီးထက်စာလျှင် အများကြီးသေးငယ်သော်လည်း ပန်းယွန်းလှာက သဘောကျ သည်။

"ဟိုဘက်ခန်းက ငါ့အလုပ်ခန်း"

"ပန်းယွန်းလှာ ကြည့်ချင်တယ်"





ပါးစပ်ကပြောပေမယ့် လက်က လေထက်မြန်သည်။ အခန်းချင်း မျက်နှာချင်းဆိုင်မို့ ပန်းယွန်းလှာက ဒီအိပ်ခန်းက ထွက်ပြီး တောက်လျှောက်သွားတာနှင့် သူ့အလုပ်ခန်းဆိုတာကို ရောက်ပြီ။ တံခါးဖွင့်ပြီး အခန်းဝအတွင်း ခေါင်းပြူကြည့်တော့ ဂစ်တာနှစ်လုံးက ကြမ်းပြင်ပေါ် လှန်ထားတာ အခန်းထောင့် တစ်နေရာစီမှာ။ Laptop တစ်လုံးနှင့် အီးယားဖုန်းတွေ၊ ရေးလက်စစာရွက်တွေနှင့် လုံးခြေပစ်ထားသော စက္ကူလုံး အမြောက်အမြားကြောင့်။

"ဟွန်း..ရှုပ်ပွနေတာပဲ"

"ပြောထားမယ်နော်၊ စပ်စုချင်တာပဲဖြစ်ဖြစ် ရှင်းလင်းချင်တာပဲဖြစ်ဖြစ် ဒီအခန်းထဲက ပစ္စည်းတွေကိုတော့ ထိဖို့မကြိုးစားနဲ့၊ ကျန်တဲ့တစ်အိမ်လုံးကတော့ မင်းစိတ်ကြိုက်၊ သိရဲ့လား"

"ဟုတ်...ကဲ့"

ပန်းယွန်းလှာက ပြောင်ချော်ချော်ရုပ်ကလေးနှင့် ခေါင်းညိတ်ပြခဲ့သည်။ သူကတော့ ကုပ်ချီထားသောမျက်ခုံးတို့ကို အခုထိ ဖြေမချသေးဘဲ...

"ဟိုနောက်ဘက်က မီးဖိုချောင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..အဲဒါက အရေးကြီးတယ်၊ ကြည့်ထားရမယ်"

တစ်ယောက်တည်း နောက်ဘက်ထဲဝင်သွားသည်။

မီးဖိုချောင်က အိမ်မကြီးနှင့် တပြေးတည်းမဟုတ်ဘဲ လှေကား နှစ်ထစ်နှင့် အနိမ့်ပိုင်းလုပ်ထားသည်။ အထွေအထူး ဘာမှမရှိ အောင် ရှင်းလင်းနေသည့်အထဲမှာ ခေတ်ပေါ်အသုံးအဆောင်လည်း ဘာမှမရှိ။ သစ်သားကြောင်အိမ်ဟစ်လုံးနှင့် ထမင်းစားပွဲဝိုင်းကိုသာ တွေ့ရသည်။ ယောပလိတ်နှင့် ရိုက်ကွတ်ကာကိုတွေ့ရပြီး ပန်းကန် စင်မှာလည်း ပန်းကန်လေးတွေ သပ်သပ်ရပ်ရပ် စီထားပုံက သန့်ရှင်းနေ၏။

"မင်း စူးစမ်းတဲ့ကိစ္စ ပြီးပြီလား"

ပန်းယွန်းလွှာက နောက်လှည့်ကြည့်တော့ သူက အပေါ်ဆင့်မှာထိုင်ပြီး လှေကားသီခြေချထိုင်ထားကာ စိတ်မရှည် သလို မေးခွန်းထုတ်သည်။

"မပြီးသေးဘူး၊ အရေးကြီးတာ ကျန်သေးတယ်၊ ဟို.. ရေချိုးခန်းနဲ့ အိမ်သာကရော"

"ရေချိုးခန်း"





သူက ပန်းယွန်းလွှာစကားအတိုင်း လိုက်ရေရွတ်ပြီးမှ ...လှုပ်အောင် ဟက်ခနဲအော်ရယ်ရင်း...

"မင်းအိမ်က အချိုးအချိုတ်တွေကို ဒီထဲခြေမချခင် ...ချခဲ့ပါလို့ ငါ ပြောဖို့မေ့သွားတယ်"

"ဘာဖြစ်လို့လဲ၊ ရေချိုးခန်း မရှိဘူးလားဟင်"

"ရေချိုးခန်းတော့ မရှိဘူး"

သူက လှေကားမှ မလှုပ်တလှုပ်ဆင်းလာပြီး ပန်းယွန်း ...ကို ဖြတ်ကျော်ကာ တံခါးတစ်ခုကို တွန်းဖွင့်လိုက်သည်။ ...မြင်ရတဲ့ ခြံနောက်ဘက်မြင်ကွင်းမှာ လူရင်ညွန့်လောက်အထိ ...သော အုတ်ကန်ကြီးနှင့်အတူ။

"ရေချိုးကန်ပဲရှိတယ်၊ ဟိုအနောက်မှာက အိမ်သာ"

ခြံနောက်ဘက်နား ကျကျမှာ အုတ်အိမ်သာလေးက ...သပ်ရပ်ရပ်ပေမယ့်

"အိမ်သာက အဓေးကြီးပဲ"

"မင်းက ကိုယ့်ပစ္စည်းတွေမထိန်းနိုင်ဘဲ ထွက်ကျတတ် ...သူလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ…အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဟိုလေ ည
ညတာကျတော့"

"စိတ်ချ ငါ့ခြံထဲမှာ ပုရွက်ဆိတ်ကလွဲရင် တ
ကိုက်တတ်တဲ့သတ္တဝါ မရှိသေးဘူး"

ပြောပုံက အခုမရှိဘဲ နောက်တော့ရှိလာမည့်အတိုင်
ဘာပဲဖြစ်ဖြစ် ရောက်စနေ့လည်းဖြစ်တာကြောင့် ပန်းယွန်
အကာအရံမဲ့သော အုတ်ကန်မှာ ရေမချိုးရဲဘဲ ခြေထောက်
လက်ဆေး၊ မျက်နှာသစ်ရုံနှင့်ပင် တစ်ကိုယ်ရည်သန့်ရှင်းရေး အ
ကျေနပ်လိုက်ရသည်။ ညနေစာအတွက် ဘာစီစဉ်ရမလဲလို့ ကြ
ရင်း အိမ်ကသယ်လာသော လပ်ရော့ချ်ထဲမှ အဝတ်အစားမျ
ဗီရိုထဲပြောင်းထည့်ရင်း စဉ်းစားခန်းဝင်တုန်းမှာပဲ…

"ခေါက်‥ခေါက်…ပန်းယွန်းလွှာ"

သူ့လက်တစ်ဖက်ပဲ တံခါးဝမှ အခန်းတွင်းရောက်
ကာ လက်ထဲ၌ ဖော့ဘူးထည့်ထားသော အိတ်တစ်လုံးဆွဲပြ

"ညနေစာအတွက် ခေါက်ဆွဲကြော်နဲ့ အအေးဝယ်
တယ်၊ မကြိုက်လည်း ဗိုက်ပြည့်အောင်စားလိုက်"





မှတ်သားလောက်ပါပေသည်လို့ ပန်းယွန်းလွှာက ခပ်မဲ့မဲ့
တွေးရင်း သူ့လက်ထဲမှအိတ်ကို ထယူကာ ကျောခိုင်းသွားပြီဖြစ်
သော မုန်တိုင်းအား နောက်မှလှမ်းကြည့်ရင်း…

"ကိုကို"

ခြေလှမ်းတုံ့သွားပေမယ့် လှည့်ကြည့်မလာသော သူ့
ကြောင့်

"မုန်တိုင်း"

ပန်းယွန်းလွှာကခေါ်မှ သူက ပခုံးနားအထိ မေးဖျား
ရွှန်းကပ်အောင် ငုံ့ကြည့်ရင်း

"ဘာလဲ"

"မှတ်ထားနော်၊ ဒီနေ့ကစပြီး မုန်တိုင်းကို ပန်းယွန်းက
ကိုကိုလို့ပဲခေါ်တော့မှာ၊ အဟွန်း…ကိုကိုခေါ်တိုင်း လှည့်ကြည့်"

တစ်ခြမ်းပဲမြင်ရသော သူ့မျက်နှာက ဆေးနီပက်ဖြန်းခြင်း
ခံလိုက်ရသလို ရဲခနဲဖြစ်သွားပြီးနောက် ပန်းယွန်းလွှာကို ကောင်းချီး
ပေးသွားတာက…

"အရူးမ"



www.burmeseclassic.com

www.burmeseclassic.com



တဲ့လေ။

"ကိုကို…ဟာ‥ဟ‥တကယ်ခေါ်လို့ ကောင်းတဲ့နာမ်စားပဲ၊ နှုတ်ခမ်းဖျားကခေါ်တာ ရင်ထဲအထိ ချိုစိမ့်သွားတာ တကယ်၊ သိလား‥ကိုကို"

ပန်းယွန်းလွှာက တစ်ယောက်တည်းရေရွတ်ရင်း အားပါးတရ ရယ်ပြီးမှ အိပ်ရာပေါ်မှ ခုန်ထသည်။

"ထမှ‥ဇိမ်ဆွဲပြီး နှပ်နေလို့မဖြစ်တော့ဘူးပန်းယွန်းလွှာ၊ ကိုကို့အတွက် ဘရိတ်ဖက်စ် စီစဉ်ပေးရမှာ"

အိပ်ခန်းထဲကထွက်ပြီး ပန်းယွန်းလွှာက သူ့အလုပ်ခန်း တံခါးကို တွန်းဖွင့်ကာ‥

"မောနင်း ကိုကို"

ခပ်မြူးမြူးနှုတ်ဆက်ပြီးမှ အခန်းတွင်းငေ့ကြည့်တော့ ခေါင်းအုံးတစ်လုံးမှတစ်ပါး ကိုကို့အရိပ်အယောင်မတွေ့ရ။ ပန်းယွန်းလွှာက အခန်းထဲကထွက်ပြီး မီးဖိုချောင်ဆီပြေးဆင်းကာ တံခါးဖွင့်၍ နောက်ဘက်ဆီမျှော်ကြည့်သည်။ အိမ်သာမှာလည်း ရှိမည့်ပုံမပေါ်။ ခုတ်ကန်နားမှာလည်း အရှင်းကြီး။ ဒါဆို





ပန်းယွန်းလွှာက အိမ်ပေါ်ပြန်တက်ပြီး ညှိခန်းဆီ တောက်လျှောက်ပြေးထွက်တော့ ညှိခန်းကလည်း ရှင်းရှင်းလင်းလင်းကြီး။ သစ်သားတံခါးမကြီးကတော့ ဖွင့်ထားပြီး သံဘာဂျာတံခါးကို အတွင်းဘက်မှသော့ခတ်ထားပုံက အပြင်မှ လက်လျှိုပြီး သော့ခတ်သွားပုံရသည်။ ထိုသံဘာဂျာတံခါးကြားမှ စက္ကူဖြူလိပ်ကလေး။ ပန်းယွန်းလွှာက အမောတကောနှင့် ဆွဲယူကာ ဖတ်ကြည့်တော့…

*"Studio သွားသည်။ အမြန်နောက်ကျမည်။*

*ဘုရားစင်ပေါ်မှာ ပိုက်ဆံငါးထောင် ထားခဲ့သည်။*

*ထမင်းဟင်းအဆင်ပြေသလို ဝယ်ထားပါ။*

*P.S...*

*ငါးထောင်က နှစ်ရက်စာ…။*

တဲ့လေ။ ပန်းယွန်းလွှာက တွန့်ကွေးထားသော မျက်ခုံးတွေ ပြေကျသွားကာ နှုတ်ခမ်းတွေမှာ ရယ်မြူးရိပ်သဲ့သဲ့လေး ဆင်လာပြီးမှ…

"အဟွန်း…ကိုကို ကပ်စေးနဲ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟား…မွေးလှချည်လား"

မွှေးရနံ့ဟာ နှာသီးဝကို ဇွကာဝဲကာနှင့် အိပ်ချင်စိတ်ကို ပြယ်စေသည်အထိ အစွမ်းထက်လှသည်။ စပါးလင်နှင့် ငါးနံ့ သင်းနေသည့်အထဲမှာ ရှေတ်ကောင်းနံ့ကလေးပါ စွက်ထားသော ရနံ့က နံနက်ခင်းမှာ ဟာနေသောဝမ်းဗိုက်ကို တကြွတ်ကြွတ် မြည်လာစေသည်။ တိုင်းက အိပ်ရာမှကျိုးထရင်း ထချက်တော့ အပျင်းဆန့်လိုက်သေး၏။

"ဘယ်အိမ်က မုန့်ဟင်းခါးချက်နေပါလိမ့်"

သူက မုန့်ဟင်းခါးခရေစီ။ ဒါတောင် အခေါ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဟင်းရည်ပေါ် ရဲနေအောင်ဝေ့နေသည့် နီနီရဲရဲဟင်းရည်မျိုး ကြိုက်တတ်သူမဟုတ်။ မုန့်ဟင်းရည်က ညိုညစ်ညစ်အရောင်လေးလွှမ်းနေပြီး အဆီတွေမပါမှ။ အရည်ကျဲကျဲမှာ ခပ်လိုက်တိုင်း ငါးဖတ်ဝါဝါလေးတွေ ပါနေရမည်။ ဒီလိုဟင်းရည်မျိုးကို ဆီချက်ဝါဝါ၊ နံနံပင်၊ ငရုတ်သီးမှုန့်တွေ ရဲနေအောင်ထည့်ပြီး စားခွင့်ရမည်ဆိုလျှင် အိုး‥တကယ့်ဂွတ်ရှယ်။ အတွေးထဲမှာပင် သွားရည်ကျလာပြီး မုန့်ဟင်းခါးအနံ့ကို ရှူးစမ်းရန် တိုင်းက အိပ်ရာမှကျုံးထသည်။ သူ့အိပ်ရာက ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်နှင့် ဖျာတစ်ချပ်ပင်။ နဂိုကတည်းက သီချင်းရေးရင်း ဈာန်ဝင်သည့်နေရာ၌ အိပ်တတ်သူမို့ အိပ်ရာအခင်းအကျင်းက သူ့အတွက် တခမ်းတနားဖြစ်နေစရာမလို။ ကျောချစရာတစ်နေရာလောက်ရှိရင်ပဲ ထိုကျောချစရာတစ်နေရာကို မက်မိ၍ သူမှာ မိန်းမတစ်ယောက်အဖတ်တင်သွားသောအဖြစ်ကြောင့် လန်းဆန်းနေသော စိတ်က နောက်ကိုသွားကာ တန်းပေါ်လွှားထားသောပုဆိုးကို ဝတ်လက်စဘောင်းဘီနှင့် လဲပြီး အခန်းအပြင်ထွက်ခဲ့သည်။ အပြင်ရောက်မှ မုန့်ဟင်းရည်ရနံ့က ပိုမွှေးလာတာကြောင့် သူ့ခြေလှမ်းတွေက မီးပိုချောင်ဆီ





အလိုလိုဦးတည်ပြီးသည့်တစ်ခဏ…

"ဟော…မောနင်း ကိုကို"

ပန်းယွန်းလွှာက ပေါင်းအိုးခလုတ်ကို နှိပ်ချရင်း အိပ်ရာထစ ကိုကို မျက်နှာကိုကြည့်ကာ…

"မင်းက အစောကြီး"

"အဟွန်း‥ကိုကို့အပြန်ကိုစောင့်ပြီး တံခါးဖွင့်ပေးမယ်လို့တွေးထားပေမယ့် လူက အိပ်ပျော်သွားတာသိန်းမရဘူးလေ၊ မနက်ကျတော့လည်း ကိုကိုက အစောကြီးထွက်သွားတာနဲ့ ပန်းယွန်းတို့ မတွေ့ရပြန်ဘူး"

"တွေ့စရာ အရေးတကြီးကိစ္စ ရှိလို့လား"

တိုင်းက ထမင်းစားပွဲပေါ်ရှိ အငွေ့တထောင်းထောင်းထနေသော မုန့်ဟင်းရည်ပန်းကန်အား အကြည့်ဝေ့ရင်းမေ့သည်။

"ဩော်‥လင်မယားပဲဥစ္စာ၊ အရေးကြီးကိစ္စရှိမှ တွေ့ရမှာလား"

ပန်းယွန်းက ခြေဆောင့်ပြီးပြောတော့ သူက မကြားချင်ယောင်ဆောင်ကာ အုတ်ကန်ဆီထွက်သွားရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာက မင်းကိုပေးတဲ့ငွေ မလောက်လို့လားလို့ မေးချင်တာမျိုးပါ"

"ကိုကို့ကို ပန်းယွန်းက ငွေအတွက် ယူခဲ့တယ်ထင်လို့လား"

မီးဖိုချောင်ထဲမှ သူမက အားကျမခံပြန်အော်သည်။ တိုင်းက အုတ်ကန်ဘောင်၌ သွားတိုက်ဆေးထည့်ထားသော သွားပွတ်တံကို မျက်မှောင်ကျုတ်ကာ တစ်ချက်စိုက်ကြည့်ပြီးမှ ရေခွက်ထဲနှစ်ကာယားရင်း…

"မင်းချမ်းသာတာ ငါသိပါတယ်"

"ကိုကိုနော် မရိုနဲ့"

"တကယ်ပြောတာ၊ ရိတာတွေ ထေ့တာတွေ ငါ ဝါသနာမပါဘူး၊ ငါက အားမနာတတ်ဘူး၊ မပွင့်လင်းကာတွေ လာမလုပ်နဲ့၊ လိုချင်တာပြော၊ ပေးနိုင်ရင် ငါပေးမယ်၊ မပေးနိုင် တာကိုလည်း ငါက ခေါင်းခါငြင်းမှာပဲ"

"ကိုကို့ဂုဏ်ပုဒ်တွေ သိပြီးသား၊ လာကြွားမနေနဲ့ ပန်းယွန်းလွှာနဲ့ အတွားကို ခွဲလာကတည်းက"





"ခွဲတယ်မပြောနဲ့၊ မင်းသဘောနဲ့မင်း လိုက်ခဲ့တာလေ"

"ဟုတ်ပါတယ်၊ ဘယ်သူက မကျေနပ်ဘူးပြောလို့လဲ"

တံခါးဘောင်မှာ ကိုယ်တစ်ခြမ်းကပ်မှီရင်း နွဲ့နွဲ့လေးရပ်ပြီး မေးလာသည်။ တိုင်းက ဘာစကားမှဆက်မပြောတော့ဘဲ ညကတည်းက ဝတ်ထားသောတီရှပ်အား ခါးစပ်မှဆွဲလှန်ကာ ချွတ်ပစ်လိုက်တော့…

"ဟယ်…ကိုကိုက ရေတစ်ခါတည်းချိုးမလို့"

"အေး"

တစ်ခွန်းတည်း တိုပြတ်ပြတ်ဖြေရင်း တံခါးဝဆီအကြည့်ရောက်တော့ သူမရှိတော့။ တိုင်းက အပေါ်ပိုင်းဗလာကျင်းနေသော ကိုယ့်အဖြစ်ကို သတိတရနှင့် ပြန်ငုံ့ကြည့်ပြီးမှ သဘောပေါက်စွာ ဟက်ခနဲရယ်မိတာ သွားတန်းတွေပေါ်လာသည်အထိ။ ပြောတော့ ဖြင့် လင်မယားဆိုတာ နှုတ်ဖျားမှမချ။ တကယ်တမ်းကျတော့ သူရေချိုးနေတာကိုတောင် စေ့စေ့ကြည့်ရဲတဲ့အဖြစ် မရှိဘဲနဲ့များ။ ပြီးလက်စနှုတ်ခမ်းတွေက တည်တံ့ခြင်းအဖြစ်ကို မရောက်နိုင်တော့သည့်အချိန်၊ အိမ်ထဲမှာလည်း ပန်းယွန်းလွှာက တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း အခန်းထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လူ
မကျေမချမ်းနှင့်။

"ဟွန်း··အရှက်ကို မရှိဘူး၊ ရေချိုးမှာများ လူ
သံချောင်းလေးဘာလေး မခေါက်ဘူး၊ သူ့အိမ်က ရေချိုးခန်းလည်
မဟုတ်တာကို၊ ဒီအတိုင်းကြီး ချွတ်တယ်၊ တစ်စက်မှ ယဉ်ကျေ
မရှိတဲ့လူ"

စူဆောင့်အောင့်ပြောရင်းက ဥပေက္ခာတော့ မပြု
ပန်းယွန်းလွှာက အခန်းထဲမှ မျက်နှာသုတ်ပဝါတစ်ထည်
ပုဆိုးတစ်ထည်ယူကာ မီးဖိုခန်းအထိ ပြန်ဆင်းလာပြီး အုတ်ကန်
အနီးဆုံး မှဖောက်ထားသော ပြတင်းပေါက်ကနေ လက်ထုတ်
လှမ်းပေးသည်။

"ကိုကို ရေစိုပုဆိုးတွေရော၊ ချွတ်ထားတဲ့အင်္ကျီတွေ
အဲဒီမှာပုံထားခဲ့၊ ပန်းယွန်း ပြီးတော့မှ စလျှော်မယ်"

အော်သံကြားပေမယ့် လူကတော့ တိုင်းကို မြင်သာ
နေရာအထိ ထွက်မလာတော့။ တိုင်းက နှုတ်ခမ်းထက်က ရယ်
တာတွေကို အစအနသိမ်းပြီး ပုဆိုးလဲကာ တဘက်နှင့်





သောခန္ဓာကိုယ်အား ပွတ်တိုက်ပစ်သည်။ ပြီးမှ တဘက်ကို
ခေါင်းပေါ်ပြစ်သလိုပစ်တင်ရင်း မီးဖိုခန်းထဲ ပြန်ဝင်လာတော့ သူမက
သူ့ကို ကျောခိုင်းလျက်သား···

"အင်္ကျီထုတ်ထားပေးတယ် ကိုကို၊ ပြီးမှ ဒီမှာမုန့်ပြင်
ထားတာ"

"တစ်ခါတည်း စားတော့မယ်"

"အာ···ကိုကိုကလဲ၊ အင်္ကျီကျတော့ မဝတ်ဘဲနဲ့"

"မဝတ်တော့ဘူးလေ၊ မုန့်ဟင်းခါးအနံ့က ဒီလောက်
မွှေးနေတာကို၊ ဗိုက်က ဆာနေပြီ၊ ထည့်တော့"

တကယ်ပါပဲ၊ အင်္ကျီမဝတ်ဘဲ ပန်းယွန်းလွှာ ရှေ့တည့်
တည့်မှာ လာဝင်ထိုင်တော့ သူမမှာ သူ့ကိုမကြည့်ရဲဘဲ မုန့်ဟင်းခါး
ကို စားရန် အသင့်ပြင်ဆင်ပေးရင်း···

"ကိုကို အင်္ကျီဝတ်မလားဟင်၊ ပန်းယွန်း သွားယူပေး
မယ်"

"မယူနဲ့··မဝတ်ဘူး"

တိုင်းက တမင်ပင်ညစ်ကျယ်ကျယ်နှင့် ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



"မင်း မဆိုးဘူးပဲ"

"ရှင်"

"မုန့်ဟင်းခါးလေ၊ ဒီလောက်ချက်တတ်မယ်လို့ ထင်မထားဘူး"

ချိုးကျူးရင်း မုန့်ဟင်းခါးတွေကို အားပါးတရစားနေသော ကိုကို့ကြောင့် ပန်းယွန်းလွှာ မျက်နှာလွှဲကာ ခစ်ခနဲရယ်ရင်း

"ကိုကို ထင်မထားတာ မှန်တာပဲ"

"ဟင်"

အလန့်တကြား မော့ကြည့်လာတဲ့ တိုင်းအား ပန်းယွန်း ဟီးခနဲရယ်ပြကာ..

"ပန်းယွန်းလွှာ ချက်တာမဟုတ်ဘူး၊ ဟိုဘက်တစ်ထ ကျော်က မြောင်းမြမုန့်ဟင်းခါးဆိုတာကို သွားဝယ်လာတာ"

တဲ့။ သေဟ မုန့်တိုင်းရဆိုပြီး ကိုယ့်နဖူးကိုယ်ဝိတ်ရို ချင်စိတ်ပေါက်သွားချိန်မှာပဲ ပန်းယွန်းလွှာက ကော်ဖီပန်းကန်လုံး သူ့အနားသို့ လာချပေးရင်း...

"အဟွန်း..ကော်ဖီကတော့ ပန်းယွန်း လက်ရာစစ်စစ်





ဆိုကိုရဲ့"

"ဩော်..ချီးမွမ်းရဦးမလား၊ ကော်ဖီမစ်ဖောက်ထည့်ပြီး ရေနွေးထည့်တာများ"

"ဒါတောင် ပထမတစ်ခွက်က ရေနွေးများသွားလို့ အရသာပျက်ပြီး ပေါ့သွားတာနဲ့ သွန်ပစ်လိုက်ရတာ"

တိုင်းက မဲ့ရွဲ့ပြီးပြောရင်း ကျောခိုင်းသွားသော သူမကို ဘာရယ်မဟုတ်ငေးကြည့်မိသည်။ ကုတ်ဝဲဆံပင်လေးအား နှစ်ဖက် ခွဲစည်းထားသည်။ ပခုံးချိတ်ရှည် ကြိုးတစ်ချောင်းတည်းဂါဝန်က ဒူးအထိ တိုနံ့နံ့လေးက ပန်းဆီရောင်မို့ ဝင်းမွတ်သော အလှတရား တို့အကြားမှာ တိုင်းက သက်ပြင်းကို မုန့်ဟင်းခါးတစ်ဇွန်းနှင့် အတူ ရောချရင်း...

ရင်ထဲ အလိုမကျတာ ဘာတွေပါလည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"အာ…ကိုကိုကလဲ၊ ပြန်လာပြီးမှတော့ မနေခဲ့ပါနဲ့၊ တိုကိုပဲ လိုက်ခဲ့တော့"

"ပြန်လာတာ လိုက်ဖို့မှမဟုတ်တော့"

"ကိုကိုနော် စကားကို ကပ်ပြီးမပြောနဲ့"

"လာကပ်နေတာ ငါမဟုတ်ဘူး"

စိတ်ပေါက်ပေါက်နှင့် တိုင်းက လှည့်အော်တော့မှ နှစ်ယောက်ထိုင်ခုံပေါ် ပခုံးချင်းထပ်ညှပ်မတတ် ထိုင်နေသော ဝန်းယွန်းက ဟီးခနဲရယ်ပြကာ…

"ဘာဖြစ်လဲ ကိုယ့်ယောကျာ်းပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ စကားကို ပြောင်းပြန်မပြောဖို့ သတိထေး တာ၊ ရော့ ဒီမှာပိုက်ဆံ၊ ကြိုက်တာဝယ်၊ ဒါပေမဲ့ ဒီလိုမျိုးတွေတော့ မဖြစ်ဘူး"

တိုင်းက သူမဝတ်ထားတာကို မျက်စပစ်ပြသည်။ ဝတ်လိုက်သမျှ အတိုအပြတ် အဟိုက်တွေကြားမှာ အခုဝတ်ထား တာက အဖြူခံပေါ်အပွင့်နုတ်နုတ်တွေပါသော ဂါဝန်က ပခုံးရင်း အထိ ဟိုက်ချထားသော လည်ပင်းပြဲပြဲက ပေါင်လယ်အထိဝဲ အရှည်ရှိကာ ခါးအောက်နားမှာ အတွန့်တွေကို အထပ်ထပ်လေး တွေဖြစ်အောင် ချုပ်ထားသည်။ ဒူးအထိရှိသည့် အသားကတ် ဘောင်းဘီက အနက်နှင့်။ တိုင်းက အဲဒီလိုကန့်သတ်ချက်နှင့် ပြောတော့ ပန်းယွန်းလွှာက သူမကိုယ်သူမ တစ်ချက်ဖျက်ခနဲ ငုံ့ကြည့်ပြီးမှ····

"ကိုကိုကလဲ"

"ဘာ ကိုကိုကလည်းလဲ"

"ပန်းယွန်းလွှာက ဒါမျိုးတွေပဲဝတ်တတ်တာကို၊ ဟို··· ထဘီကြီးတွေ အင်္ကျီပွပွကြီးတွေ မဝတ်တတ်ဘူး၊ ရာသီဥတုက





ပူရတဲ့ကြားထဲ၊ အိုက်တယ် ကိုကိုရ"

"အဲဒါဆိုလည်း အေးသွားအောင် ဘာမှမဝတ်နဲ့နော်"

"ပန်းယွန်းလွှာ ဘာမှမဝတ်ရင် ကိုကိုက ချစ်မှာလား"

သူ့ပခုံးစွန်းမှာ မေးဖျားတင်ပြီး ပြုံးစစနှင့် မေးလာသော သူမကြောင့် တိုင်းက မျက်နှာထားတည်တည်နှင့် ငုံ့ကြည့်ရင်း

"ပန်းယွန်းလွှာနော် စကားပြောတာ စည်းမရှိ ကမ်းမရှိနဲ့"

"ဟွန်း···သူ့ပဲ အရင်စပြောပြီးတော့"

မျက်နှာကိုလွှဲရင်း နှုတ်ခမ်းတွေလုံးနေအောင် စူပုပ်ပွထ နေတာက တော်တော်နှင့်မပြီးတော့။ တိုင်းက သူမနားမှခွာပြီး ထရပ်ရန် ဟန်ပြင်ရင်း

"ဒီမှာပိုက်ဆံ၊ သူငယ်ချင်းတွေခေါ်ပြီး သွားဝယ်ပေါ့"

"မရဘူး၊ ကိုကိုလိုက်ပို့"

ဖမ်းဆွဲထားသော လက်ကောက်ဝတ်ကို ပန်းယွန်းက ဆွဲခါရင်း တောင်းဆိုသည်။ တိုင်းက ဒေါသအပြည့်နှင့် စိုက်ကြည့် သော်ငြားလည်း သူမကတော့ ထိုဒေါသကိုမှ ယစ်မူးစွဲမက်နေ သလား မသိ။ နောက်ဆုံးတော့ တိုင်းကပဲ အရှုံးပေးလိုက်ရပြီး မျက်နှာလွှဲ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ကာ…

“ငါ ညက တစ်ညလုံး သီချင်းရေးထားလို့ အိပ်ရေး ပျက်ထားတယ်၊ ငါ နားဦးမှာ၊ မင်း သူငယ်ချင်းတွေနဲ့ပဲ”

“ကိုကို နားပြီးတဲ့အထိ စောင့်မယ်၊ ဒီနေ့မဟုတ်လဲ မနက်ဖြန်ဆို ဖြစ်တယ်”

တိုင်းရဲ့သည်းခံနိုင်မှုက အရှိန်ကုန်သွားပြီ။ သက် ဟတ် အကြောင်းရှာပြီး ရစ်နေတာသိသာလာသဖြင့်

“နေစမ်းပါဦး၊ မင်းအရင်တုန်းကတော့ ဒီသူငယ်ချင်း တွေနဲ့ပဲ လှစ်လှစ်ပါအောင် သွားနေပြီးတော့”

“ဩော်…သူငယ်ချင်းတွေနဲ့ မသွားချင်တော့လို့ ယောကျ်ားယူတာပေါ့၊ ယောကျ်ားရပြီးတော့ ယောကျ်ားနဲ့ပဲသွား မယ် ဒါပဲ”

ဟုပြောရင်း သူ့အားမှာယူဉ်တွဲရပ်ကာ တိုင်း လက်မောင်း မှာပါးအပ်ရင်း…

“နော် ကိုကိုနော်၊ ကိုကိုနဲ့ပဲ သွားချင်တာ၊ ကိုကိုလိုက် ပို့”





ပါတဲ့။ တိုင်းမှာ တစ်ကိုယ်တည်းသိသော သက်ပြင်း တွေကို အခါခါချရင်း နှုတ်ဖျားက ဆောရီးတွေအကြိမ်ကြိမ်ပြော။ သက်ပြုံနှုတ်ဆက်ပြီး ကျောခိုင်းရန် ဘယ်လိုပဲကြိုးစားပေမယ့် အရာ မထင်ခဲ့လေသောကြောင့်…။

သူ စဉ်းစားဖို့တော့လိုပြီ။ ကိုယ်ညှဉ့်သမျှ သူမ တော်လွန်း နေသလား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"အေးဟယ်၊ ပျင်းစရာကြီး၊ အင်တာဗျူးကိုမင့်ပစ္စည်းကလည်း ဘာမှမရှိ"

"နင် ဝယ်နိုင်းပေါ့"

ပပက လက်ဖက်သုပ်တစ်ဇွန်း ခပ်စားရင်း ပလုတ်ပလောင်းသံနှင့် ပြောသည်။ မိမျိုးက ထောက်ခံဟန်ဖြင့်…

"အေးလေ၊ ငါကြားရသလောက် သူ့သီချင်းတွေ တအားအောင်မြင်လာတာနော်၊ ဟို ဘရဏီဆိုတဲ့ အဆိုတော်ရဲ့ ဒုတိယမြောက်စီးရီးတစ်ခွေလုံးကို သူပဲရေးပေးတာဆို"

"အဲဒီအခွေက တစ်ခွေလုံးပေါက်သွားတာနော်၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



တောင် နားထောင်ပြီးပြီ၊ သီချင်းကောင်းတယ်၊ အချစ်သီချင်း ချိုချိုလေးတွေ''

''အမယ်...သီချင်းချိုချိုတဲ့၊ ဟွန်း...သီချင်းက မြည်း ကြည့်လို့ရတာမှ မဟုတ်တာ''

''နင်ကလေ သီချင်းရေးဆရာရဲ့ မိန်းမဖြစ်ပြီး ကဗျာ မဆန်လိုက်တာ''

''အောင်မာ...မိမျိုး နင်က''

ပန်းယွန်းက ဆံပင်ကုတ်ဝဲတွေခါအောင် မျက်စောင်းထိုး ရှယ်သည်။ မိမျိုးက ပေစောင်းစောင်းကြည့်ရင်း...

''နားဝင်ချိုတာကို ပြောတာတဲ့၊ လျှာဖျားက ချိုရအောင် သီချင်းက စားစရာမဟုတ်မှန်း ငါသိတာပေါ့''

''ဟဲ့ ဒါဆိုလဲ''

''ကဲပါဟယ်...ငြင်းမနေကြစမ်းနဲ့၊ ငါပြောချင်တဲ့စကား တွေက ရေလိုက်လွဲကုန်ပြီ၊ ပြောချင်တာက မုန့်တိုင်းက အမြဲ ထက် ပိုက်ဆံတွေဝင်နေတာပဲ၊ နင့်ကိုအပျင်းပြေအောင် တီဗီလေ ဘာလေးတော့ ဝယ်ပေးထားသင့်ပါတယ်''





''နင်တို့ကို ပျင်းတယ်လို့ ငါကပြောမိလို့လား''

မေးဖျားလေးပင့်ပြီးမေးတော့ နှစ်ယောက်စလုံးက ပြိုင်တူ မျက်စောင်းတွေ သူမထံ ဒိုင်းခနဲဝင်ဆောင့်လာရင်း...

''အခု ငါတို့လာလို့ပေါ့ နိုမိုရင်''

''နင်တို့မလာလဲ မပျင်းဘူး၊ တစ်နေ့တစ်နေ့ သူ့အတွက် ထမင်းဟင်းချက်ရတာနဲ့''

''ဘာ...နင် ဘာပြောတယ်''

''နင်က ထမင်းချက်တယ်''

တစ်ယောက်က မျက်လုံးပြူးကာ နားစွင့်သည်။ တစ် ယောက်က ရင်ဘတ်ဖိပြ၏။ ပန်းယွန်းလွှာကတော့ ဂုဏ်ယူစွာ ခေါင်းညိတ်ပြရင်း...

''ဒါပေါ့၊ ငါ စာအုပ်ကြည့်ပြီးချက်တာ''

''သူကလည်း စားတာပဲပေါ့''

''အေးပေါ့၊ သူက ချေးဖိုးဆိုပြီး ပေးတာနဲ့ ငါက ချက်ကျွေးတာ၊ ပြီးတော့ ဒီမှာတွေ့လား''

လက်ဖဝါးတွေကို ဖြန့်ပြသည်။ နှမ္ဗတ်နီမြန်းနေသော



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးပြင် မို့ဖောင်းဖောင်းလေးမှာ သွေးခြေဥဒဏ်ရာတွေ
အရေခွံလန်နေတာနှင့် ကြည့်မကောင်းရှုမကောင်း။

"ဒါတွေက ဘာဖြစ်တာလဲဟင်"

"အေးဟယ်၊ ဒဏ်ရာတွေမနည်းမနောနဲ့၊ နင့်ကို သူ
ရိုက်မှုား ရိုက်ထားလားဟယ်"

"ဟဲ့··အရူးမ ပပ၊ လက်ဖဝါးတွေရိုက်ရအောင် ကိုကို
ဆရာ၊ ငါက တပည့်မှမဟုတ်တာ"

"အေးလေ၊ သူတို့က လင်မယားပဲကို၊ ရိုက်ချင်းရိုက်"

ဆိုပြီး စကားက တိတ်သွားတော့ ပပကမျက်တော
လေး ပုတ်ခတ်ခတ်လုပ်ကာ···

"ဆက်ပြောလေ ရိုက်ချင်းရိုက် လင်မယားချင်းဆိုတော့"

စဉ်းစားခန်းဝင်နေသေးသည်။ ပန်းယွန်းလွှာက မဟု
တရုတ်တွေပြောရန် အားယူနေသော နှစ်ယောက်စလုံး
လက်မောင်းကို တအားဆွဲလိမ်ပစ်ရင်း···

"ပြောမှာကဘာခြား တွေးတာကတတွဲ၊ ဒါ အသ
လျှော်လို့ရတဲ့ ဒဏ်ရာတွေဟဲ့"





"အမယ်လေး···အံ့ဖွယ်သုတပဲ ပန်းယွန်း၊ ဒဏ်ရာရလို့
ပျော်တဲ့လူက နင်တစ်ယောက်တည်းပဲ တွေ့ဖူးသေးတယ်"

"အဲဒီဒဏ်ရာက နယ်နယ်ရရမဟုတ်ဘူး၊ ကိုကို့ဆီက
အကြင်နာတွေရတဲ့ဒဏ်ရာ"

"ဘယ်လို"

"နင့်ကိုကိုက"

"အင်း···အဲဒီနေ့က"

ပန်းယွန်းစိတ်တွေက မနေ့တစ်နေ့သို့ အပြေးရောက်သွား
သည်။ ဖြစ်ခဲ့ဖူးသော ပျော်စရာအကြောင်းအရာတို့သည် ပြန်တွေး
တိုင်း ရီးအီသွားတယ်ဆိုတာမရှိ။

အထူးသဖြင့် ကိုကိုနှင့်ပတ်သက်သော ခံစားချက်တိုင်း
ရီလာကိုစတာစီးရသလို အနိမ့်အမြင့် အလှိုက်အဖိုတွေနှင့်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဒီနေ့ အိမ်ကို ဘယ်သူလာသေးလဲ"

"ဟာ..ဟ ကိုကို အကြားအမြင်တွေ ရနေသလား"

ဖိနပ်ချွတ်မှာကတည်းက သူက မေးခွန်းထုတ်တော့ သွန်းလွှာက ခပ်လောင်လောင်ရယ်ရင်း သူ့လက်ထဲက ကျောပိုး ကို လှမ်းယူကာ တံတောင်ဆစ်မှာ ကွေးချိတ်ထားရင်း...

"အဘွား လာသွားတာ၊ သိလား"

သူက ဘာမှမပြောဘဲ အခန်းထဲ တန်းဝင်သွားတာမို့ သွန်းလွှာကလည်း နောက်မှ ကောက်ကောက်ပါအောင် သွားရင်းက စကားစလည်း အပြတ်မခံ။



www.burmeseclassic.com

www.burmeseclassic.com



“အဘွားက ကိုကိုနဲ့တွေ့ဖို့ စောင့်နေသေးတာ၊ ပန်းယွန်းက ပြောလိုက်တယ်လေ၊ ကိုကိုက တစ်ခါတလေ အိမ်ပြန်နောက်ကျတယ်လို့”

သူ ချွတ်ပြီးချထားသော အင်္ကျီဘောင်းဘီတွေကို ကောက်ယူရင်း အဝတ်ခြင်းထဲသွားထည့်သည်။ တိုင်း ပြန်ဝင်ရန် ပုဆိုးနှင့် တီရှပ်အနွမ်းတစ်ထည် ယူလာပေးရင်း…

“ကိုကို ရေချိုးမှာလား”

“အင်း”

“ခဏလေး၊ ဒီမှာတဘက်‥ကိုကို”

သူက တဘက်ကမ်းပေးရင်းက ရေချိုးသည့်နား ကြားလောက်အောင် လေသံကိုမြှင့်၍လည်း သူမက ပြောပါသည်။

“အဘွားက တစ်အိမ်လုံး သေချာလိုက်ကြည့်ပြီး ပန်းယွန်းကို သနားသွားတာ သိလား၊ ချီးမွမ်းချင်ပေမယ့် သနားစရာက ပိုနေလို့ ရင်ထဲဆို့နေတာနဲ့ပဲ ချီးကျူးစကား ပြောမထွက်တော့ဘူးတဲ့”





“သနားရအောင် မင်းကို ငါက ထမင်းအငတ်ထားနေလို့လား”

ရေချိုးပြီး တက်လာသော သူက အဲဒီလိုပြောတော့ သူမက မျက်နှာတစ်ချက်မနွမ်းဘဲ…

“ကိုကိုကလဲ၊ စကားပြောတာ ဘုနဲ့ဘောက်ချည်းပဲ၊ အဘွားပြောတာက အိမ်မှာ ဒါမျိုးတွေတစ်ခါမှ မလုပ်ဖူးဘဲနဲ့ အခုကျတော့”

“ဒါတော့ ဘယ်တူမလဲ၊ မင်းအိမ်မှာနေတုန်းက အပျိုလေး၊ အခု အိမ်ထောင်သည်၊ အိမ်ထောင့်တာဝန်တော့ ထမ်းရမှာပေါ့”

“ဟုတ်ပါတယ် အိမ်ထောင်ဦးစီးရဲ့၊ တကတည်း ပြောသမျှ ပန်းယွန်း အလွန်ချည်းပဲဖြစ်မှာ၊ မပြောတော့ဘူး”

“မပြောနဲ့ပေါ့၊ နားငြီးသက်သာတယ်၊ ထမင်းခူးတော့”

“ဒီနေ့ အိမ်မှာ ဟင်းမချက်ဘူး သိလား ကိုကို”

ထမင်းစားစားပွဲ၌ ထိုင်ပြီးသား တိုင်း ကိုယ်က မတ်ခနဲဖြစ်သွားသည်။ ထမင်းစားပါမယ်ဆိုမှ ဟင်းမချက်ဘူးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စက ပြီးပြီပေါ့။

"ဒါဆိုလည်း ဆိုင်မှာပဲ"

"ဟင်းမချက်ဘူးဆိုတာ ထမင်းသုပ်ကျွေးမယ်လို့

တာ၊ အဲဒီ ကိုကိုကလဲ၊ ဒေါသချည်းပဲ"

လက်နှစ်ဖက်နောက်ပစ်ရင်း သူ့အား ပြောင်ချော်

ရုပ်ကလေးနှင့်ပြောသည်။ မှန်တိုင်းမှာသာ ထမင်းစားပွဲမှာ

မလို ထရမလိုရှိပြီးမှ…

"ထမင်းသုပ်က ဆိုင်ကလိုသုပ်မှာလား"

"ဒါပေါ့ကိုကိုရဲ့၊ အပြောင်းအလဲလေးဖြစ်အောင်

အာလူးတွေရော၊ ငါးဖယ်တွေရောနဲ့ စာအုပ်ထဲကအတိုင်း

စီစဉ်ထားတာ"

ပန်းယွန်းက လှည့်ပြောကာ အုပ်ဆောင်းကိုဖွင့်

အသုပ်ထဲထည့်ရသည့် အဆာပလာတွေက စုံတကာစေ့ကို

တစ်လုံးစီမှာ တစ်မျိုးစီထည့်ထားတာတွေ့ရသည်။ ပန်းယွ

ဇလုံကြီးထဲ ထမင်းထည့်ရင်း ထိုအမှုန့်တွေ အရည်တွေ နည်း

ခပ်ထည့်ပြီးမှ အားပါးတရ နယ်သောအခါ





"အ…အားလားလား…စပ်လိုက်တာ၊ သေပါပြီ"

လက်ကို ဆက်ကာဆက်ကာခါရင်း အာပြဲအောင်

အော်နေသော သူမကြောင့် တိုင်းက အူကြောင်ကြောင်နှင့် ငေး

ကြည့်ပြီးမှ

"ဘာဖြစ်တာလဲ…လက်က၊ ပြစမ်း"

ဆွဲယူပြီးကြည့်မိတော့ ပေါက်ပြဲရာ ဗရပွနှင့် သူမလက်

ဖဝါးက ဒဏ်ရာတွေကြောင့်

"မင်း ဘာဖြစ်တာလဲ ပန်းယွန်းလွှာ"

"ဟို…ကိုကို့ဘောင်းဘီနဲ့ အင်္ကျီတွေ ပန်းယွန်းလွှာ

လျှော်တာ၊ အဲဒါ…"

"ကျစ်…အဲဒါတွေ မင်းကိုဘယ်သူလုပ်ခိုင်းလဲ၊ ကဲ…

လာ…ဒါတွေကို ရေအရင်ဆေးချ၊ ပြီးရင် ဆေးထည့်ရမယ်၊

ကြားလား"

သူက လက်ဆွဲပြီး အုတ်ကန်ဆီခေါ်တော့ သူမမှာ

ထမင်းစားပွဲကို နောက်ဆံတငင်ငင်နှင့် လှည့်ကြည့်ရင်း

"ကိုကိုအတွက် ထမင်းသုပ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်"

"ဟင်…ထားလို့မရပါဘူး၊ ပန်းယွန်းလွှာ အတွင်း

လည်း သုပ်ရဦးမှာကို"

"ထားလိုက်ကွာ၊ ပြီးရင် ငါသုပ်ပေးမယ်"

"ကိုကို သုပ်မယ်"

သူ့မျက်နှာကို သေချာအောင်လိုက်ငုံ့ကြည့်ရင်း ချက်ချင်း

ကြီး ပြုံးချလိုက်ကာ

"ကိုကိုက သုပ်တတ်လို့လား"

"ဟာ…မင်းတော်တော်စကားများပါလား"

ဝိတ်ယောက်တော့လည်း ဇက်ကလေးပုသွားပေမယ့်

ခဏပါပဲ။ ချက်ချင်းပြန်မြူးကြွလာကာ

"ရပါတယ်၊ ကိုကိုမသုပ်တတ်လို့ လက်ရာမကောင်း

လည်း ပန်းယွန်းလွှာက စားမှာပါပဲ၊ အဲဒါဘာဖြစ်လို့လဲ သိလား"

ပန်းယွန်းလွှာကို သူက မျက်လွှာပင့်ကြည့်တာတော့

ကျေလည်ခြင်းမရှိသောအကြည့်က မပြောနဲ့··မသိချင်ဘူးလို့ အ

တိတ်တားနေသယောင်။ ပန်းယွန်းလွှာကလည်း ခံစားသူ





မျှသိပ်နိုင်စွမ်းမရှိသူဆိုတော့လည်း ထိုမျက်တောင်များတွေ

ငေးရင်းကပဲ ကိုကို့မှား နား ကပ်ကာပြောမိတာ တိုးတိုးလေးရယ်။

"ပန်းယွန်းက ကိုကို့ကို ချစ်တာကိုး"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"အမလေးဟယ်…ဒါနဲ့ပဲ သူက နင့်ကိုဆေးထည့်ပေးတာကို ကြည့်နေပြီးတော့ နင်က ဒီဒဏ်ရာကို မေ့နာတော့ဘူးဆိုပါတော့"

"ဒါဆိုလည်း ဒီ့ထက်ကြည့်နေးရအောင် နင့်လက်ကို ဓားနဲ့သာ[illegible]ပစ်လိုက်၊ အဲဒါမှ ဟိုက အချိန်ကြာကြာဆေးထည့်ပေးတော့ နင်လည်း ကြာကြာကြည့်နေးခွင့်ရတာပေါ့"

တဲ့လေ။ ပန်းယွန်းလွှာက နှုတ်ခမ်းလှုပ်ရုံ…

"ကောင်မစုတ်တွေ"

လို့ ဆဲရေးရင်း



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတင် ဘယ်ကမလဲ၊ အခု ကိုကိုက ငါ့ကို အဝတ်တွေမလျှော်စေချင်လို့ အဝတ်လျှော်စက်တစ်လုံးတောင် မနေ့ကဝယ်လာပေးတယ်"

ဝယ်လာပေးရင်းက မျက်နှာထားတည်တည်ကြီးနှင့် ပန်းယွန်းကိုကြည့်ကာ

"ငါက သိပ်ဝယ်ပေးချင်တာမဟုတ်ဘူး၊ တော်ကြာ မင်းအဘွားက သူ့မြေးမကို နှိပ်စက်တယ် ဘာညာဆိုတဲ့ အမြင် စောင်းမှာစိုးလို့၊ မင်းအဘွားကိုကြောက်တာ မဟုတ်ဘူးနော် ဘယ်သူဘာပြောပြော ဂရုမစိုက်တတ်တဲ့ ငါ့အကျင့်က မွေးက တည်းက ပါပြီးသား"

"ဒါဆိုလည်း ပိုက်ဆံအကုန်ခံပြီး ဘာလို့ဝယ်လာသေး လဲ ကိုကိုရဲ့"

လို့ ပန်းယွန်းက ရယ်ကျဲကျဲနှင့်မေးမိတော့

"မင်းကို ဆေးကုပေးရတာ အလုပ်ရှုပ်လို့"

တဲ့လေ။ ဘာပဲဖြစ်ဖြစ် ပန်းယွန်းလွှာကတော့ ကိုကို ဒီလို အသိအမှတ်ပြုတာကိုပဲ ကျေနပ်ရပါသည်။ ဒီအကြောင်း





တွေကို ရင်ခုန်ကြည်နူးစွာနှင့် ဖောက်သည်ချတော့ ပပက ခြံထဲ၌ လှန်းထားသော အင်္ကျီတွေဆီ လှမ်းကြည့်ရင်း

"ဒါကြောင့် အဝတ်တွေ ဒီလောက်ဖွေးသန့်နေတာကိုး"

"ဖွေးမှာပေါ့၊ သူလျှော်တာ အိုကီနဲ့နေမှာ"

တဲ့လေ။ မဆိုင်တာတွေ တစ်နေကုန်လျှောက်ပြောနေ ပြီး ညနေစောင်းမှ ပြန်ရန်ပြင်ဆင်ကြကာ

"ဒီနေ့တစ်နေ့လုံးအတွက် မပြောရသေးတဲ့ စကား အတည်တစ်ခွန်းပြောမယ်၊ နင် တကယ်လှလာတယ်၊ သိလား ပန်းယွန်းလွှာ"

"လှလည်းလှ ဝလည်းဝလာတယ်"

ပြောရင်းက ဖောက်ဖောက်လာတဲ့ နှစ်ယောက်အား ပန်းယွန်းက မျက်စောင်းရွယ်တော့မှ

"အလကားပြောတာပါဟဲ့၊ နင်စိတ်ချမ်းသာနေတာ မြင်ရတော့ ငါတို့လည်းပျော်တာပေါ့"

"နင်ပြောပုံအရဆို ဆရာက နင့်အပေါ်မှာ ပစ်စလက် ခတ်ကြီးတော့ မထားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


မှတ်ချက်ချသွားသေးသည်။ ဒါပေမဲ့ ထိုမှတ်ချက်ကို ယန်းယွန်းလွှာက အပြည့်အဝသဘောမကျခဲ့။ ဟုတ်သည်လေ၊ ယန်းယွန်းလွှာက သူ့ရဲ့ဂရုစိုက်ဖေးမမှုဆိုတာထက် တကယ်လိုချင်တာ အချစ်ဟုဆိုလျှင်....။

◆ ◆ ◆



## အခန်း (၃၀)

“ဟင်...ကိုကို ဒီနေ့အပြင်မသွားဘူးပေါ့ ဟုတ်လား”

“အင်း...ဧည့်သည်လာစရာရှိလို့”

“ဧည့်သည်”

သူ့အနား ကျုံ့ကျုံ့လေးထိုင်ပြီး လာမေးနေသော သူမကို တိုင်းက လှည့်မကြည့်ဘဲ ခေါင်းညိတ်ပြသည်။ တိုင်းက ဂစ်တာကို အသံစမ်းရင်းက ရေးထားသော သီချင်းစာသားတွေကို တိုးတိုးညည်းကြည့်လိုက်၊ မကြိုက်တဲ့နေရာ ပြန်ဖျက်လိုက်၊ ပြန်ပြင်လိုက်နှင့် အတော်ကြီး အချိန်ဖြုန်းပြီးမှ သတိပြန်ဝင်လာတော့ သူမက သူ့အနားမှာ ထိုင်နေတုန်းဖြစ်၏။


www.burmeseclassic.com

“ဘာပြောစရာရှိလို့လဲ မင်းက”

“အဟင်း…အစကတော့ ပြောစရာမရှိဘူး၊ ကိုကို အိမ်မှာနားနေတော့ ပြောစရာက အလိုလိုပေါ်လာတာ”

ဒူးနှစ်ဖက်ကို ရင်ခွင်ထဲသိမ်းပွေ့ထားသည့် သူမက တိုင်း မကြိုက်မှန်းသိလာတာကြောင့် ခြေဖျားတိုက်ဂါဝန်ရှည်က လိမ္မော်ရောင်ကို လည်ပင်းကျယ်ကျယ်ပေမယ့် လက်ကျတော့ လက်မောင်းရင်းနားမှာ ဖောင်းဖောင်းလေး။ ခါးစည်းကြိုးလေး စည်းထားတာကြောင့် ဂါဝန်က ပွပွကားကားကြီး ဖြစ်မသွားဘဲ အချိုးအဆစ်ကျသော သူမခန္ဓာကိုယ်ပေါ်မှာ ချပ်ချပ်ကပ်ကပ်။ ကုပ်ထောက်ဆံပင်အား မြင့်မြင့်စုစည်းကာ ငယ်ထိပ်နားမှာ လိမ္မော်ရောင်ကွင်းကြီးနှင့် စည်းထားတာကြောင့် တစ်ကိုယ်လုံး လိမ္မော်ရောင်သမ်းတာက ပါးပြင်နှင့် နှုတ်ခမ်းတွေမှာ အရောင်ပိုရင့်သည်။

တိုင်းက သားတိုက်မြင်နေရသော မျက်နှာနုနုကို အမှတ်မထင် ငေးကြည့်မိသွားသည်။ ဒါ အိမ်ထောင်သက်တမ်းမှာ ရှားပါးစွာငေးကြည့်ခြင်းမျိုး။ လက်ထပ်ပြီးကတည်းက သူက အလင်းရောင်လာတာနှင့် အိမ်ကထွက်ပြီး အလင်းပျောက်မှ အိမ်ပြန်ရောက်





တာမျိုးမို့ မျက်နှာချင်းဆိုင်ရန် အချိန်မရှိလှ။ ရှိပြန်သောနေ့ကျတော့လည်း သူမက အိမ်ထောင့်တာဝန်ကြား အပြေးအလွှား။ သူက သူ့သီချင်းတွေ သံစဉ်တွေကြား နစ်မြုပ်နေခဲ့တာမို့…

“ပြောလေ၊ ဘာပြောမှာလဲ”

တိုင်းက ဂစ်တာကို ရင်ခွင်မှာပိုက်ရင်းမေးသည်။ သူမက မျက်တောင်တွေ ပူးယှက်ပိတ်ကျသွားသည်အထိ ရယ်ချလိုက်ရင်း

“ကိစ္စက အကြီးအကျယ်တော့မဟုတ်ပါဘူး ကိုကိုရဲ့”

“ဘာလဲ”

“ပြည်သူ့ရင်ပြင်မှာ ကစားကွင်းအသစ် ဖွင့်နေတာတဲ့၊ မိမျိုးတို့ပြောတာ အရမ်းမိုက်တယ်တဲ့၊ ဆိုင်ကယ်စီးရတာတွေ ဘာတွေရှိတာလေ၊ အဲဒါ သွားချင်လို့၊ ကိုကို့ကို လိုက်ပို့ခိုင်းမလို့”

“မင်းသူငယ်ချင်းတွေနဲ့သွားပေါ့”

“အင်…ပန်းယွန်းက ကိုကိုနဲ့ပဲသွားချင်တာ”

“ငါက အဲဒီလိုနေရာတွေကို သဘောမကျဘူး”



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဂစ်တာဆွဲကာ ထရပ်တော့ ပန်းယွန်းလွှာ

ဖျတ်ခနဲ မော့ကြည့်သည်။ သူ့ကတော့ ပန်းယွန်းလွှာအကြည့်

သိသိကြီးနှင့် လျစ်လျူရှုထားတော့ ဒီတိုင်းငြိမ်ပြီးမနေနိုင်သူ

သူမပဲဖြစ်လေရာ

"ကိုကိုကလည်း အဲဒီမှာပျော်စရာကောင်းပါတယ်

ရိုလာကိုစတာအသစ်ရော ရေလွှာမိကျောင်းရော ပြီးတော့…"

"ငါ စိတ်မဝင်စားဘူးဆိုတာ ပြောပြီးပြီပဲ"

"ပန်းယွန်းက…"

"ဆောရီး…ပန်းယွန်းလွှာ"

သူက ရေးပြီးသား သီချင်းစာရွက်တွေကို ဘော

သိမ်းရင်း

"လူထူထူနဲ့ ဆူညံပွက်လောရိုက်နေတဲ့နေရာတွေကို

မကြိုက်ဘူး၊ မင်းကို ငါ မချုပ်ချယ်ဘူး၊ မင်းစိတ်တိုင်း

ခွင့်ပေးထားသလို ငါမပေးနိုင်တာတွေလည်း မင်းမတောင်း

မင်းအတွက် ဒီဘဝ ဒီခန္ဓာ ပေးထားပြီးပြီ၊ ကျေနပ်တော့၊ ပေး

တာတွေ ဖြည့်ဆည်းတာတွက ဒီရင်ဘတ်က အလိုတူမှ"





တဲ့လေ။ ပန်းယွန်းလွှာရင်ထဲ မျက်ခနဲဖြစ်သွားသည်။

ဒါဟာ စိတ်နာခြင်းကြောင့်မဟုတ်ဘဲ ခံစားရလွန်းသောဝေဒနာ

ကြောင့်ပါ။ ကိုကိုက ဒီနေ့အထိ ပန်းယွန်းလွှာအပေါ်…။

"တီ…တီ…တီ"

ခြံရှေ့ ကားဟွန်းသံကြောင့် ကိုကို ဆတ်ခနဲဖြစ်သွား

တာလည်း ပန်းယွန်း သိသည်။

"ဟေး…တို့ရဲ့တေးရေးဆရာကြီး၊ ဘာလဲ…ညှို့ခံ

ရမှာစိုးလို့ ပုန်းနေတာလား"

"ဟား…ဟား…မဖြစ်နိုင်ပါဘူး ကိုဝဏ္ဏရဲ့၊ ကေနွ

ကိုအတွက် သီချင်းမပြီးသေးလို့ ပုန်းနေတာမဟုတ်လား"

အိမ်ရှေ့က ဆူဆူညံညံအသံတွေကြောင့် တိုင်းက

ခြံထဲဆင်းသွားပြီး ပန်းယွန်းလွှာက အခန်းထဲမှထွက်လာခဲ့မိသည်။

"လာ…ဆီ‥ကိုဝဏ္ဏ၊ အိမ်ပေါ်တက်ဗျာ"

တိုင်းက ဧည့်သည်တွေကို ဦးဆောင်ခေါ်လာသည်။

"အချိန်တော့မရဘူးနော် တိုင်း၊ တိုင်းကို ဆီတို့က

ဝင်ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ခုံမှာထိုင်ထိုင်ချင်း ဘရဏီက စပြောသည်။ အခ

ဂါဝန်တို့နှင့် အသားကပ်ဘောင်းဘီကလည်း အနီရဲရဲကိုမှ နှုတ်ခမ်း

နီကလည်း နီရွှေးနေသောအရောင်မို့ အိမ်တွင်းမှာ မွှန်းတည်

တစ်စင်း ပြုတ်ကျလာသလား ထင်ရတဲ့အထိ အလှက ပူလောင်

ပြလွန်း၏။

"အဆိုတော်သစ်က ဘရဏီတဲ့၊ နှစ်ခွေထွက်ပြေ

ဒုတိယအခွေမှ တော့(ပ်)တန်းထဲ ဝင်သွားတာလေ၊ နင့်ချစ်

ရေးပေးတဲ့ သီချင်းတွေနဲ့ ပေါက်သွားတာ"

ပပပြောတာ ကြားဖူးသည်။

"သတိထားနော်၊ ဘရဏီက သွားလေရာတိုင်

မုန်တိုင်းကို တတွဲတွဲပွဲထုတ်တာ၊ သူ့ကို မြေတောင်မြှောက်

တဲ့ဆရာ၊ မုန်တိုင်းကြောင့် အောင်မြင်ပါတယ်ဆိုပြီးတော့လေ"

"မာနမင်းသားက အဲဒါမျိုးဆို သဘောမနော

ခွေ့တတ်လွန်းတာမျိုးပဲ့၊ ဆရာ..ဆရာနဲ့ လူပါ ပါသွားမယ်၊

အိမ်တွင်းပုန်းချည်းလုပ်မနေနဲ့၊ အတူလမ်းလေး ဘာလေး ထွက်

မိမျိုးပြောတုန်းကလည်း...







"ထွက်သားပဲ"

ပန်းယွန်းလွှာက မပွင့်တပွင့် ပြန်ပြောဖြစ်သည်။

"ဘာထွက်တာလဲ၊ ပလာဇာလေး တစ်ခါတွဲသွားတာ

ဆို နင့်မှာ ပြောလို့မဆုံးဘူး၊ ငါတို့ပြောတာက သူကျင်လည်ရာ

လူ့ပတ်ဝန်းကျင်၊ အဲဒီကိုတွဲသွားဖို့"

"စတူဒီယိုတို့ ဘာတို့လား"

"အေးပေါ့...တေးစီးရီးမိတ်ဆက်ပွဲတို့ ဘာတို့ တွဲတက်

ည်း ရတာပဲကို"

အားမလိုအားမရနှင့် မိမျိုးကပြောတော့ ပပက ခေါင်း

ညိတ်ထောက်ခံရင်း

"ဟုတ်တယ်လေ၊ နင်တို့က မင်္ဂလာဆဲ့ခံပွဲ ကြီးကြီး

ကျယ်ကျယ်လည်း မလုပ်ခဲ့တော့ နင့်လူကို တက်သစ်စတွေက

လူပျိုလူလွတ်လို့ ထင်ရင်ထင်နေမှာ"

"အခုတလော ဆရာမုန်တိုင်းကလည်း ပဲများမှများ"

"ဩော်...အရင်ကနဲ့လည်း မတူဘူးလေ၊ တေးရေး

ဆရာတွေက ရှေ့ခေတ်ဖြစ်လာပြီကိုး"



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ကြားရစဉ်က ဘာရယ်မဟုတ်ပေမယ့် ပြန်တွေးကြည့်တော့ ဒါ ချောက်ချားစရာဖြစ်ရပ်၏အစလို့ စိတ်ထဲ ခံစားမိလာသည်။

"အားလုံးထဲမှာ ဘရဏီက အကဲဆုံး၊ အသည်းဆုံး"

တဲ့။ ထို ဘရဏီဆိုသူက အခု အိမ်တိုင်ရာရောက် ကိုကိုကို လာခေါ်သောသူဆိုရင်...

"ဝင်ခေါ်တာ၊ ဘယ်သွားဖို့ အစီအစဉ်တွေရှိနေလို့လဲ ကိုဝဏ္ဏ"

"အဟား...ငါမဟုတ်ပါဘူးကွ၊ ဘရဏီပါ၊ ဏီ့ကိုမေး"

တိုင်းက ထိုစကားကြောင့် ဏီ့ဘက်မျက်နှာမူလှည့်လိုင်တော့

"အဟွန်း...ဒီနေ့ ရုပ်သံလိုင်းတစ်ခုက သူတို့ရဲ့ ချင်(န်)နယ်တစ်ခုအတွက် ဏီ့ရဲ့ တစ်နေ့တာမှတ်တမ်းရိုက်ချင်တာတဲ့၊ မနေ့ကတော့ အင်ဒိုးအခန်းတွေပြီးသွားပြီ၊ ဒီနေ့တော့ ထူးထူးခြားခြားလေး ဖြစ်သွားအောင် ဏီက အောက်ဒိုးထွက်





တ်ပေးဖို့ ပြင်ဆင်ထားတာ"

"အောက်ဒိုးက ဘယ်မှာရိုက်မှာလဲ"

"ပြည်သူ့ရင်ပြင်မှာ"

"အသစ်ဖွင့်တဲ့ ကစားကွင်းလား"

မသိစိတ်ထဲ မှတ်မှတ်ထင်ထင်ရှိခြင်းကို မေးခွန်းလုပ်င်သည်။ ဏီက အံ့ဩဟန်ဖြင့် နှုတ်ခမ်းလေးပွင့်ဟသွားပြီးမှ

"မုန်တိုင်းက ကြိုသိနေပုံထောက်တော့"

"ကဲ...ငါမပြောဘူးလား ဏီ၊ ဒီကောင်က မိန်းမသင်ငယ်လေး ရထားတော့ ကလေးအထာတွေ အားလုံးကို ကျွမ်းနေပြီလို့"

"ဟာ...မဟုတ်ပါဘူး ကိုဝဏ္ဏရ"

သူက နောက်ဆံပင်ကို တစ်ချက်ဖိသပ်ရင်း ရှက်ရှက် ထငြင်းသည်။

"ကာယကံရှင်က မဟုတ်ပါဘူးငြင်းတာတောင် ကိုဝဏ္ဏဘ ဟုတ်စေချင်တုန်း၊ ကဲ...ထားပါ အဲဒီမိန်းမကိစ္စ၊ အခု ဏီရိုက်ယ့် တစ်နေ့တာမှတ်တမ်းမှာ ဏီ့အခွေထုတ်လုပ်သူရော၊ တေးရေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာပါ အမှတ်တရပါစေချင်လို့ တကူးတက လာခေါ်တာ၊ ဒါဝဲ နော် တိုင်း၊ မလိုက်ဘူးလို့ မပြောရဘူး”

“အာ…အဲဒီလိုကြီး ရိုက်ဖို့ကျတော့”

“ကဲပါ…အမှတ်တရပါလို့ဆိုနေ၊ အဝတ်အစားသွား လဲတော့…သွား၊ တိုင်းကို ဒီနေ့ နေ့လယ်စာ အပြင်မှာကျွေးမှာ သွားပါဆို”

အညာအချွဲပိုပိုနှင့် ပြောသံတွေအဆုံးမှာ ဧည့်ခန်းထောင့် ချိုးအကွယ်သို့ ဖျတ်ခနဲချိုးကွေ့ဝင်လာသော ကိုကို။ ပန်းယွန်း က ချက်ချင်းပင် ကျောခိုင်းပြီး ကိုယ့်အခန်းထဲ ကိုယ်ဝင်လာခဲ့ သည်။ ကိုကိုနှင့်ပတ်သက်ပြီး ရင်ထဲနာသမျှ ဒီတစ်ခါတော့ အကြီးမားဆုံး ဒဏ်ရာလို့ ပန်းယွန်းလွှာက သတ်မှတ်ချင်ပါသည်။ အဟုန်း… ပန်းယွန်း တောင်းဆိုသည့်အခါကျတော့…

“ငါက အဲဒီလိုနေရာတွေကို သဘောမကျပါဘူး”

“လူထူထူနဲ့ ဆူညံပွက်လောရိုက်နေတဲ့ နေရာတွေကို ငါ မကြိုက်ဘူး”

“မင်းအတွက် ဒီဘဝ ဒီခန္ဓာ ပေးပြီးပြီ၊ ပေးဆပ်တာ





တွေ ဖြည့်ဆည်းတာတွေက ဒီရင်ဘတ်က အလိုတူမှ”

တဲ့။ အခုတစ်ယောက်အတွက် မကြိုက်မနှစ်သက်သော နေရာကို လိုက်သွားမည်ဆိုတော့…။ ပန်းယွန်းလွှာက နှုတ်ခမ်းများ ကို မဲ့ခနဲဖြစ်အောင် ပြုံးနိုင်ပေမယ့် မျက်ဝန်းထက်က ဖျတ်ခနဲ ကြွေကျသွားသော မျက်ရည်တစ်စက်ကိုတော့ မထိန်းချုပ်နိုင်ခဲ့။

“ကိုကို ရင်ဘတ်ထဲမှာ အဲဒီတစ်ယောက်အတွက် အလိုတူမှုတွေ ရှိပြီလား”

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"တွေ့လိုက်သားပဲ၊ ဘရဏီရဲ့အစီအစဉ်မို့ တမင်တကာ စောင့်ကြည့်တာလည်း ပါပါတယ်"

"ညွှန်းလိုက် မွန်းလိုက်သမျှ စကားတွေထဲမှာ နင့်လူ အကြောင်းက မပါမဖြစ်၊ တတိယစီးရီးကျရင်လည်း နင့်လူကို ပဲ တစ်ခွေလုံးအပ်မှာတဲ့၊ ကြော်ငြာတောင် ဝင်ပြီးသွားပြီ"

"နင် အေးတိအေးစက်လုပ်မနေနဲ့တော့ ပန်းယွန်း၊ အခု လည်း ခရီးထွက်သွားတာ သူနဲ့ပဲမဟုတ်လား"

ပန်းယွန်းလွှာက စလွယ်သိုင်း လွယ်ထားသော အိတ်ရှည် လေးရဲ့ကြိုးကို လက်နှစ်ဖက်နှင့် စုကိုင်ရင်း တွေတွေလေး ငေးမောနေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"ငါ ခရီးထွက်မှာ တစ်လလောက်တော့ ကြာလိမ့်မယ်"

လို့ ပြောတာတုန်းက ဒီ အမှတ်မရှိသောပါးစပ်က

"ပန်းယွန်းလွှာကိုပါ ခေါ်သွားပါလား ကိုကို"

တောင်းဆိုမိသေးတာ။

"ဖြစ်မလားကွ၊ ဒါ အလုပ်ကိစ္စနဲ့သွားတာ"

"ပန်းယွန်းလွှာလည်း လိုက်ပြီး ကိုကို့အလုပ်တွေ ကူညီမှာပေါ့"

"မဖြစ်ဘူး၊ ဟိုမှာသီချင်းတိုက်ဖို့တို့၊ ကြော်ငြာရိုက်ဖို့တို့ ရှိသေးတာ"

"ကိုကိုက တေးရေးဆရာပဲကို၊ အဲဒီလောက်အထိ လိုလို့လား"

ပန်းယွန်းလွှာကတော့ ကိုကိုနှင့်မခွဲချင်သော စိတ်ကလေးဖြင့် ညစ်ကျယ်ကျယ်မေးမိခြင်းပါ။ နောက်မှသိရတာက ဘရဏီရဲ့ သီချင်းတွေအား နယ်လှည့်၍ အဆိုဝါသနာရှင်တွေနှင့်





ပြိုင်ပွဲ လေးလုပ်မည်။ နောက်ဆုံးဆန်ခါတင် ဝါသနာရှင်ပြိုင်ပွဲကို ရန်ကုန်မှာပြုလုပ်ပြီး ပထမဆုရသူက ဘရဏီနှင့် နောက်ထွက်မည့်စီးရီးတွင် အတူပါဝင်သီဆိုခွင့်ရမည်တဲ့။

"ဒီကောင်က ဘရဏီနဲ့ လိုက်မယ့်သီချင်းတွေ ရွေးပြီး ရေးတာတော့ ဘရဏီနဲ့တွဲဆိုမယ့် အဆိုရှင်အသစ်ကိုပါ ရွေးခိုင်းတဲ့သဘောပါဟ၊ ပြိုင်ပွဲစဉ်တိုင်းမှာ မုန့်တိုင်းက ဒိုင်အဖြစ် ဆောင်ရွက်ရမှာမျိုးလေ၊ ညည်းက မုန့်တိုင်းကို စိတ်မချရင် လိုက်ခဲ့ပါလား၊ ကြာတယ်ဆိုတာက နယ်အစုံရောက်တော့ ဘရဏီရဲ့ ဗွီစီဒီကို ရောက်တဲ့နေရာမှာ လက်မှတ်ထိုးပြီး ရောင်းတဲ့ပွဲလုပ်မှာနဲ့ ကြော်ငြာလည်းရိုက်ဦးမှာ၊ ဒီပြိုင်ပွဲကိစ္စက ရှိသေးတော့ဟာ တစ်လတောင် ကျော်ရင်ကျော်မှာ၊ အပင်ပန်းခံ နိုင်ရင် လိုက်ခဲ့"

ဒီအစီအစဉ်ရဲ့ ပရိုဂျူဆာအဖြစ် ကိုဝဏ္ဏက ဖိတ်ခေါ်ခဲ့သေးတာ။ ပန်းယွန်းလွှာက ဝမ်းသာအားရနှင့် ခေါင်းညိတ်ဟန်ပြင်တော့

"ခေါ်လို့မရဘူး ကိုဝဏ္ဏ"

ကိုကို့စကားက ကြားဖြတ်ဝင်လာခဲ့သည်။ ကိုဝဏ္ဏက



www.burmeseclassic.com

www.burmeseclassic.com



ဖြားမလည်သလိုနှင့် ကိုကို့ကို လှည့်ကြည့်ကာ

"ဟ…ဘာဖြစ်လို့လဲ"

"နယ်တကာလှည့်ရမှာ၊ အနေအစားက ဖြစ်သလို၊ သူ့အဲဒီဒဏ်တွေ ခံနိုင်မှာမဟုတ်ဘူး"

"ပန်းယွန်းက…"

"မင်းအသွားအိမ်မှာ ပြန်နေလိုက်ပေါ့၊ ငါပြန်ရောက်တော့လာခေါ်မယ်"

တဲ့လေ။ ဘယ်လောက်ပဲ ဆင်းရဲခြင်းတွေလာလာ ဘဝမှာကိုကိုနှင့်အတူတွဲပြီး နေထိုင်ခြင်းက ပန်းယွန်းလွှာရဲ့ သုခချမ်းသာဆိုတာ သူ မသိခြင်းလား။ ပန်းယွန်းလွှာနှင့် အတူတွဲနေထိုင်ခြင်းသည်သူ့အတွက် ဆင်းရဲခြင်းတွေ ဖြစ်ပေါ်ခံစားနေရလို့လား။ အတွေးထဲစို့တက်လာသော မျက်ရည်တွေကို မျက်တောင်နှင့် ဖွဖွပုတ်ခတ်ထုတ်ပစ်မိချိန်မှာ…

"ကဲပါ ပန်းယွန်းလွှာရယ်…နင် ဒါတွေတွေးပြီး ငိုမနေနဲ့အသွားကလည်း နင် အဲဒီလို တွေးလိုက်ငိုလိုက်လုပ်နေမှာစိုးလို့ငါတို့နဲ့ ရှော့ပင်(န်)ထွက်ဖို့ ထည့်လိုက်ပါတယ်ဆိုနေမှ"





"အေးပါ…ငါမငိုပါဘူး"

"အံ့မယ်…မငိုပါဘူးဆိုပြီး မျက်ရည်ကဝဲနေပြီ"

ပပက တစ်ရှူးကို သူမလက်ထဲ ထည့်ပေးရင်း တိုးတိုးလေး ကပ်နောက်သည်။ မိမျိုးက ပန်းယွန်းလွှာအာရုံပြောင်းဖို့ကြိုးစားသည်။

"လာ…နင် ပန်းဘုရင်မမှာ Skin Care ပစ္စည်းတွေဝယ်မလို့ဆို၊ ဟို့ ပန်းဘုရင်မကောင်တာမှာ လူစုစုရုံးရုံးနဲ့ ပရိုမိုးရှင်းပေးနေတာလားမသိဘူးဟဲ့"

မြန်မြန်လာ…တော်ကြာ ပစ္စည်းအကာန့်အသတ်နဲ့ဆိုမှကုန်သွားဦးမယ်"

မိမျိုးနှင့်ပပက သူမကို လက်ကောက်ဝတ်မှ တစ်ဖက်တစ်ချက်စီ ဆွဲခေါ်၍သွားသည်။ ကောင်တာရောက်မှ သိလိုက်ရတာက ပရိုမိုးရှင်းပွဲအတွက်မဟုတ်။

"ပန်းဘုရင်မရဲ့ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲအတွက်မျက်နှာသစ် မော်ဒယ်(လ်)ရွေးပွဲလေ၊ ဖောင်ဝယ်ဖြည့်ပြီး ဓာတ်ပုံစတူဒီယိုမှာ ဓာတ်ပုံသုံးပုံသွားရိုက်ရုံပဲ၊ တစ်ပတ်အတွင်းရွေးမှာ



www.burmeseclassic.com

www.burmeseclassic.com

အစ်မ၊ အရွေးခံရတဲ့သူကို ပန်းဘုရင်မရဲ့ တစ်နှစ်စာမော်ဒယ်(လ်) အဖြစ် စာချုပ်ချုပ်ပြီး ကြော်ငြာကြီးတွေမှာ သုံးသွားမှာပါ''

ဝန်ထမ်းမိန်းကလေးက ရှင်းလည်းရှင်းပြရင်း ခရမ်းရင့်ရောင် ကုတ်ခါးတိုလေးနှင့် ဒူးကျရှေ့ပင်(န်)က ထက်အောက်ဆင်တူ၊ ဝေ့ါကင်းရှူးဖြူဖြူလုံးလုံးလေး စီးထားကာ ဆံပင်တွေဝဲနေအောင်ချထားသည့် ပန်းယွန်းကို ပြုံးစိစိနှင့်ကြည့်သည်။

''အစ်မ…ဝင်ပြိုင်ပါလား၊ အစ်မ စကင်း(န်)လေးထဲတအားကြည်ပြီး ဒီလောက်လှတာကို''

''လှဆို…သူက အဲဒီအလှကုန်ကို ဆက်(ထ်)လိုက်သုံးတာလေ''

အရေးထဲ ကြားပွဲစားလုပ်ပြီး ကြော်ငြာနေသည့် မိမျိုးကို ပန်းယွန်းက တံတောင်နှင့်တွတ်ပစ်လိုက်ရသည်။ ပပကတော့ သူမကို တွန်းတွန်းထိုးထိုးနှင့် ဖွတ်အတင်းအားပေးသည်။

''ဟဲ့…ဝင်ပြိုင်ပါဟဲ့၊ နင်က ကင်မရာနဲ့စိမ်းတဲ့လူမဟုတ်တာ''

''ပြိုင်ပေမယ့် မပါရင် ရှက်စရာကြီး''





''မရှက်ပါနဲ့အစ်မရဲ့၊ အစ်မက အရမ်းလှတာကိုပဲ၊ အသားအရေရော အရပ်အမောင်းရော ပြောစရာဘာမှမလိုဘူး''

''ကဲ…ဒီလောက်မွှမ်းနေမှ နင်ပြိုင်ဖို့သင့်ပြီ ပန်းယွန်း''

''အေးလေ…လုပ်…လုပ် ညီမ ဖောင်တစ်စောင်ပေး၊ ငါဖြည့်ပေးထားမယ်၊ မိမျိုး နင် သူ့ကို ဓာတ်ပုံရိုက်ဖို့ခေါ်သွား''

ပပက ဆရာကြီးစတိုင်လ်နှင့် ညွှန်ကြားသည်။ မိမျိုးက တပည့်တစ်ယောက်ရဲ့ ဟန်ပန်အပြည့်ဖြင့် နာခံစေ။ ပန်းယွန်းမှာသာ ဆရာနှင့်တပည့်ကြား ကန့်လန့်ကန့်လန့်နှင့် လိုက်ပါသွားသည်။

တကယ်ဆို ပန်းယွန်းအလှကို လှတာကာ အသိအမှတ်ပြုဖို့ထက် လူတစ်ယောက်က ခံစားတတ်ရန်ပဲ လိုအပ်ပါသည်။ ထိုလူက ပန်းယွန်းအတွက် ဘဝမှာအရေးပါဆုံးသူဆိုပေမဲ့။

ယနေ့အထိ အချစ်က ပန်းယွန်းအတွက် သူစိမ်းဆန်သောရင်ခုန်သံစိမ်းများနှင့် အဝေးမှာရှိနေဆဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"မင်းက ချက်ချင်းကြီးဆိုလို့သာ ငါ့သဘောဆို ဒါမျိုးက နှစ်ဦးစလုံး သေချာလိုက်ကြည့်ရှုပြီးမှ သူ့အကြိုက်မေးမြန်းပြီး ဝယ်သင့်တာမျိုးကွ၊ ခရီးယန်းလာတဲ့မင်းက အိမ်ပြန်မနားနိုင်ဘဲ ဒီတိုက်ခန်းမှတိုက်ခန်း အသည်းအသန်ဖြစ်နေတာတော့ မရိုးဘူးနဲ့ တူတယ်နော်"

"မဟုတ်ပါဘူးဗျာ…ရွှေလအမီ ကျွန်တော်သူ့ကို လက်ဆောင်ပေးချင်လို့"

"ဟ…ငါ့ကောင်ရ ရွှေလဆို ကြားထဲမှာ အများကြီးလိုပါသေးတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေဗျာ…အခုတိုက်ခန်းကိုဝယ်ပြီး အတွင်း ထဲထည့်ရမဲ့ ဖန်နှစ်ချာတွေရှိသေးတယ်လေ၊ ပြင်ရဆင်ရ၊ နေရာချ မှာက တစ်လလောက်အချိန်ယူမှ"

"နေပါဦး…မင်းက ဒီလောက်အထိ ဒိတ်အတီအကျ ကောင်မလေးကိုပေးချင်ရအောင် ဘာလဲ ရှေ့လထဲမှာ မင်းကောင် လေးရဲ့ ဘတ်(သ်)ဒေးရှိလို့လား"

ကိုဝဏ္ဏကလည်း စပ်စပ်စုစုနှင့် နှိုက်နှိုက်ချွတ်ချွတ်မေး သည်။ သူ့အဖြစ်ကလည်း စိတ်ဝင်တစားနှင့် စပ်စုချင်စရာကောင်း နေတာကိုး။ အလုပ်တစ်ခုကိုပဲ အာရုံထဲထည့်ထားကာ တခြားသ ကိုမှ မတွေးတောမစဉ်းစားဟန်နှင့် ရှိခဲ့သောသူက အခု ခရီးထ ပြန်ရောက်ရောက်ချင်းပင် တိုက်ခန်းကို ဝယ်မည်။ ငွေချေမည်ဆို တော့။ တိုင်းကတော့ ကိုဝဏ္ဏအမေးကို ချက်ချင်းမဖြေဘဲ လည်တ ပွတ်လိုက်၊ ဆံပင်သပ်လိုက်နှင့် အချိန်အတော်ကြာသည်အထိ အလှ ရှုပ်နေသည်။

"မွေးနေ့တော့မဟုတ်ဘူးဗျ"

"ဒါဆို…ဘာလဲ ဟေ့ကောင်"





ကိုဝဏ္ဏကလည်း မရမကပြုံးစေ့စေ့နှင့်မေးတော့ သူက ဟက်ခနဲတစ်ချက်ရယ်ရင်း မျက်ခုံးရိုးကို လက်မနှင့်ဆွဲခြစ်သည်။

"ရှေ့လထဲမှာ သူနဲ့ကျွန်တော်လက်ထပ်ခဲ့တာ ခြောက်လ ပြည့်ပြီဗျ"

သူပြောခဲ့သည်။ ကိုဝဏ္ဏကတော့ တဟားဟားနှင့်ရယ် သည်။

"မင်းက ဒါကြောင့် အသည်းအသန်ဖြစ်နေတာကိုး"

ဟု မှတ်ချက်ချတော့ သူ့မှာ အရေးတကြီးနှုတ်ပိတ်ခဲ့ရ သည်။

"ဒီကြားထဲ သူမသိပါစေနဲ့နော်၊ ခြောက်လပြည့်တဲ့နေ့မှ ပဲ ကျွန်တော်က စပရိုက်လုပ်မလို့"

ဒီလူက နှုတ်မလုံတာမျိုးမဟုတ်ပေမဲ့ စကားပြောရင်း အရေးကြီးသည့် လျှို့ဝှက်ချက်တွေက မကြာခဏ ထွက်သွားတာ မျိုး သူကြုံဖူးသည်။ ကိုဝဏ္ဏကတော့ ကတိတွေ အထပ်ထပ်ပေး သည်။

"စိတ်ချ…စိတ်ချ၊ ငါမပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် မင်းက ကားအရင်မဝယ်တာကိုး၊ ငါပြောတာက မင်းသွားရလာရ အဆင်ပြေအောင်ပါ၊ ပွဲတွေဘာတွေတက်တော့လည်း ကိုယ့်ကားနဲ့ကိုယ်ဆိုတော့ လူရှိသေရှင်ရှိသေပေါ့"

"ဒီဘက်အိမ်ပြောင်းပြီးမှ ဟိုအိမ်ကိုရောင်းမယ်လေ"

"သြော်…မင်းက မင်းမိန်းမအတွက် နံပါတ်တစ်၊ မင်းကနှစ်ပေါ့ ဟုတ်လား"

ဆက်ပြောနေလျှင် နောက်ဆုံး ဒီဘူတာပဲဆိုက်မှာ သိတာမို့ သူက တိုက်ခန်းအရောင်းအဝယ်စာချုပ်နှင့် အမည်ပေါက်စာရွက်စာတမ်းတွေကို သိမ်းပြီး နှုတ်ဆက်ကာ ထွက်လာမှ စကားစကပြတ်သည်။ သူသိတာပေါ့။ သူအိမ်ရောက်စနေ့က သူမမှာ ရေချိုးခန်းမရှိ၍ ရေမချိုးရတာ၊ ညကြီးမှောင်မည်းမည်းထဲ အိမ်သာသွားဖို့အရေးတွေ တွန့်ဆုတ်နေရတာမျိုးတွေကြောင့် သူ့မှာ မီးဖိုခန်းထဲ့ဝင်၊ မသောက်ချင်ဘဲ ကော်ဖီတွေဖျော်သောက်ရ၊ မစားချင်ဘဲ ထမင်းတွေထပ်စားပြီး ဂစ်တာတစ်လက်နှင့် ဒိုးဒိုးဒေါင်ဒေါင်လုပ်နေမှ သူမမှာ သွားလိုသောနေရာသို့ သွားရဲတာမျိုး။ တိုင်းမှာ နှုတ်ဖျားကသာ မရှည်ရွယ်ဘဲ မဖြည့်ဆည်းဘူး၊ မလိုက်လျောဘူး





တကြော်ကြော်အော်ရင်း ရည်ရွယ်သမျှ သူမအတွက်သာဖြစ်သည်။

"အစ်ကိုပြောတဲ့လိပ်စာက ဒီခြံပေါ့ ဟုတ်လား"

ကားမောင်းသမားက ခြံဝမှာကားရပ်ရင်း မေးသည်။

"ဟွန်းတီးလိုက်ညီလေး၊ ခြံထဲအထိ ဆက်ဝင်သွားရမှာ"

သူ့ညွှန်ကြားချက်အတိုင်း ကားသမားက ဟွန်းတီးတော့ခြံတံခါးကြီးက လျှောခနဲပွင့်လာသည်။ သူ မနေ့ညကတည်းက ဖုန်းဆက်ထားခဲ့သည်။ ဒီနေ့ညနေ လာကြိုမည်ဟု။ ပန်းယွန်းလှာနှင့်တော့ မတွေ့ဘဲ အဘွားနှင့်ပဲ စကားပြောခဲ့ရသည်။

"အေး…အေး အဘွားစောင့်နိုင်းထားလိုက်မယ်၊ အခုတော့မရှိဘူး၊ သူကိစ္စရှိလို့ အပြင်ခဏသွားတယ်"

တုန့်ပြန်ချက်သာရခဲ့သည်။ တိုင်းက ကားဝင်လာသည့်တစ်လျှောက် ခြံထဲက စိမ်းစိုသည့်ရှုခင်းတွေကို ငေးရင်း သူ့ကိုတွေ့လျှင် ဝမ်းသာအားရဖြစ်သွားမည့် မျက်နှာကလေးနှင့် တလှိုက်တလှဲပြုံးတတ်သော နှုတ်ခမ်းပါးတွေကို မြင်ယောင်ပြီး ရင်ထဲလှိုက်ခနဲဖြစ်သွားသည်။

"ပန်းယွန်းက…ကိုကို့ကို ချစ်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်ခဲ့သည့် နှုတ်ခမ်းပါးတွေကို ဒီတစ်လအတွင်း သူ လွမ်းဆွတ်ခဲ့ရတာက အိပ်မက်ထဲတောင် ထည့်မက်ခဲ့ရသည် အထိဟုဆိုလျှင်။ ကားက ပေါ်တီကိုအောက် ထိုးရပ်တာနှင့် ရင်ဖုံး လက်ရှည်အဖြူပွပွနှင့် အဖြူခံပေါ် အညိုရောင်ပွင့်ခက်တွေ ရောယှက်ထားသော ထဘီရှည်ရှည်နှင့် အသွားက ထုံးစံအတိုင်း လက်လက်တောက်နေသော မျက်ဝန်းတွေနှင့် သူ့အား ဆီးကြို သည်။

"ကားပြန်လွှတ်လိုက်ပါလား မောင်ရင်၊ ဒီမှာ ညစာစား ပြီးမှ အေးအေးဆေးဆေးပြန်ပေါ့၊ ဒီကကားနဲ့ ပြန်လိုက်ပို့ပေးပါ့ မယ်"

"နေပါစေ အသွား"

အသွားကိုကျော်၍ ဧည့်ခန်းထဲအထိ သူ့အကြည့်တွေ တစ်ပတ်လောက်ပြေးဝင်သွားသည်။

"ကျွန်တော်...ပန်းယွန်းလွှာကိုခေါ်ပြီးရင် ပြန်တော့မှာ ခရီးပန်းထားတော့ နားချင်နေတာနဲ့"

"အေး...အေး ဒါတော့ဟုတ်ပါတယ်၊ ဒါပေမဲ့ မြေး





က အိမ်မှာမရှိဘူးကွဲ့"

"ဘယ်သွားတာလဲအသွား...ကျွန်တော်လာခေါ်မယ် ပြောထားရဲ့နဲ့"

မျက်နှာက မဆိုသလောက် ညိုမှောင်သွားသည်။ ခပ်ဆတ် ဆတ်ဖြစ်သွားသော လေသံထဲက မကျေနပ်ခြင်းတွေကို လျှော့ချ ရန် အားယူချင်ပေမယ့် မအောင်မြင်ခဲ့။ အသွားကတော့ သူ့ဖြစ်ပျက် သွားပုံကို ခေါင်းညိတ်သည်။

"အေးကွယ်...မနေ့က အသွားကတိပေးမိတာကိုး၊ မြေးကတောင် ပြောနေသေးတယ်၊ သူ့ကိုမမေးဘဲ ကတိပေးရမလား ဆိုပြီးလေ၊ သူ့အလုပ်ကိစ္စက မနေ့ကတစ်ရက်တည်းနဲ့ မပြတ်လို့ တဲ့၊ ဒီနေ့လက်စသတ်ပေးနေရတယ်၊ မောင်ရင်လာရင်ပြောလိုက်ပါ တဲ့၊ သူ ကစ်ခါတည်း ဟိုဘက်အိမ် တန်းပြန်ခဲ့မယ်တဲ့"

အသွားကိုနှုတ်ဆက်ပြီး ခြံကြီးထဲက ပြန်ထွက်လာတဲ့အထိ ရင်ထဲက မွန်းကြပ်မှုတွေ ပျောက်မသွား။ ရွှေညိုစိမ်းရောင် ရှပ်အင်္ကျီ ရဲ့ ရင်ဘတ်ကြယ်သီးတွေကို သုံးလေးလုံး ဆင့်ဖြုတ်၊ ကားနောက် ခန်းမှာ ခပ်လျှောလျှောမှီထိုင်ကာ မျက်ဝန်းတို့ကို မှေးမှိတ်ထားမည်



www.burmeseclassic.com

www.burmeseclassic.com



အမြို့ ကားက အရှိန်လျှော့ချသွားသည်။

"အဟဲ…ဒီနားဆို အမြဲတမ်းဖွင့်မိတာချည်းပဲ၊ ဒါပေမဲ့ မပျင်းရဘူးဆရာသမားရ"

"ဘာဖြစ်လို့လဲဗျ"

"လမ်းဘေးမှာထောင်ထားတဲ့ ကြော်ငြာဘုတ်ကိုကြည့်လိုက်လေ၊ အဟဲ…ဆရာသမား အပျင်းပြေသွားစေရမယ်"

ထူးထူးဆန်းဆန်းစကားတွေ ဖောင်ဖွဲ့ပြီးပြောတဲ့ သူ့ကိုယ်တိုင်က ထိုဘက်ပဲ မျက်နှာမူနေတာမို့ တိုင်းက ဘာရယ်မဟုတ်ခေါင်းငဲ့ကြည့်မိသည်။

"ဟင်"

အံ့သြစိတ်နှင့် ဝုန်းခနဲခုန်ထပြီး သေချာအောင် သူကြည့်သည်။ သေချာခြင်းမက သေချာလာတော့ အံ့သြစိတ် ပျောက်ကွယ်သွားပြီး ရင်ထဲဖြစ်တည်လာတာက အင်အားကြီးဒေါသအပြင်းစားများ။ ဒါကိုပဲ ရှေ့ကကားမောင်းသူမှာ ဘုမသိဘမသိနှင့်ဖြစ်သည်။

"တွေ့လား…ဆရာသမားတောင် သူ့ဖမ်းစားချက်မှာပေါက်ခနဲဖြစ်သွားပြီမဟုတ်လား၊ ဒီနေရာရောက်တိုင်း အဲဒီပုံကို





မကြည့်ဘဲမနေနိုင်ဘူး၊ သူကြော်ငြာတဲ့အလှကုန်တောင် အိမ်ကမိန်းမကို ဝယ်သုံးခိုင်းထားသေးတာ၊ ဒါပေမဲ့ ထူးမယ်တော့မထင်ဘူးဗျို့၊ အိမ်ကမိန်းမက သူ့လိုမှမလှတာ၊ ဟဲ…ဟဲ ဖွင့်စိမ်းပြီဆရာသမားရေ မောင်းမယ်နော်၊ အဲဒီလောက်အထိ ဇက်ကြီးလည်ပြီးမကြည့်နဲ့ ဆရာသမားရ၊ အဟဲ ရှေ့တစ်ကွေ့မှာ နောက်ထပ်ပို့(စ်)တစ်မျိုးနဲ့ တစ်ပုံရှိသေးတယ်"

တိုင်းသည် ရှူးခနဲ ဒိုင်းခနဲ ပေါက်ကွဲပစ်နေကျအတိုင်း ဒေါသက ငယ်ထိပ်တက်ဆောင့်ကာ လူက မှုန်ထူနေ၏။

"နောက်ထပ်ပုံကို ခင်ဗျားကြည့်စရာမလိုဘူး"

"အာ…ဆရာသမားကလည်း သူကကြည့်စေချင်လို့ လူမြင်ကွင်းမှာ ကြော်ငြာဘုတ်ထောင်ထားတာကို"

"မကြည့်နဲ့ဗျာ…မကြိုက်ဘူး"

"ဗျော်…ဆရာနဲ့တော့ခက်ပြီ၊ သူကလှတော့လဲ"

"မကြည့်နဲ့…အဲဒါ ကျွန်တော့်မိန်းမ"

ဝိတ်ပြောလိုက်သော သူ့စကားအဆုံးမှာ ကားသမားပါးစပ်အဟောင်းသားဖြစ်သွားကာ အံ့သြတကြီးရုပ်ကြီးနှင့်။ တိုင်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီအံ့ဩသော မျက်နှာဆီပဲ လက်သီးတွေ အတွဲလိုက်ပစ် သွင်းချင်နေသည်။

◆ ◆ ◆

## အခန်း (၃၃)

မျက်လွှာကိုပိတ်ချလည်း မြင်နေရသော ပုံရိပ်က ပျောက်သွားတာမျိုးတော့မဟုတ်။ အနီရောင်ရဲရဲဂါဝန်က ပခုံးတစ်ခြမ်းစောင်းအထိပဲ အကာအကွယ်ပါကာ နှုတ်ခမ်းနီအနီရဲရဲ၊ အိုင်းရှဲဒိုးနီနီရဲရဲနှင့် နှုတ်ခမ်းရှေ့ကန့်လန့်ဖြတ်ထောင်ထားသော လက်သည်းကလည်း အနီရောင်ကို နှုတ်ခမ်းတွေ စုဝိုင်းပြီး ရှူးခနဲလုပ်နေဟန်က မြင်သမျှလူတွေ၏ ပြောသမျှစကားတိုင်းကို တိတ်ကျသွားအောင် စွမ်းဆောင်နိုင်စွမ်းရှိသည်အထိ အသက်ဝင်လှသည်။ တိုင်းက နဖူးပေါ်လက်တင်ပြီး ဒီမိန်းမ တစ်လအတွင်း ဘာတွေလုပ်ပစ်သလဲဆိုတာ သူကိုယ်တိုင်လိုက်မမှီအောင် ဖြစ်ရ၏။ ပြန်လာသည့်ပမ်း





www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက် နီယွန်မီးရောင်အောက်မှာ တကယ့်ဘရိုက်(တ်)ဖြစ်သော ကာလာတွေနှင့် သူမပုံတွေချည်းပင်။ နာမည်ကြီးအလှကုန်တစ်ခု၏ ကုန်ပစ္စည်းမျိုးစုံကို ကြော်ငြာရာ၌ သူမတစ်ဦးတည်းသာ ပင်တိုင်သုံးထားတာမျိုး။ သုံးထားသလောက်တန်အောင် လှပေမဲ့ သူရင်ထဲ ဘဝင်မကျဖြစ်နေ၏။

"အိုကေ…ရပြီ မမ"

ကားတံခါးပိတ်သံ၊ နှုတ်ဆက်သံတွေက ညဦးအမှောင်ထဲ တိုးဝင်လာခဲ့သည်။ တိုင်းက အိပ်ခန်းထဲမှ ဧည့်ခန်းဆီထွက်လာခဲ့သည်။ သူ ဧည့်ခန်းထဲရောက်တော့ သူမက ဖိနပ်ချွတ်မှာ ဒေါက်အမြင့်ကြီးသိုင်းဖိနပ်ကြီးကို ငုံ့ချွတ်နေသည်။ တန်ဖိုးကြီးသော ရေမွှေးရနံ့က သူနှာဝသို့ ကျီစယ်သလို ပွတ်သပ်ဖြတ်တိုက်သွားသည်။

"ကိုကို ပြန်ရောက်နေပြီကိုး"

တိုင်းက အညိုရောင်ရင်ပြတ်ကြီးတစ်ချောင်းတည်း အထီးဖားဖားလေးနှင့် ဒူးအောက်ကျကျစကဒ်က အဖျားနား၌ အတိုအရှည်မညီတာမျိုးဖြစ်လျက် ညမီးရောင်အောက်မှာ တစ်မျိုးလေး လှနေသော သူမကို စိမ်ပြေနပြေကြည့်သည်။ အကြည့်ထဲ၌ လွမ်းဆွတ်





ခြင်း၊ ချီးမွမ်းလိုခြင်းတွေမပါဘဲ အံ့ကျင်းဖွဲ့ထားတာက ရွံရှာသလိုမျိုးနှင့် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်စလုံး စုံထည့်နှိုက်ထားသည်။

"မင်း ဘာတွေလုပ်နေတာလဲ ပန်းယွန်းလွှာ"

ဝေ့ခနဲ ပင့်တက်သွားသည့် အကြည့်မှာ မျက်တောင်များ တွေပါ ကပ်ပါသွား၏။

"ဘာကိုမေးတာလဲ ကိုကို"

"အဟွန်း"

တိုင်းက ပခုံးတွန့်ရယ်ရင်းမှ ဖျတ်ခနဲ မျက်နှာကို ပြန်တည်သည်။

"မင်းလုပ်ထားသမျှ ငါကရှင်းပြရဦးမှာလား ပန်းယွန်းလွှာ"

"ပန်းယွန်းမရှင်းလို့မေးတာကို နားလည်စေချင်ရင်တော့ ရှင်းပြရမှာ ကိုကို့တာဝန်လေ"

"ကောင်းပြီလေ…အချိန်ကုန်ခံပြီး မရှင်းတော့ဘူး၊ လိုရင်းပဲပြောတော့မယ်၊ မင်းအခုလုပ်နေသမျှကို ရပ်တန်းကရပ်ပါ ပန်းယွန်း



www.burmeseclassic.com

www.burmeseclassic.com



လွှာ”

“ဘာအတွက်လဲ ကိုကို”

မေးဖျားကိုပင့်ပြီး မေးသည်။ ရှုးစိုက်ခြင်းနှစ်ရပ်နှင့် ဆုံစည်းသွားသော သူမမျက်ဝန်းတွေထဲမှာ မှန်တိုင်းပဲလာလာ လေပြည်လေညှင်းပဲဖြစ်ဖြစ် ဘာမဆို ရင်ဆိုင်ရန်အသင့်ဖြစ်နေတာကို တွေ့နေရသည်။ တိုင်းက အံကြိတ်ပစ်လိုက်သဖြင့် မေးရိုးတွေ တင်းခနဲဖြစ်သွားတာ သတိထားမိသည်။ သူဘာကိုအလိုမကျဖြစ်နေမှန်း အဖြေရှာမရပေမဲ့ သေချာတာက အရင်လို သူပြောသမျှ ခေါင်းညိတ်ရန် အသင့်မရှိသော သူမ၏ပြောင်းလဲခြင်းဖြစ်သည်။

“မင်းလုပ်သမျှအရာတွေကို ငါမကြိုက်ဘူး ပန်းယွန်းလွှာ။ မင်းက ငါ့ဇနီးဖြစ်နေသ၍ ငါ့အုပ်ထိန်းမှုအောက်မှာပဲ ရှိနေရမှာ။ ထင်ရာစိုင်းတတ်တဲ့ မင်းအမူအကျင့်တွေကို ဒီမှာပဲရပ်တော့၊ ငါဖြစ်စေချင်တာ ဒါပဲ”

“အဟက်…ဟက် ကိုကို့ဇနီး၊ ဟား ဟား အခုကြားရတော့မှပဲ ပန်းယွန်းက ကိုယ်ရောက်နေတဲ့အနေအထားကို သေသေချာချာသိခွင့်ရတော့တယ်၊ ဘာလဲ ပေးတာယူ၊ ကျွေးတာစားပြီး





ကိုကိုပြောသမျှ ခေါင်းညိတ်ရုပ်လေး လုပ်နေရတာကို ကြိုက်တာလား ကိုကို”

“ပန်းယွန်းလွှာ”

ဒေါသနှင့် သူက ခပ်ကျိတ်ကျိတ်အော်ပေမဲ့ သူမက မှုစရာမရှိသလို လက်ပိုက်ပြီး ခေါင်းမော့ရယ်သည်။

“အယွန်း…ငါ့အမိန့် မင်းနာခံ၊ မင်းပြောသမျှ ငါက ခေါင်းခါမယ်ဆိုတဲ့လူစားမျိုးဆိုတာ ပန်းယွန်းသိထားပြီးသားပါ ကိုကိုရဲ့၊ တကယ်ကို စေ့စေ့ပေါက်ပေါက်တွေးကြည့်ရင် စာချုပ်မှာ လက်မှတ်ထိုးထားတဲ့ ချည်နှောင်မှုတစ်ခုကလွဲလို့ ပန်းယွန်းတို့ကြားမှာ ဘာမှမရှိခဲ့တာ အသေအချာပဲ ကိုကို”

ပန်းယွန်းက ဒေါသကြောင့် နီမြန်းမြန်းဖြစ်နေသော ကိုကို့မျက်နှာအား အလှဆုံးပြုံးကြည့်သည်။

“လွတ်လပ်ခွင့်က ကိုယ်စီရှိပြီးသားပဲ ကိုကိုရဲ့၊ ပေးတိုင်းမြိန်မရတဲ့ဘဝကို ပန်းယွန်းစိတ်ကုန်နေပြီဆိုတော့ ခေါင်းညိတ်ဖို့တွေ၊ နာခံဖို့တွေဆိုတာ ရင်ဘတ်ချင်းအလိုတူမှလေ”

အပြုံးနှင့်ပြောကာ အပြုံးနှင့်ကျောခိုင်းသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်ပြီးခါမှ အခန်းတံခါးဝခေါင်းပြူလာ၏။

"မနက်ဖြန်အတွက် စားရေးသောက်ရေး ပန်းယွန်းစီ
ပေးနိုင်မှာမဟုတ်ဘူး ကိုကို၊ အပြင်စာပဲဝယ်စားလိုက်ပါ"

ကြည့်…ပြောပုံက။ တိုင်းမှာ ကိုယ်ချည်သောကြိုး
ကိုယ်ပြန်ပတ်မိပြီထင်သည်။

ဒီမိန်းကလေးရဲ့ နှလုံးသားထဲမှာ သူ့အတွက်ထားသေ
အချစ်တွေ ပါဝါလျှော့ကုန်ပြီလား။

◆ ◆ ●



## အခန်း (၃၄)

ပန်းယွန်းက ချက်ချင်း အိပ်ခန်းထဲပြေးဝင်သည်။ ဗီရိုထဲမှ အစိမ်းရောင်ဂျာကင်တိုတစ်ထည်ကို ဒီအတိုင်းစွတ်ချရင်း အိမ်ရှေ့ဆီ ပြေးထွက်ခဲ့သည်။ အိမ်နေရင်းမို့ ပခုံး၌ အကာအကွယ်မဲ့သော ကုတ်ပိုးနောက်ကြိုးသိုင်းထားသည့် အင်္ကျီအနက်ကို ခြေဖျားထိ ဖုံးသော စကာဒ်အနက်အရှည်က ခါးနားတဝိုက်ကြပ်ပြီး အောက်ဖျား နားမှာ ကားကားလေးဖြစ်သွားတာမို့ ပန်းယွန်းက ဖုန်းနှင့် ပိုက်ဆံ အိတ်ပြားလေးကို လက်တစ်ဖက်ကကိုင်ရင်း စကာဒ်ဖျားကိုမကာ အိမ်ပေါ်မှ ပြေးဆင်းခဲ့သည်။ ခြံတံခါးကို ပြီးစလွယ်သော့ခတ်ခဲ့ ပြီး ပန်းယွန်း ပြေးထွက်ခဲ့တာ ကားလမ်းမဆီ။



www.burmeseclassic.com

www.burmeseclassic.com



"နင်အခုဘယ်မှာလဲ ပန်းယွန်း"

မိမျိုး ဖုန်းဝင်လာတုံးက ပန်းယွန်းက အိပ်ရာထက်မှာလှဲ ကာ သူမမျက်နှာဖုံးပါသော မဂ္ဂဇင်းကို စတင်ဖတ်နေချိန်။ ကိုကို့ အိမ်ပြန်ချိန်ကို စောင့်နေတာလည်းပါသည်။ ဒီရက်တွေမှာ ပန်းယွန်း တို့က တစ်အိမ်တည်းနေကြသည်ကို ဘုရားစူးပါဟု ကျိန်တွယ် ရသည်အထိ မျက်နှာချင်းမဆိုင်ဖြစ်တာကြာပြီ။ ပန်းဘုရင်မထ ရွေးချယ်သော အလှဘုရင်မဆုအတွက် ပန်းယွန်းက ထိုအလှကုန် တစ်နှစ်စာကြော်ငြာမော်ဒယ် ဖြစ်သွားခဲ့ပြီး လက်ခံရသည့် မဂ္ဂဇင်း မျက်နှာဖုံးတွေ၊ ကြော်ငြာဘုတ်တွေက မနည်းမနောမို့ မိုးလင်းထ မိုးချုပ် ထွက်နေရတာများသည်။ဒီနေ့တော့ တမင်အစောကြီးပြ လာကာ ကိုကို့အတွက် ညစာချက်ရင်း ပြန်ချော့မည်ဟု စိတ်ကူး ထားခဲ့၏။ အချစ်ဖြင့် မွမ်းမံထားသော ပန်းယွန်းနှလုံးသားသည် ကိုကို့အား ကြာရှည်ဥပေက္ခာပြုခွင့် မပြုခဲ့။ ထို့ကြောင့် မိမိုး

"အမယ်....ဘာတွေအကြောင်းလာရိုက်နေတာ နင်တို့ပို့ပြီးကတည်းက ငါက အိမ်မှာပဲဥစ္စာ"

"အေး...နင်က ဇနီးမယားအလိမ္မာလေးလုပ်နေချိန်





နင့်လူကတော့ ( )ကလပ်မှာပေါ့၊ တကယ့်ဖောက်ပြန်ရေးဇာတ် ခင်းနေမလားမသိဘူး၊ ဘရဏီဆိုတဲ့မိန်းမနဲ့"

"ဘာ...မိမျိုး၊ ဘယ်မှာ"

"( )ကလပ်မှာလေ၊ ( )တာဝါအပေါ်ဆုံးထပ်မှာ၊ မပြောမပြောချင်ဘူး နင်တစ်ခုခုကို ပြတ်ပြတ်သားသားဆုံးဖြတ် တော့ ပန်းယွန်း၊ နှစ်ယောက်တည်း တွဲတက်သွားတာ ငါရော ပပပါမြင်တယ်"

ပြောပြီးမှ ပန်းယွန်းကို စိတ်ပူရကောင်းမှန်းသိသွားသည်။

"ဟဲ့...နင်လိုက်တော့မသွားနဲ့နော်၊ တစ်ယောက်တည်း နဲ့"

အမောတကောတားပေမဲ့ ပန်းယွန်းက ဖုန်းပြောပြီးတာနှင့် ထွက်ခဲ့သည်။ လမ်းထိပ်ရောက်မှ တက္ကစီတစ်စီးဖမ်းတားပြီး မိမျိုး တို့ပြောသော ကလပ်ဆီ မောင်းနိုင်းလိုက်သည်။ တကယ်ဆို အသွားက ဒီအိမ်ရောက်ကတည်းက သူမကားကိုသုံးဖို့ ပြောပြီးသား ဖြစ်သည်။

"မြေးမောင်းနေကျကားတစ်စီး ယူသွားလေ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ယောက်ျားကို အကြိုအပို့လုပ်လို့လည်းရတယ်၊ အသွားဆို လာတော့လည်း အဆင်ပြေတာပေါ့မြေးရဲ့၊ ကားလေးရှိတော့ စိတ်သွားတိုင်းကိုယ်ပါတယ်"

အသွားကပြောခဲ့ပေမယ့် အိမ်ကမာနမင်းသားက ဥပဒေ တစ်ရပ် ပြဋ္ဌာန်းထားသည်။

"မင်းကို ငါတာဝန်ယူထားတယ်၊ ငါ့မိန်းမ၊ ငါ့ဇနီးအဖြစ် ခံယူမယ်ဆိုရင် တခြားဘယ်သူ့ရဲ့ စည်းစိမ်ချမ်းသာကို လက်ခံစရာ လုပ်စရာမလိုဘူး"

အခုမှ သချာသိခွင့်ရသည်။ ပန်းယွန်းကို ဟိုဟာဒီဟာ မယူနဲ့ဆိုပြီး ခြေတွေလက်တွေ ကြိုးနဲ့တုပ်ပြီး အိမ်ထဲပိတ်လှောင်ထား တာနှင့်တူသည်။ အသိအမြင်မရှိ၊ ဘာသတင်းမှမကြားရဘဲ ကြာရှ တောင် ကိုယ့်မှာ အထူးတလည် လှုပ်ရှားခွင့်မရှိတဲ့ဘဝ။ ပန်းယွန်းက မာကျူရီမီးရောင်အောက်မှာ တရိပ်ရိပ်ပြေးနေသောကားတွေကို ပြတင်းပေါက်မှငေးရင်း အသံမထွက်ဘဲ နှုတ်ခမ်းတို့ကိုမဲ့ပစ်သည်။

"ပေးသလောက် ပြန်မရတဲ့အချစ်တွေထဲမှ ပန်းယွန်းမနစ် မြုပ်ချင်တော့ဘူး ကိုကို၊ အဲဒါ ယုံ"





တိုးတိုးရေရွတ်ရင်း ကားရပ်ပေးသောတာဝါကြီးဆီ ပြေးဝင်လာခဲ့သည်။ မြန်မာနိုင်ငံမှာ ကလပ်တွေပေါ်ထွန်းလာတာ သိပေမဲ့ ထိုနေရာအထိ ရောက်ဖူးအောင်တော့ ပန်းယွန်း ခေတ်မလွန် ခဲ့ပါ။ ပန်းယွန်းက ငြိမ့်ခနဲတက်သွားသော ဓာတ်လှေကားထဲမှာ လက်ပိုက်စွာ ငြိမ်သက်စွာပါသွားပေမဲ့ ရင်ထဲခုန်လှုပ်နေသော ရင်ခုန် သံက စိုးရိမ်ခြင်းလား။ ကြောက်ရွံ့ခြင်းလား ဝေခွဲမရ။ တစ်ခါ တစ်ခါတော့ တွေးမိသား။ ကိုကိုလိုချင်သော နှလုံးသားကို လက်နက်ချခိုင်းရလျှင် ကောင်းမည်လား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ပြန်ကြရအောင် ဘရဏီ"

"အာ…လုပ်ပြီကွာ တိုင်းကလည်း ဒီမှာအရှိန်ယူပြီး ကမလို့ကို"

"အိမ်ပြန်ချိန်နောက်ကျနေပြီ"

"အဟွန်း…နောက်ကျတော့ရော ဘာဖြစ်လဲ"

မေးသောမျက်နှာက မော့လာတော့ ရီဝေဝေအကြည့်တွေက မှုမမှန်တော့။ တိုင်းက နာရီကိုမြှောက်ကြည့်သည်။

"ကိုးနာရီထိုးနေပြီ…ကိုဝဏ္ဏတို့နဲ့ ချိန်းထားတယ်ဆို"

"အဟက်…ဟက် ကြည့်စမ်း တို့ပြောတဲ့စကားကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်ယုံတယ်"

"ဒါဆို ဘယ်သူမှ ချိန်းမထားဘူးပေါ့"

"အဟွန်း…တိုင်းကိုပါလာအောင် ခေါ်တဲ့နည်းက ဒီတစ်နည်းပဲရှိတာကို၊ ဆောရီးကွာ တို့လိမ်ခဲ့တာ တိုင်းအတွက်လည်း ပါတယ်သိလား"

"ဘရဏီ"

"ဟင့်အင်း…မတားနဲ့၊ တိုင်းမှာလည်း မွန်းကြပ်မှုတွေ ရှိတယ်ဆို ထားခဲ့တော့၊ အဲဒီမွန်းကြပ်မှုတွေကို ဒီမှာကရင်းနဲ့ အကုန်ထားခဲ့"

ခုံမှထရပ်တော့ ယိမ်းယိုင်သွားသော ဘရဏီခန္ဓာကိုယ်အား သူကထိန်းပေးသည်။

"ထိုင်နေစမ်းပါကွာ…မင်းအိမ်ကို ဖုန်းဆက်ပေးမယ်၊ ငါပြန်မှဖြစ်မှာ"

"ဟင့်အင်း…မပြန်ရဘူး တိုင်း၊ မပြန်ရဘူး"

ပြောရင်း ဖက်တွယ်လာသော ဘရဏီကြောင့် တိုင်းက ကျစ်ခနဲစုပ်သတ်ရင်း စိတ်ပျက်စွာ ဆံပင်တွေထိုးဖွရင်း ကနေသည့်





လူတွေကြား လှမ်းကြည့်သည်။

"ဟင်"

တိုင်းကိုယ်ကြီး မတ်ခနဲဖြစ်သွားသည်။ ကခုန်ပေါက်နေသည့် လူအုပ်ကြီးကြားထဲမှ သူတွေ့လိုက်ရသည့် အစိမ်းရင့်ရောင် အရိပ်လေးတစ်ရိပ်။

"ယန်းယွန်းလွှာ"

တိုင်း ဆတ်ခနဲထရပ်သည်။ ဘရဏီက သူ့နောက်ပါး၌ ဘယ်လိုဖြစ်ကျန်ခဲ့ပြီလဲ တိုင်းမသိတော့။ ခြေလှမ်းကျဲကြီးများနှင့် လူအုပ်ကြားတိုးဝင်ရင်း ယန်းယွန်းလွှာဆီ သူသွားသည်။ ယန်းယွန်းလွှာက မျက်ရည်အိုင်သောမျက်ဝန်းများနှင့် သူ့ကိုတည့်တည့်ကြည့်ရင်း ဆတ်ခနဲကျောခိုင်းတော့ တိုင်းရင်ထဲက ဒေါသက အတိုင်းအဆမဲ့ ပေါက်ကွဲသွားသည်။

"ယန်းယွန်းလွှာ"

"အ"

နောက်ကဆောင့်ဆွဲသော အရှိန်ကြောင့် ယန်းယွန်း ယိုင်ခနဲဖြစ်သွားကာ လက်မောင်းရင်းက နာကျင်မှုကြောင့် နှုတ်ဖျားက



www.burmeseclassic.com

www.burmeseclassic.com



ငြိုးငြူသံသဲ့သဲ့လေး ထွက်သွားပေမဲ့ မျက်နှာထက်က ကောက်ကြောင်းတွေ လျော့ပါးမသွားခဲ့။

"မင်း …ဒီကိုဘာလာလုပ်တာလဲ"

တိုင်းက လက်မောင်းရင်းကို မလွှတ်ဘဲမေးသည်။ ပန်းယွန်းကလည်း နာနာကြည်းကြည်းပြန်ကြည့်သည်။

"ရှင်တို့အကြည်ဆိုက်နေတာကို လာဖမ်းတာ"

"ဘာ…ဘာပြောတယ်"

"နားမကောင်းလို့လား၊ ကြားရတာ အရသာရှိနေလို့လား မှန်တိုင်း၊ အဟွန်း…ရှင်က အရသာရှိလို့ နားဆင်ချင်ပါတယ်ဆိုတောင် ကျွန်မက ထပ်ပြောရမှာရှက်လို့၊ ရှင်…လွှတ်"

ပန်းယွန်းက သူအဆိုက်မိသွားခြင်းကို အခွင့်ကောင်းယူပြီး အတင်းရုန်းထွက်ကာ သူ့ရင်ဘတ်ကိုပါ တွန်းပစ်ခဲ့သည်။ ရုတ်တရက်မို့ တိုင်းက နောက်လန်ထွက်ကျန်ရစ်ခဲ့တာကြောင့် ပန်းယွန်းကို သူမမီလိုက်။ ပန်းယွန်းက ပြိုင်တူထိန်းမရအောင် ကျနေသော မျက်ရည်တွေကို လက်ဖမိုးတွေနှင့် ပွတ်ဆွဲသုတ်ရင်း အခန်းဝသို့အရောက် ရုတ်တရက် အဝမှပိတ်ရပ်ထားသော လူရိပ်





တွေကြောင့် မော့ကြည့်မိတော့ ချဉ်ရူးရူးရနံ့က သူမနှာခေါင်းထဲတိုးဝင်လာသည်။ ခေတ်လွန်အဝတ်အစားတွေနှင့် ရှယ်တူကောင်လေးက သုံးယောက်။

"အဟား…တစ်ယောက်တည်း သင်းကွဲလာတဲ့ နတ်မိမယ်လေးပါလားဟေ့"

"ဟေ့…ဟေ့ ဒါ အားငယ်လို့ငိုနေတာလား အားမငယ်နဲ့၊ လာ ကိုယ်တို့တွေ အဖော်လုပ်ပေးမယ်"

ပြောရင်း မေးဖျားကိုဆွဲပင့်သော လက်တစ်ဖက်အား ပန်းယွန်းက ပုတ်ထုတ်ပစ်သည်။

"ဖယ်စမ်း"

ခပ်ဆတ်ဆတ်အော်သည်။ တစ်ယောက်က ပုလင်းထဲမှ နီကျင့်ကျင့်အရည်တွေကို ဒီတိုင်းမော့ချပြီးကာမှ မျက်တောင်ဖျားတွေ မှေးစင်းသည်။

"ဟေ့ကောင်တွေ ဒါ ပန်းဘုရင်မအလှမယ် မဟုတ်လား"

"ဟာ…ဟုတ်တယ်ကွ၊ ဒါကြောင့် တူပါတယ်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ လုပ်ပါဦး နှုတ်ခမ်းလေးကို ဒီလို”

မျက်နှာနားကပ်ကာ စူထွက်ပြလာသော နှုတ်ခမ်းကြောင့် ဖန်းယွန်းမှာ ခေါသနှင့် ရှိန်းခနဲဖြစ်သွားသည်။

“ကဲ…ငါ့ကိုလုပ်နိုင်းဦး”

ဖောင်းခနဲအသံရဲ့နောက်မှာ ရှေ့ကတစ်ယောက်က မျက်နှာလည်ထွက်သွားသည်။ ဖန်းယွန်းလက်ဖဝါးရဲ့ ပူထူကျိန်းစပ်သွားသည်။

“ဟ…နင်က လက်သွက်လှချည်လား၊ နင့်ထက်ပိုသွက်ကြောင်း ငါတို့က သက်သေပြရတာပေါ့”

“အို…လွှတ်…လွှတ်စမ်း၊ နင်တို့”

ရှန်းရင်းကန်ရင်းပင် ဖန်းယွန်းက သူတို့ဆွဲခေါ်ရာ မှောင်ရိပ်ဆီ ပါတော့မည့်ဆဲဆဲ…

“ဟော့ကောင်”

ခေါ်သံနှင့်အတူ ခွပ်ခနဲအသံဖြင့် လှည့်ကြည့်သူရဲ့ မျက်နှာက သွေးတွေရဲခနဲဖြာထွက်သွားသည်။

“ကိုကို”





“လာခဲ့ ဒီကို”

အားပါသောဆွဲခေါ်မှုကြောင့် ဖန်းယွန်းက သူ့အနောက် ရောက်သွားချိန်တွင် ရှေ့ကဝင်လာသော လက်ဖြောင့်လက်သီးကို ဖမ်းဆွဲပြီး လွှတ်လွှတ်ကျွတ်ကျွတ်ရှိသော ရင်ဘတ်ဆီ ဒူးနှင့်ပစ်တိုက်သည်။ ထိုအခိုက်…

“ကိုကို နောက်မှာ”

ဖန်းယွန်းကအော်ရင်း ကိုကို့နောက်ဆီ အပြေးသွားမိတာက ပုလင်းကိုင်၍ ရိုက်ရန်ပြေးလာသူမှ ကာကွယ်ရန်ဖြစ်သည်။

“ယော့…မင်း ဒါဘာလုပ်တာလဲ”

ရုတ်တရက် နောက်လှည့်လာတဲ့ ကိုကိုက ဖန်းယွန်းပခုံးကို ကိုင်ပြီး ဖျတ်ခနဲဆွဲလှည့်လိုက်သည်။

“ခွပ်”

အသံနှင့်အတူ ဖန်ကွဲစတွေ ဖွာခနဲလွင့်ထွက်သွားသည်။ နောက်…

“ကိုကို ထိသွားပြီ”

ဖန်းယွန်းက အော်ပေမဲ့ အသံမထွက်ခဲ့။ ဖန်းယွန်းရင်ခွင်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သော ရှုံးသွပ်ခဲ့ရသော မျက်တောင်ဖျားတွေနှင့် ပန်းယွန်းကြောင့် ဒဏ်ရာရခဲ့သည့် နှာထင်သားနားက အမာရွတ်လေးအား ငေးကြည့်ဖြစ်သွား၏။

ပန်းယွန်းကြောင့် ကိုကို့မှာ ဒဏ်ရာတစ်ခု ထပ်တိုးသွားသည်။

◆ ◆ ◆



## အခန်း (၃၆)

“စိတ်ပူစရာမရှိပါဘူး…အတိတ်လည်း မမေ့နိုင်ဘူး၊ သွေးထွက်လည်းမလွန်ဘူး၊ အပေါ်ယံအရေပြားလေး ကွဲသွားရုံလောက်ပါ၊ ခဏနေရင် သတိရလာမှာ”

ဆရာဝန်က သည်းသည်းလှုပ် ပူပင်နေသော ပန်းယွန်းအား ခပ်ပြုံးပြုံးနှင့် စနောက်သွားပေမဲ့ ကိုကိုက အခုထိ လှုပ်ရှားမလာသေး။ ပန်းယွန်းက ပတ်တီးဖြူဖြူဖွေးဖွေးနှင့် မျက်ဝန်းတို့မှိတ်ထားသောအခါ မျက်တောင်ဖျားတွေကို ပိုထင်ထင်ရှားရှားတွေ့ရသည်။ ပန်းယွန်းက ထိုမျက်တောင်ဖျားတွေကို အပေါ်မှ စိုးမိုးကြည့်သည်။

“အခုထိ သတိလည်းမရသေးဘူး၊ ပန်းယွန်း စိုးရိမ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရဲ့၊ သတိရလာရင်ရော ပန်းယွန်းကို မှတ်မိပါတော့မလား လို့၊ ပန်းယွန်းက ကိုကို မချစ်ခဲ့ဘူးထင်လို့"

တိုးဖွဖွပြောရင်း ပန်းယွန်းက ကိုဝဏ္ဏပြောသောစကား တွေ ပြန်ကြားယောင်လာ၏။ ဆေးရုံပေါ်ရောက်မှ အားကိုးအား ထားရာလူမရှိ၍ ကိုဝဏ္ဏကို လှမ်းခေါ်ရခြင်းဖြစ်သည်။ ကိုဝဏ္ဏ ကလည်း ဆရာဝန်အတိုင်းပင် ပန်းယွန်း ပူပင်နေတာကိုကြည့်သည်။

"မပူပါနဲ့ ပန်းယွန်းလွာ၊ ဒီကောင်ကြီး မသေနိုင်ပါဘူး သူက ညည်းကိုပေးဖို့ တိုက်ခန်းတောင်ဝယ်ထားပြီးပြီဆိုတော့ အဲဒါ မပေးရမချင်း ဒီကောင်သေဖို့တောင် စိတ်ဖြောင့်မှာမဟုတ်ဘူး"

ပန်းယွန်းက ပတ်တီးဖြူဖြူပေါ်ကျနေသည့် ကိုကို့ဆံပင်တွေ ကို သပ်တင်ပေးသည်။

"ပန်းယွန်းအထင်မှားတာ တောင်းပန်ပါတယ်နော် ကိုကို ပန်းယွန်းက ကိုကို့ကို သိပ်ချစ်တော့"

သူမက ဘယ်သူမှမရှိသော အခန်းလေးထဲမှ ကိုကို့မျက် တောင်စပ်တွေကို ဖျတ်ခနဲ ငုံ့နမ်းပြီး ကိုယ်ကိုပြန်ကြွတော့ လူက ခါးမတ်လို့မရဘဲ ပန်းယွန်းခါးကို နောက်မှသိုင်းဖက်ထားသော





လက်တစ်ဖက်နှင့် ရယ်မြူးရိပ်သမ်းသော မျက်ဝန်းများဖြင့် မှန်တိုင်း ကို ကြည့်သည်။

"ကိုကို"

ပန်းယွန်းက အလန့်တကြားခေါ်တော့ အစဉ်သဖြင့် တွန့်ကုပ်နေသော မျက်ခုံးတွေက ပြေလျော့ခြင်းသို့ ရောက်သွား၏။

"စောစောက ဘာပြောလိုက်တယ်"

"ဘာမှမဟုတ်ပါဘူး၊ လွှတ်…လူကို"

ပန်းယွန်းက ကိုယ်ကိုတွန့်လိမ်ပြီး အတင်းရုန်းသည်။ သူက တင်းတင်းဖက်ထားသော ပန်းယွန်းမျက်နှာက သူ့မျက်နှာနားမှာ ထိကပ်သွား၏။

"ဘာလို့…ကိုယ့်ကိုယ်မှာ ဝင့်ခဲ့ရတာလဲ"

"အံမယ်…ကိုကိုကရော ပန်းယွန်းကိုထိမှာကို ဘာလို့ ဖယ်ပစ်ရတာလဲ"

ပြုံးနေသော ပန်းယွန်းမျက်နှာကို သူက စေ့စေ့လေးစိုက် ကြည့်သည်။ မျက်လုံးက သိပ်အလှကြီးမဟုတ်ဘဲ မျက်တောင် များလေးတွေ ရှည်လျားကော့ညွှတ်နေပုံက ခပ်ကျဲကျဲ မှောင်လက်



www.burmeseclassic.com

www.burmeseclassic.com



လက်လေး။ နှုတ်ပေါ်သည်။ လေးထောင့်ဆန်ချင်သည့်မျက်နှာမှာ နှုတ်ခမ်းလေးတွေက တစ်ခုခုပြောတိုင်း လုံးနေအောင်ချွန်နေသည့် နီထွေးစုမြန်းသော နှုတ်ခမ်းတွေအား မချင့်မရဲဖြစ်ကာ လက်ညှိုးနှင့် ဖွဖွထိတို့သည်။

"မင်းကို အထိခိုက်မခံနိုင်လို့ပေါ့၊ မင်းကိုယ်ပေါ်မှာ ဒဏ်ရာမထင်စေချင်လို့၊ ဒဏ်ရာမပြောနဲ့ အကြည့်တောင် မခံချင်တဲ့ အထိ ကိုယ့်စိတ်ထဲမှာ သဝန်တိုစိတ်တွေ လှိုင်းထနေတာ ဘာကြောင့်လဲ သိလား"

"မသိဘူး"

"မသိရင်ပြောပြမယ် နားထောင်"

ဟုဆိုရင်း ဖျတ်ခနဲ ကျုံးထကာ သူမနှုတ်ခမ်းဖျားတွေဆီ အနွေးဓာတ်တစ်ခု ဖြတ်ဆင်းသွားသည်။

"မင်း…ကို…ချစ်တယ်"

ယန်းယွန်းသည် တစ်သက်မှတစ်ခါ အတောင့်တဆုံးကြားရသော ထိုစကားကြောင့် ကြည်နူးစွာ မျက်ဝန်းကိုမှေးမှိတ်ရင်း ကိုကို့ အနမ်းတွေကြား ဒူးထောက်ကြည်ဖြူပေးရန် ဆုံးဖြတ်လိုက်၏။





"ယန်းယွန်းအတွက်တော့ ကိုကို့အချစ်နဲ့အတူ ဒီမျက်တောင်ဖျားတွေမှာ တစ်မေ့အိပ်ခွင့်"

"တစ်မေ့မဟုတ်ဘူး…တစ်သက်လုံးအိပ်"

"အို…ကိုကို ဒဏ်ရာကြီးနဲ့"

"ဒဏ်ရာက အချစ်အနမ်းနဲ့တွေ့ရင် ပျောက်သွားမှာ၊ မရဘူး၊ ကိုယ်ချစ်သူလေးကို အနမ်းနဲ့ချော့သိပ်ရမဲ့တာဝန် ရှိသေးတယ်"

အခန်းထဲက ရယ်သံ နိုးနိုးခစ်ခစ်ကြောင့် တံခါးဝ၌ ခေါင်းပြူလာသော ပပနှင့်မိမျိုးက ချက်ချင်း အခန်းအပြင် ပြန်ထွက်ရင်း ပြုးသဲ့သဲ့နှင့် အော်သည်။

"အိပ်မဲ့သူနဲ့"

"သိပ်မဲ့သူနဲ့ ပပရေ"

"ဟော့…မိမျိုး"

"ငါတို့ကို ဖုန်းဆက်ခေါ်တဲ့မိန်းမ အခုတော့ မေ့လောက်ပြီဟဲ့"

"ထားလိုက်…သူ့အရှိန်နဲ့သူ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက်ပြောပြီး ခြေလှမ်းသွက်သွက်နှင့် ချစ်သူနှစ်ယောက်၏ အခန်းနားက ခွာခဲ့တာတောင် ရယ်သံတွေ ချစ်ခြင်းမြတ်နိုးခြင်းအတိပြင့် ကြည်နူးရွှင်ပျပွာ သူတို့သွားရာနောက် လေပြည်ညင်းနှင့်အတူ လိုက်ပါလာနေဆဲဖြစ်သည်။

ရွှေအသူလီ



www.burmeseclassic.com